# မြစ်ရေစီးသံ

## တန်းတူညီမျှခြင်းစာစဉ်

အတွဲ (၁)၊ အမှတ် (၃)



ထုတ်ဝေသူ
***Women Warriors Myanmar***

စာတည်းမှူး
**မဘီး**

မျက်နှာဖုံးပန်းချီ
**Operation._.kino**

အတွင်းသရုပ်ဖော်ပန်းချီ
***Floweroverdose***
**သမီးကြီး**

ဓာတ်ပုံ
***Ko Bphone***
***May***

အတွင်းအပြင်ဒီဇိုင်း
***AINT***

စာပြင်
**နွယ်နီ**

၂၀၂၄ခုနှစ်၊ ဇူလိုင်လ၊ (၃၁)ရက်နေ့တွင် ထုတ်ဝေသည်။ ဆက်သွယ်ရန် - myityeseethan@gmail.com

# မာတိကာ


**စာတည်းစာမျက်နှာ** (၅)
မဘီး

**ဖွင့်ဟကဗျာ**

ဝါဂွမ်းအမည်းမလေး (၆)
မောင်ဖြိုးဝေ
စမှတ် (၈)
အဖြူ(ခေတ္တဝေဘာဂီ)
အဖြူရောင်မျက်နှာကျက် (၉)
ချီရှန်
နှလုံးသားရောင်စဥ် (၁၁)
ရှင်းသန့်

**စိတ်ကူးရောင်စုံရုပ်ပြ/ပန်းချီ**

မိခင်တစ်ယောက်၏နေ့စဥ်ဘဝ-ဒိုင်ယာရီ (၂၉)
နန့်ပွင့်လဲ့ဖူး
Seen & Unseen Story of Women (၁၈)
Claria
ဖြတ်သန်းခဲ့၊ ဖြတ်သန်းဆဲ၊ ဖြတ်သန်းရမယ့် (၁၈)
ဒိုရီအောင်
လွပ်လပ်ခြင်း(Freedom) (၁၃)
Rio
Lesbian Rights are Women Rights (၂၆)
ယာရာ

**အက်ဆေး**

ပျံသာပျံပါ ငှက်ကလေး (၃၃)
ဟာမိုင်နီ
စစ်တပ်အတွင်းအမျိုးသမီးများကို ဖိနှိပ်ထားသော အသုံးအနှုန်းများ (၂၇)
မိုင်

**ဂန္တဝင်အင်တာဗျူး**

လောကဓံများကိုရင်ဆိုင်ဆဲ စီဒီအမ်သူရဲကောင်းမေမေ (၁၄)
မိုင်
စစ်ကြောရေးငရဲခန်းမှရှင်သန်လွတ်မြောက်လာသူ (၅၃)
နွေ
မျိုးဆက်မတူသူများအကြား ကွာဟမှုကို ကုစားခြင်း (၁၉)
နွေ

**အတွေးအမြင်ဆောင်းပါးများ**

အီကိုဖီမနစ်ဇင်ရှုထောင့်မှအမျိုးသမီးတို့၏ကမ္ဘာကြီးအပေါ်လွှမ်းမိုးမှုစွမ်းအား (၃၀)
Rowan
ဖန်သားပြင် (၄၉)
နွေးယုလှိုင်
ချစ်တာလား? Red Flagလား? (၂၃)
ရန်ဒီ
ကာကွယ်သူလား? အကာအကွယ်ခံလား? (၄၃)
မဘီး
စစ်အာဏာသိမ်းမှုအောက်မှနှစ်ဆဖြစ်သော အကြပ်အတည်း (၆၀)
မေ
မိုးကုတ်စက်ဝိုင်းကြီးပေါ်က (၂၅)
စောဟန်နွေဦး
သဘာဝစွမ်းအားထဲကလူသားဆန်အလှတရား (၃၇)
ဗီဗီ

**ဖြစ်ရပ်မှန်ဝတ္ထု**

အကြမ်းဖက်မှုမှ လွတ်မြောက်ခြင်း (၄၀)
အန်ဒရီယာ
တော်လှန်သူအမျိုးသမီးတစ်ဦး၏ခရီးကြမ်း (၆၄)
အိပိုင်

# စာတည်းစာမျက်နှာ

မြစ်ရေစီးသံ၊ တန်းတူညီမျှခြင်းစာစဥ်သည် တစ်ကြိမ်ထက်တစ်ကြိမ် စာမူပေးပို့သူများ များပြားလာသကဲ့သို့ စာမူအမျိုးအစားများ၊ အကြောင်းအရာများပိုမိုစုံလင်လာသည်ကို တွေ့ရှိရပါသည်။ ကျားမတန်းတူညီမျှခြင်းဆိုင်ရာ အသိပညာများနှင့် အတွေးအမြင်များကို ဖြန့်ဝေရန်ရည်ရွယ်ချက်ဖြင့်  ကိုယ်တိုင်အစပြုစိုက်ပျိုးခဲ့သော ဥယျာဥ်ကလေးမှာ အသီးအပွင့်များ ဝေဆာလာကြသည်ကို ကြည့်ပြီး ပီတိဖြာဝေရသလို ပေးပို့လာသောစာမူများထဲမှ အမျိုးသမီးများ၏ ရင်နာဖွယ်ရာ ဖြစ်ရပ်မှန်အတွေ့အကြုံများကို မျက်မြင်ဖတ်ရှုရခြင်းမှာလဲ စိတ်ဝမ်းနည်းညှိုးငယ်စရာ ကောင်းလှပါသည်။ ဤစာစဥ် အတွဲ(၁)၊ အမှတ်စဥ်(၃)ကို တည်းဖြတ်ရာတွင် အချိန်ယူပြီး စာမူများကိုဖတ်ရှုလိုက်၊ ငိုလိုက်၊ စိတ်ဓာတ်ကျလိုက်၊ ပြန်အားတက်လိုက်ဖြင့် ဖတ်ရှု တည်းဖြတ်ခဲ့ရကြောင်း ဝန်ခံချင်ပါသည်။

သို့သော် ထိုသို့ ဖိနှိပ်ခံရမှုများ၊ အကြမ်းဖက်ခံရမှုများအား အမှန်အတိုင်းပြန်လည်ဖွင့်ဟရေးသားနိုင်သော ရှင်သန်လွတ်မြောက်သူအမျိုးသမီးများ၏ သတ္တိခွန်အားနှင့် ကြံ့ကြံ့ခံနိုင်ရည်စွမ်းအားကို ချီးမွမ်းထောမနာပြုချင်ပါသည်။ မိမိတို့၏ ဒဏ်ရာအနာတရများကို ကိုယ်တိုင်ပြန်လည်ထုတ်ဖော်တူးဆွရသည့် အလုပ်သည်မည်မျှ စိတ်ထိခိုက်ပင်ပန်းကြောင်း ဤကာလတွင် ကျမတို့အတော်များများ နားလည်နိုင်မည် ထင်ပါသည်။ သူမတို့၏ ရဲစွမ်းသတ္တိကြောင့်သာလျှင် ကျမအပါအဝင်စာဖတ်သူများက ဖြစ်ရပ်မှန်အခွင့်အရေးချိုးဖောက်ကျူးလွန်မှုများကို သိမြင်ရခြင်းဖြစ်ပါသည်။

မည်သို့ပင်ဆိုစေကာမူ ဤစာစဥ်ရှိ စာမျက်နှာများသည် အမျိုးသမီးတို့၏ ဖိနှိပ်ခံရမှု၊ အခွင့်အရေးချိုးဖောက်ခံရမှု၊ ကြံ့ကြံ့ခံမှု၊ ရဲစွမ်းသတ္တိ၊ ခွန်အား၊ အောင်မြင်မှုများနှင့် စစ်မှန်သောအသံများကို မှတ်တမ်းတင်ထားသော သမိုင်းစာမျက်နှာများဖြစ်ပါသည်။ သူမတို့၏ ဇာတ်လမ်းများနှင့်အသံများသည် မည်သို့ပင် အတက်အကျများရှိနေသည်ဆိုကာမူ ကျမတို့ ဤစာစဥ်ကို ထုတ်လုပ်ရခြင်း၏ ရည်ရွယ်ချက်သည်ပင်လျှင် ထိုဖိနှိပ်မှုများ၊ အခွင့်အရေးချိုးဖောက်မှုများကို ပြောင်းလဲတော်လှန်နိုင်ရန် ဖြစ်သောကြောင့် သူမတို့၏အသံများကို အရှိအတိုင်းတင်ဆက်လိုက်ရပါသည်။

မှတ်ချက်။ ။အချို့သော စာမျက်နှာများနှင့် ခေါင်းစဥ်များတွင် လိင်အကြမ်းဖက်မှုများ၊ အခွင့်အရေးချိုးဖောက်ခံရမှုများ၊ လူသားမဆန်သောအကြောင်းအရာများ၊ ကြမ်းတမ်းသော စကားလုံးများနှင့် အကြမ်းဖက်မှုများ ဝင်နေသောကြောင့် စိတ်ဒဏ်ရာရှိသူများနှင့် စိတ်ခံစားမှု နုနယ်သူများ သတိထားနိုင်ရန် သတိပေးချက်များပါရှိပါသည်။
စာမူများ၏အစတွင် ⚠️ ဤစိတ်ပိုင်းဆိုင်ရာသတိပေးချက်အမှတ်အသားကို သတိပြုဖတ်ရှုပေးပါရန်။

စာတည်းမှူး
မဘီး



# ဝါဂွမ်းအမည်းမလေး

ဖြူဖြူဖွေးဖွေး ဝါဂွမ်းတွေ။
မေးပါရစေ။ စကားတွေ။
အတိုင်နဲ့အဖောက် သီချင်းတွေ သံပြိုင်။
ဟော့ . . . ပတ်ဆီ နင်ဟာ ဝါဂွမ်းအမည်းမလေးပဲ။
ဟော့. . . ပတ်ဆီ နင့်ပွင့်ဖက်တွေ ဖွံ့အာလွန်းတယ်။
ပျော်စရာဆိုတာ နေ့စဉ် ဆပ်ပြာတိုက်ခွင့်ရတာပဲ ပတ်ဆီ။
ဒီတစ်ခါဆို နာကျင်မှုတွေလား
နင့် သာယာမှုတွေရမလား။

ဟေ့ . . . ပတ်ဆီ ဝါဂွမ်းအမည်းမလေး
နင့်လက်တွေက သန်မာလွန်းတယ်။
ဟေ့ . . . ပတ်ဆီ နင့်ကိုယ်ခန္ဓာက နောက်ကျိတဲ့ မြစ်ပဲ။
နေရောင်တစ်ပေါက်စာတောင်
ပြတင်းတံခါးတွေ ဖွင့်မထားမိစေနဲ့။

ဟေ့ . . . ပတ်စီ နင့်ရဲ့ဝတ်ရုံကို တလွှာခြင်း ချွတ်မနေနဲ့။
သက်ဦးဆံပိုင် ပတ်ဆီ။
နင်ဟာ နူးညံ့လွန်းတဲ့ ဝါဂွမ်းအမည်းမလေးပါ။
သဘာဝတရားရဲ့ ဖြည်းဖြည်းခြင်းပြောင်းလဲမှုကို
နင်တွေ့ကြုံခဲ့ရမှာပဲ ပတ်ဆီ။
ဖြည်းဖြည်းလေး အထိအတွေ့တော့ နင်ရှိခဲ့လား ပတ်ဆီ။

ဟေ့ . . . ပတ်ဆီ နင့် ကျောပေါ်က သွေးသံရဲရဲ အသားတစ်တွေ။
ဟေ့ . . . ပတ်ဆီ နင်ဖွက်ထားလို့မရတဲ့ အသွေးအသားနဲ့ ဆိုင်ရာတွေ။
လည်ပင်းကို အိပ်မက်တွေ စွပ်ပြီး ပြစ်ဒဏ်။
နာကျင်မှုဟာ နေ့နဲ့ညပေါ့ ပတ်ဆီ။
နင့် . . . ပွင့်ဖက်အမည်းတွေ ပေါက်ပြဲ ပတ်ဆီ။
ဟေ့ . . . ပတ်ဆီ နင်ဘာလို့ သေချင်ခဲ့သလဲ။
ဟေ့ . . . ပတ်ဆီ သံပြိုင်သီချင်းတွေရော ဘာလို့ဆိုခဲ့သေးတာလဲ။
နင် မငိုနိုင်တော့ဘူးမလားလေ။
ကျုမမှာ အိပ်မက်တစ်ခုရှိတယ်
နင်မပြောခဲ့ဘူးမလား ပတ်ဆီ။
ဟေ့ . . . ပတ်ဆီဝါဂွမ်းအမည်းမလေးရေ . . . ။

မောင်ဖြိုးဝေ 28.8.2015 (12 years a slave)




# “စမှတ်”

ဒီ ၆ ပေ ၁၂ ပေ အခန်းလေးက
ငါတို့ safe house
ငါတို့ရဲ့ အဆောင်
ငါတို့သီချင်းအော်ဆိုရာ studio
ငါတို့စာကြည့်ခန်း
ငါတို့ရဲ့နှစ်သိမ့်ဆွေးနွေးခန်း

၂ ပေပတ်လည် ဒီအိမ်သာလေးက
ငါတို့အပေါ့အလေးသွားရာ
ငါတို့ရဲ့ ဘေစင်
ငါတို့ခေါင်းလျှော်ရာနေရာ
ငါတို့အဝတ်လျှော်ခန်း
ငါတို့မုန်းတဲ့ အနံ့အသက်တို့
အချိန်ပြည့်ထွက်ရာ

အစိမ်းနုရောင်နဲ့ နက်ပြာရောင်သုတ်ထားတဲ့ ပတ်လည်ကနံရံ
အိပ်နေတုန်း ခြေထောက်အောက်ကပြေးသွားတဲ့ကြွက်တွေ
အိပ်ယာပေါ်က ဂျပိုးတို့မျိုးဆက်
ပိုးဟပ်နဲ့အိမ်မြှောင်တို့ရဲ့ ရန်ပွဲ

သံဇကာလေးထောင့်ကွက်ထဲ အလွယ်တကူဝင်တဲ့ ငါ့လက်သေးသေးက
မချုပ်ဆောင်နဲ့ ကျားချုပ်ဆောင်တို့ရဲ့ အစားအသောက်ဖလှယ်ရာ
တခါတစ်ရံ မြှားနတ်မောင်
တခါတစ်ရံ ဆေးပေးတဲ့ဆရာဝန်။

အချုပ်ခန်းတံခါးဖွင့်တိုင်း ဝင်လာတဲ့ အလင်းရောင်သေးသေးကိုငါတို့ချစ်ပြီး
အချုပ်တံခါးပိတ်တိုင်း ထွက်လာတဲ့ သော့ခတ်သံနဲ့ အမှောင်ထုကို ငါတို့မုန်းတယ်။

အပြင်က ကျန်ရှိတော်လှန်သူအပေါင်း ထပ်အဖမ်းမခံရဖို့ ဆုတောင်းရင်းကပဲ
အချုပ်ထဲလူသစ်ရောက်လာရင် ငါတို့ပျော်တယ်
သူ့ဆီက အပြင်သတင်းကိုငါတို့မျှော်တယ်
သတင်းထူးကြားတိုင်း လက်ဝါးချင်းရိုက်ကြတယ်။

ဒီစခန်းက ငါတို့ရဲ့ ၂ လတာ ကျိန်စာ
ဒီစခန်းကယူနီဖောင်းနဲ့ကောင်တွေက ငါတို့ရဲ့ ကျိန်ဆဲခံ
ငါတို့ကံဆိုးရင် ဒီစခန်းမှာပဲ ထပ်ဆုံကြရမှာဖြစ်ပြီး
သူတို့ကံဆိုးရင် ဒီစခန်းကို ငါတို့အဆုံးစီရင်မယ်။

အဖြူ (ခေတ္တဝေဘာဂီ)




# အဖြူရောင်မျက်နှာကျက်

ချောက်ကနဲအသံတခုကြောင့် မျက်လုံးကိုဖွင့်မိမလိုဖြစ်ပြီးမှ
အသာဆက်မှိန်းရင်း အကြားအာရုံက အဲဒီအသံလာရာဆီ အသည်းအသန်ပြေးသွားတယ်
ဘယ်ကလာမှန်းမသိပါဘူး
မောင်းချဓားများလား... တံခါးဂျက်ကို ဆွဲချလိုက်သံလား...
တခုခုတော့လာနေပါပြီ ငါ့ကိုတွေ့သွားလို့မဖြစ်ဘူး
ငါ့ကိုတွေ့ရင်ဘာလုပ်မှာလဲ ငါ့ဗိုက်ထဲ ဓားကိုတဆုံးထိထိုးသွင်းလိုက်ပြီး
ကလီဇာတွေကို ဆွဲမွှေလိုက်မလား ဒါမှမဟုတ် ငါ့လည်ပင်းကို ဇွပ်ကနဲဆွဲလှီးလိုက်မလား
ငါမျက်ခွံတွေ တလှုပ်လှုပ်နဲ့ဖြစ်နေပါတယ်
အသံကတစ်ချက်လေးပဲကြားပြီး ပျောက်သွားတယ်
ဒါပေမဲ့ အရာတစ်ခုခုက ငါ့နားတရွေ့ရွေ့ချဉ်းကပ်လာနေပြီဆိုတာ ငါသိနေတယ်
ငါအော်လိုက်ရမလား ရင်ဘတ်တခုလုံး ဖူတ်လှိုက်ဖူတ်လှိုက်နဲ့
မသေမရှင်ကြွက်တကောင်လိုပဲ ဘာအော်မှာလဲ
ထွက်သွား ငါ့ဆီမလာနဲ့ ထွက်သွား ဆိုပြီးတော့လား...
ကယ်ကြပါဦးဆိုပြီးတော့လား
အဲဒီလိုတခုခုထအော်လိုက်ရင် အမှောင်ထဲ ငါဘယ်နေရာမှာရှိတာလဲလို့
သူချက်ခြင်းသိသွားလိမ့်မယ်
တလှုပ်လှုပ်ခုန်နေတဲ့ မျက်ခွံအောက်ကနေမျက်ရည်တွေ
ဒလဟောစိမ့်ထွက်လာတယ် ပြီးတော့ နားထင်တလျှောက် ပူကနဲဖြစ်သွားတယ်
လည်ချောင်းတွေ ချောက်ကပ်ကပ်ကြီးဖြစ်လာတယ် ထွက်သွား ထွက်သွား
မဟုတ်ဘူး ငါဒီအခန်းထဲကထွက်သွားမှရမယ် သူငါ့ကိုအခန်းထဲလှည့်ပတ်ရှာနေပြီ
တချိန်ချိန် သူငါ့ကိုတွေ့သွားတော့မယ် ငါ့ကိုတွေ့သွားလို့မဖြစ်ဘူး

ငါသူ့လက်ထဲမှာ တစ်စစီဖြစ်သွားလိမ့်မယ်
ငါဒီမှာဆက်ရှိနေရင် သူ ငါ့ဆီရောက်လာတော့မယ်
တစ်စက္ကန့်လေးတောင် ဆက်ရှိနေလို့မရတော့ဘူး
ငါ့အနားနီးလာနေပြီ မရတော့ဘူး ငါထွက်ပြေးမယ်
အပြင်မှာမှောင်နေလည်း မနက်လင်းတဲ့အထိ ငါခြေဦးတည့်ရာပြေးနေမယ်
ရှိသမျှအားတွေအကုန်လုံး ခြေထောက်တွေဆီ ပို့ထားမယ်
ဟုတ်ပြီ... တစ် နှစ် သုံး...ဝုန်းကနဲထပြေးတယ် ဟုတ်ပြီ ကဲပြေးတော့
ဟာ.. သွားပြီ ချောက်ကြီး ချောက်ကြီးပဲ ငါထင်သလို
အဲဒီအခန်းပြင်ရောက်ရင်လွတ်မြောက်ပြီဆိုတာ မဟုတ်ဘူး
ဆက်ပြေးစရာလမ်းမရှိဘူး အမှောင်ထဲကလမ်းတောင်ငါ့အတွက်မရှိဘူး အေးကနဲ ဟာကနဲ
လေဟာနယ်ကြီးတစ်ခုကငါ့ကိုသိမ်းကြုံးယူသွားပြီ
ငါ့တကိုယ်လုံးမြောက်တက်သွားပြီ အားးးး ငါကြုံးအော်လိုက်တယ်
ကမ္ဘာမြေအတွက် နောက်ဆုံးငါပြောနိုင်တဲ့စကားက အဲဒါပဲဖြစ်တော့မယ်ထင်တယ် . . .
ဘာတွေလဲ ဘာတွေလဲ ငါကအဆုံးသတ်သွားပြီမဟုတ်ဘူးလား
ဘာလို့မျက်လုံးထဲကို နံ့ရုံကြီးကဆောင့်ဝင်လာရတာလဲ
ကမ္ဘာမြေကြီးက ငါ့ကိုစားသုံးလိုက်ပြီမဟုတ်ဘူးလား
အဲဒီနံ့ရုံကြီးကို ငါမသိချင်ဘူး ကမ္ဘာကြီးကိုလည်းမသိချင်တော့ဘူး
နံ့ရုံကြီး အလယ်တည့်တည့်မှာ အဖြူရောင်အစက်လေး
အဖြူရောင်အစက်လေးက ဝါးတားတားလေးကနေ
တဖြည်းဖြည်းနဲ့ ရှင်းရှင်းထင်းထင်းကြီးဖြာထွက်လာပြန်ပြီ
ခပ်စူးစူးအရာတွေ ငါ့ဆီဝရုန်းသုန်းကား ပြေးလာနေကြပြန်ပြီ
ဘုရား ဘုရား ဘာတွေလည်း အော်... ဒါကချောက်ကြီးထဲမှာရှိတဲ့အရာတွေပေါ့လေ
ဟား ဟား ငါမကြောက်တော့ဘူးဆိုတာ ဒင်းတို့ကောင်းကောင်းသိမယ်
ငါ အဲဒီနံ့ရုံကြီးအလယ်က ခပ်စူးစူးအဖြူစက်လေးထဲကို
တကိုယ်လုံးအားနဲ့ ပြေးဝင်သွားလိုက်တော့မယ်
ဟား ဟား ငါ့တကိုယ်လုံးမနာကျင်နေတော့ဘူး
နံ့ရုံကြီးအလယ်က အဖြူရောင်အစက်လေးထဲငါနစ်ဝင်နေပြီ
ငါကိုယ်တိုင်အဖြူရောင်အစက်လေး ဖြစ်သွားလောက်အောင်ကိုနစ်ဝင်နေပြီ
ငါ အဖြူရောင်အစက်လေးဖြစ်သွားပြီ ငါ မနာကျင်တော့ဘူး ငါ မကြောက်တော့ဘူး
နံ့ရုံကြီးတစ်ခုလုံးထဲကို ငါ့ခန္ဓာကိုယ်တစ်ခုလုံးစိမ့်ဝင်နိုင်တဲ့အထိ
ငါမနာကျင်နေတော့ဘူး အားးး ငါ ကြုံးအော်ကြည့်တောင်ဘာအသံမှမထွက်လာတော့ဘူး
ဟားဟား ဒင်းတို့ဘာတတ်နိုင်ကြသေးလဲ...

#ချီရှန်




# နှလုံးသားရောင်စဉ်

ကတိပေးပါတယ်
တစ်နေ့မှာ
ကိုယ်ဟာ မင်းကို အရောင်တစ်သောင်း စုံလင်စွာ
လှပနေတဲ့ အလံတစ်ခု ဝယ်ပေးမယ်လို့
နိုက်ခ်ီဖိနပ်ကို စီးရင်း ပိတ်နေတဲ့ တံခါးတွေ
ပွင့်လာတဲ့အထိ ချီတက် လမ်းလျှောက်ကြမယ်လို့
သက်တန့်ရောင် ခြေအိတ်ကို
ဆင်တူဝတ်ဆင်ကြမယ်လို့
မျက်နှာကို ပန်းရောင်ခြယ်မယ်
အဖြူနဲ့ လိမ္မော်ရောင်တွေ ထပ်မံ ဖြည့်စွက်ပြီး
ကိုယ်တို့ တောက်ပနေကြလိမ့်မယ်လို့


အခုတော့
ခဲရောင်၊ အမည်းရောင်၊ အပြာရောင်တွေပါနေတဲ့
ပန်းပွင့်ဝေဖာသား အင်္ကျီကို ဝတ်ဆင်နေခြင်းအတွက်
ခွင့်လွှတ်ပါ
ဘာမှမပြင်ဆင်ဘဲ
ကိုယ့်ဒီပုံစံထဲမှာပဲ ဖြစ်နေတဲ့အတွက်
ခွင့်လွှတ်ပါ
ကိုယ်ဟာ ကိုယ်လို့ပဲ မင်းမြင်မယ်လို့ ယုံကြည်တာကြောင့်
ဒါတွေက အရေးမပါဘူးလို့ပဲ ငါထင်ခဲ့ပါတယ်။

သူ/သူမ တို့လို ကိုယ်အသုံးကျယ်ကျယ်
မပြောပေးနိုင်တဲ့အတွက် ဘဝင်မကျ မဖြစ်ပါနဲ့။
ကိုယ်က တိတ်တခိုး ဆုတောင်းသူ၊ ဆန္ဒပြုသူ
ဖြေးနှေးပေမယ့် ခြေလှမ်းကျဲကျဲ
တိတ်တဆိတ်
ကိုယ့်လျှောက်လဲချက်မှာတော့
ခွန်အားအပြည့် ပါနေပါတယ်
ကွဲပြားခြားနားချက်တွေကို ငြင်းပယ်ခံရမှုတွေက
ပဟေဠိ မဟုတ်တော့သလိုပေါ့
ကိုယ် တိတ်တဆိတ် ဆန္ဒပြနေတယ်
ကိုယ့်နည်းကိုယ့်ဟန်
ဒီ ငါးဆယ့်ငါးနှစ်တာ ကိစ္စကြီးကို
လူတွေသိဖို့ လိုအပ်တယ်လေ

အလံတွေကို ဝှေ့ယမ်းပြမနေတဲ့အတွက်
ကိုယ့်ကို စိတ်မပျက်ပါနဲ့
Pride နှစ်သစ်ကူးကို တိတ်တဆိတ်
ဆင်နွှဲပေမယ့် ကိုယ်ဂုဏ်ယူရပါတယ်
ကိုယ်ပျော်ရွှင်ရပါတယ်
ဒီရောင်စဉ် ငါးဆယ့်နှစ်ထောင်ထဲမှာ
ကိုယ်ဟာ တစ်ခုအပါအဝင် ဖြစ်ခဲ့ပြီ
ခွန်အားသတ္တိကို ရှာတွေ့ခဲ့ရပြီ
ကိုယ် အိမ်ကို ရှာတွေ့ခဲ့ရပြီ

အဲ့ဒါကြောင့်
အားယူပြီး ပြုံးပါ
တစ်နေ့မှာ
ကိုယ်ဟာ မင်းကို အရောင်တစ်သောင်း စုံလင်စွာ
လှုပနေတဲ့ အလံတစ်ခု ဝယ်ပေးမယ်လို့
နိုက်ခီဖိနပ်ကို စီးရင်းပိတ်နေတဲ့ တံခါးတွေ
ပွင့်လာတဲ့အထိ ချီတက် လမ်းလျှောက်ကြမယ်လို့
သက်တန့်ရောင် ခြေအိတ်ကို
ဆင်တူ ဝတ်ဆင်ကြမယ်လို့
မျက်နှာကို ပန်းရောင်ခြယ်မယ်
အဖြူနဲ့ လိမ္မော်ရောင်တွေ ထပ်မံ ဖြည့်စွက်ပြီး
ကိုယ်တို့ တောက်ပနေကြလိမ့်မယ်လို့
ကတိပေးပါတယ် ......။

ရှင်းသန့်




အမျိုးသမီးတစ်ယောက်ရဲ့ ဝတ်စားဆင်ယင်မှုကို ကြည့်ပြီး
အမျိုးသားမှ ဖြစ်စေ ၊ အမျိုးသမီးချင်း ဖြစ်စေ နှိမ့်ချ ခွဲခြားဆက်ဆံမှုမျိုး မပြုလုပ်သင့်ပါဘူး ။
လူမှုအသိုင်းအဝိုင်းအတွင်းခွဲခြားဆက်ဆံခံရမှုများ ၊ ကန့်သတ်ပိတ်ပင်မှုများ လျော့ပါးသွားမှသာ
တန်းတူအခွင့်အရေးဆီ ဦးတည်နိုင်မှာ ဖြစ်ပါတယ်။

Freedom by Rio

# လောကစံများကိုရင်ဆိုင်ဆဲ…စီဒီအမ်သူရဲကောင်းမေမေ

အင်တာဗျူးသူ-မိုင်

စစ်ကောင်စီက အာဏာသိမ်းဖို့ကြိုးစားပြီးနောက်ပိုင်း ပေါ်ပေါက်လာတဲ့ နွေဦး တော်လှန်ရေးမှာ အမျိုးသမီးများရဲ့ ပါဝင်မှုဟာ အရေးကြီးတဲ့ အခန်းကဏ္ဍတစ်ခုဖြစ်ပါတယ်။ အမျိုးသမီးတွေဟာ ရေရှည်တည်တံ့မယ့်ပြောင်းလဲမှုများကို အလေးပေးသော ရည်မှန်းချက်များနဲ့အတူ၊ အမျိုးသားများနဲ့ တူညီသော စွမ်းအားဖြင့် တော်လှန်ရေးမှာ ပါဝင်လျက်ရှိပါတယ်။ လူ့စွမ်းအားအရင်းအမြစ်ပေါင်းစုံကို ညှစ်ထုတ်ပြီး အမျိုးမျိုးသော အတတ်ပညာ၊ ကိုယ်စွမ်းအား၊ ဉာဏ်စွမ်းအားတွေနဲ့ တိုက်ထုတ်မှသာ မတရားမှုတွေ အမြစ်ပြတ်ပြီး ရေရှည်ငြိမ်းချမ်းဖွံ့ဖြိုးတဲ့ လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ကိုယ်တိုင် မတရားမှုကို လက်မခံနိုင်ဘဲ CDM ဝင်ရောက်ပြီး တော်လှန်ရေးမှာပါဝင်နေသလို အိမ်ထောင်ဖက်ကိုပါ နောက်ဆံမတင်းစေဘဲ တော်လှန်ရေးကိစ္စတွေမှာ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်နိုင်ဖို့အပြင် အနာဂတ်တည်ဆောက်ရေးမှာ အဖိုးတန်လှတဲ့ သမီးလေးရဲ့ ပညာရေးကိုပါ ထောင့်စေ့အောင် စီမံတာဝန်ယူပြီး အဖက်ဖက်ကနေ မတရားမှုကိုတွန်းလှန်နေတဲ့ စီဒီအမ်သူရဲကောင်း မေမေ တစ်ယောက်ရဲ့ တော်လှန်ရေးခရီးကို ဂုဏ်ပြုတဲ့အနေနဲ့ မြစ်ရေစီးသံ အဖွဲ့သားများမှ ဖော်ပြ တင်ဆက်ပေးလိုက်ပါတယ်။



"မေမေက ဘာလို့ဈေးရောင်းနေတာလဲ?"
"မေမေက ဘာလို့ အေပရွန်ဝတ်ပြီး ဟင်းတွေပဲချက်နေတာလဲ?"
သမီးလေးဆီက ဒီလိုမေးခွန်းတွေ မေးလာချိန်ဟာ ကျမရင်ထဲ နာကျင်ဝမ်းနည်းရတဲ့အချိန်တွေပါပဲ။ အာဏာသိမ်းမှုမဖြစ်ခင်တုန်းက ကျမဟာ လူမှုဝန်ထမ်းဦးစီးဌာနမှာ ကလေးသူငယ်၊ မသန်စွမ်းသူတွေနဲ့ အမျိုးသမီးတွေအတွက် လူမှုရေးလုပ်ငန်းတွေကို တာဝန်ယူလုပ်ဆောင်ခဲ့တဲ့ ခရိုင်မှူးတစ်ဦးပါ…။

ကျမနာမည်ကတော့ မနန်းပါ။ အသက် ၄၀ ရှိပါပြီ။ ဇာတိကတော့ စစ်ကိုင်းတိုင်းအထက်ချင်းတွင်းသူဖြစ်ပြီး ဗုဒ္ဓဘာသာကိုးကွယ်သူ ရှမ်းနီအမျိုးသမီးတစ်ယောက်ဖြစ်ပါတယ်။ လက်ရှိကတော့ CDM တစ်ယောက်ဖြစ်လို့ အမျိုးသားရယ်၊ သမီးလေးရယ်နဲ့အတူ လွတ်မြောက်နယ်မြေတစ်ခုမှာ လာရောက်တိမ်းရှောင်ရင်း နေထိုင်နေပါတယ်။

ဒီခရီးကြမ်းကို စတင်လျှောက်လှမ်းကတည်းက နိုင်ငံရေးဆိုတာက ကိုယ်နဲ့လဲဆိုင်တဲ့ လူ့အဖွဲ့အစည်းရဲ့ အရေးကိစ္စပဲလို့ နားလည်လက်ခံထားတယ်။ ဒါကြောင့်ပဲ CDM ဝင်ဖို့ တွန်းအားထွေထွေထူးထူးမရှိခဲ့ပေမယ့် အိမ်ကမိသားစုနဲ့ အမျိုးသားကိုတောင် မတိုင်ပင်ခဲ့ပဲ မတရားတာကိုလက်မခံတဲ့ စိတ်တစ်ခုနဲ့တင် အာဏာသိမ်းတဲ့လ ပထမအပတ်မှာပဲ CDMစ လုပ်ခဲ့တာပါ။ အဲ့အချိန်က လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်တစ်ခုမှာ ခရိုင်မှူးအနေနဲ့ တာဝန်ထမ်းဆောင်နေချိန်ပါ။ ထိခိုက်လွယ်သူတွေရဲ့ အခွင့်အရေးဆုံးရှုံးမှုတွေ၊ တရားမျှတမှုမရခြင်းတွေအတွက် အလုပ်လုပ်ပေးရတဲ့သူ ဖြစ်တာကြောင့် မတရားအာဏာသိမ်းတာကို ကျမ ဘယ်လိုမှလက်မခံနိုင်ခဲ့ဘူး။ တော်လှန်ရေးထဲ စပြီးပါလာတော့မိသားစုတွေက လက်မခံဘဲ အဆက်အသွယ်ဖြတ်တာ ခံခဲ့ရပါတယ်။

CDM ဝင်ပြီး သိပ်မကြာပါဘူး ပုဒ်မတပ်ခံရတာပါပဲ…။ အမျိုးသားက တစ်နေရာမှာဆိုတော့ ကိုယ်က (၃) နှစ်ကျော်ပဲ ရှိသေးတဲ့ သမီးလေးနဲ့ ပတ်ပြေးရ၊ ရှောင်တိမ်းရနဲ့ အရမ်းစိတ်ပင်ပန်းခဲ့ရတဲ့ ကာလဆိုးတွေ…။ ခုထိကို ပြန်မတွေးချင်၊ ပြန်မပြောချင်လောက်တဲ့ ခံစားချက်မျိုးနဲ့ ဖြတ်သန်းခဲ့ရတယ်။ ပြေးရရှောင်ရတာတွေ ကလေးကို မသိမမြင်စေချင်တော့ ကလေးကို တစ်နေရာခဏပို့ထားပြီး ခွဲနေရချိန်တွေ… အဲ့အချိန်တွေက အမေတစ်ယောက်အတွက် ငရဲပါပဲ…။

၂၀၂၁ ဇွန်လထဲမှာတော့ တကယ့်ခရီးအဝေးကြီးတစ်ခုဖြစ်တဲ့ လွတ်မြောက်နယ်မြေတစ်နေရာကို အမျိုးသားနဲ့အတူ ဆိုင်ကယ်စီးပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ပဲ ရောက်ခဲ့ကြတယ်။ ပြန်တွေးရင်တော့ ရယ်စရာကောင်းပေမယ့် အဲ့တုန်းကတော့ ရင်မောစရာ စွန့်စားခန်းပဲ။ လမ်းတစ်လျှောက်လုံး ကိုယ်ဝန်သည်လို ဟန်ဆောင်လာခဲ့ရတယ်။ သူတို့မေးစစ်လာရင် ဖြေဖို့ ဇာတ်လမ်းတွေလဲ အများကြီးပြင်ထားသလို ငါးပိ၊ငါးခြောက်ရောင်းသလိုပုံစံမျိုးပေါက်အောင်လဲ ငါးခြောက်နည်းနည်း သယ်လာခဲ့တယ်။

---

လွတ်မြောက်နယ်မြေကို မရောက်ခင်က နေထိုင်ရေးက အရမ်းပင်ပန်းခက်ခဲမယ်ပဲ ထင်ခဲ့ပေမဲ့ တွေးထားသလောက် အခက်အခဲမရှိခဲ့ဘူး။ ပါလာတဲ့ငွေကနည်းပြီး အဲ့ဒေသမှာ ကုန်ဈေးနှုန်းက အရမ်းမြင့်တော့ အတော်တော့ချွေတာသုံးခဲ့ရတယ်။ CDM ထောက်ပံ့ကြေးဆိုတာလဲ ကြားပဲ ကြားနေတာ…၊မရဖူးခဲ့ဘူး။ အဲ့ဒီလွတ်မြောက်နယ်မြေမှာပဲ တော်လှန်ရေးအလုပ်တွေကို ဆက်ကူဖြစ်တယ်။ အမျိုးသားရော၊ ကိုယ်ရော အလုပ်မရှိ၊ ဝင်ငွေမရှိဆို

တော့ စိတ်ဖိစီးရတဲ့ ကာလတွေကို အတော်ကြိုးစားဖြတ်သန်းခဲ့ရတယ်။
နောက်ထပ်ခက်ခဲတာက ရှိတာနဲ့ အရင်ထိုင်စားနေရပြီး ဝင်ငွေမရှိတာကြောင့် ကိုယ့် CDMတွေအချင်းချင်းနဲ့ ကိုယ့်ခရိုင်က CDM ဝန်ထမ်းငယ်တွေမှာ ခက်ခဲနေကြတာတွေ ကြားသိရတော့ အကူအညီ ဖြစ်ဖြစ်မြောက်မြောက်မပေးနိုင်လို့ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်စိတ်တွေဖြစ်ခဲ့မိတယ်။ အကူအညီတောင်းလာတဲ့ တချို့မြေပြင်က သူတွေအတွက်လဲ ကိုယ့်ကိုကိုယ်အားမရတာနဲ့ စိတ်ပင်ပန်းခဲ့ရတယ်။

---

ငယ်ဘဝကတော့ စစ်ကိုင်းတိုင်းအထက်က ရွာလေးတစ်ရွာမှာ အဖိုးအဖွားဖြစ်သူ အငြိမ်းစားကျောင်းဆရာ၊ဆရာမတို့နဲ့ ကြီးပြင်းခဲ့ပါတယ်။ မန်းလေးကပဲ အထက်တန်းအောင်ပြီး ရတနာပုံ တက္ကသိုလ်ကနေ အင်္ဂလိပ်စာ အထူးပြုနဲ့ ဘွဲ့ရခဲ့တယ်။ အစိုးရဌာနမှာ အလုပ်မဝင်ချင်ပေမယ့် အိမ်က ဝန်ထမ်းပဲ လုပ်စေချင်နေတာနဲ့ လူမှုဝန်ထမ်းကခေါ်တဲ့ ဒုဦးစီး စာမေးပွဲဝင်ဖြေပြီး အောင်ခဲ့လို့ အဲ့ဒီဌာနမှာပဲ လူမှုအကျိုးပြုလုပ်ဆောင်သူ (Social Worker) အဖြစ်အလုပ်စဝင်ခဲ့တယ်။
မျက်မမြင်မကျောင်းမှာ အလုပ်စဝင်ခဲ့ရပေမယ့် လူမှုတရားမမျှတမှုအရေး၊ မသန်စွမ်းသူများ အရေးတွေနားမလည်သေးတဲ့အပြင် အလုပ်အပေါ် သဘောထားက သိပ်မခိုင်မာသေးဘူး။ တဖြည်းဖြည်းနဲ့ မျက်မမြင်ကျောင်းမှာ အလုပ်လုပ်လာရင်း ကလေးတွေက ကိုယ့်ထက် ပို vulnerable(ထိခိုက်လွယ်) ဖြစ်တဲ့သူတွေမှန်းလဲ နားလည် သိမြင်လာတဲ့အခါ အလုပ်အပေါ် ပျော်ရွှင်ကျေနပ်မိလာပြီး ပိုစိတ်ဝင်စားလာတယ်။ မျက်မမြင်ကျောင်းမှာပဲ တာဝန်ထမ်းဆောင်ရင်း (၉) နှစ် ကြာသွားခဲ့တာပေါ့။
အဲ့အချိန်ထဲက မတရားဘူးထင်ရင် အထက်လူကြီးဖြစ်နေပါစေ၊ ဝေဖန်ကန့်ကွက်တာတွေ၊ ထောက်ပြတာတွေ လုပ်ခဲ့တာပဲ။ အဲဒီနောက် ရုံးဘက်ရောက်တဲ့အခါ ကလေးသူငယ်၊ အမျိုးသမီးနဲ့ မသန်စွမ်းစတဲ့ ထိခိုက်လွယ်အုပ်စုတွေကိုဦးတည်ပြီး သူတို့ရဲ့အခွင့်အရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် ပိုအလုပ်လုပ်ဖြစ်ခဲ့ပြီး လုပ်ရတဲ့ လုပ်ငန်းနယ်ပယ် ပိုကျယ်လာတယ်။ ကူညီလုပ်ဆောင်ရင်း စိန်ခေါ်ချက်တွေလဲ အများကြီးကြုံခဲ့ရတယ်။ လူမှုတရားမျှတရေးအတွက် ခံယူချက်ပြင်းပြခဲ့တော့ မတရားမှုလို့သိမြင် ခံစားရတာနဲ့ လက်ခံပေး၊ကျော်သွားပေးလို့ မရတာ ခုထိပဲ...။

---

လွတ်မြောက်နယ်မြေရောက်တော့ သမီးလေးကိုလဲ ကိုယ့်အနားပြန်ခေါ်ထားချင်တယ်လေ...။ ကျမ အမျိုးသားကလဲ တော်လှန်ရေးအလုပ်ပဲ လုပ်ချင်တာဆိုတော့ ကိုယ်က ဝင်ငွေတစ်ခုရအောင် လုပ်မှဖြစ်မယ်ဆိုပြီး ကူနေတဲ့ အလုပ်ကနေ ထွက်လိုက်တယ်။ ကိုယ့်ပညာရပ်နဲ့ ဆက်ရပ်တည်ချင်ပေမယ့် စစ်ကောင်စီနဲ့ တနည်းနည်းဆက်နွယ်နေရမှာစိုးလို့ တခါမှ မတွေးဖူးတဲ့ လမ်းဘေးမှာ အရင်းအနှီးနည်းနည်းနဲ့ တပိုင်တနိုင်ဈေးစရောင်းတာကိုပဲ ရွေးခဲ့တာပါ။
ဈေးရောင်းနေတဲ့ ကိုယ့်လက်ရှိအခြေအနေကို လက်ခံနိုင်ဖို့၊ သိမ်ငယ်စိတ်ဖြစ်တာကို ကျော်လွှားနိုင်ဖို့ အတော်ခက်ခဲခဲ့တယ်။ ကိုယ်က ဘယ်အခြေအနေမှာမဆို ရှိတာနဲ့ ရအောင် ပြန်ရပ်နိုင်မယ်ဆိုတာ အမြဲယုံကြည်တာကြောင့် တောင့်ခံနိုင်ခဲ့တယ်လို့ထင်တယ်။ ဒါပေမယ့် ကလေးရဲ့အမြင်မှာ သူ့မေမေက ဈေးရောင်းတယ်ဆိုတဲ့ အမြင်လေးရှိတာ ခံစားမိတော့ အတော်စိတ်မကောင်းဖြစ်ခဲ့ရတယ်။
အမျိုးသားကလဲ တော်လှန်ရေးကိစ္စတွေပဲ အာရုံစိုက်ပြီး ငွေမရှာနိုင်သေးတော့ အရာအားလုံးက ကိုယ့်ပခုံးပေါ်ရောက်လာခဲ့တော့တာပေါ့...။ ကိုယ်က ငွေရှာနိုင်မှ အမျိုးသားကလဲ ငွေကြေးကိစ္စ ရှင်းရှင်းလင်းလင်းနဲ့ နောက်ဆံမတင်းဘဲ တော်လှန်ရေးကိုဆက်လုပ်နိုင်မှာလို့လဲယူဆပါတယ်။
ရေမြေကွဲပြားတဲ့နေရာတစ်ခုမှာ ပြောင်းရွှေ့ အခြေချနေရပေမဲ့ နဂိုထဲက မတူကွဲပြားမှုကို နားလည်လက်ခံထားပြီး အလုပ်လုပ်ခဲ့တော့ ကြီးမားတဲ့ အခက်အခဲရယ်လို့ မရှိပါဘူး။လက်ရှိအချိန် တော်လှန်ရေးကာလ (၃) နှစ်ကျော်လာတော့ ခြေကုန်လက်ပမ်းကျတာမျိုး မကြာခဏဖြစ်တယ်။ တခါတလေမှာ ကိုယ့်မိသားစုအတွက် ကိုယ်ပဲ ထမ်းထားရပြီး ဝန်ပိလာတဲ့ခံစားချက်မျိုးဝင်လာတဲ့ အချိန်၊ ကိုယ်နဲ့ရင်းနှီးတဲ့သူတွေ တစ်ခုခုဖြစ်သွားတဲ့အချိန်၊ တော်လှန်ရေးအတွက် ကိုယ်က အများ

ကြီးလုပ်မပေးနိုင်ဘူးဆိုတဲ့ စိတ်မျိုးဝင်မိတဲ့အချိန်တွေမှာ ကိုယ့်ကိုကိုယ်မနည်းပြန်ကုစားရတယ်။ အဲ့လို ခံစားရချိန်ဆို ဆိုင်အလုပ်လဲ ခဏနားတယ်။ ဘာသာရေး နည်းနည်းပြန်လုပ်တာမျိုး၊ ခင်မင်ရတဲ့သူတွေနဲ့ အချိန်ယူ စကားပြောတာမျိုးတွေ လုပ်ဖြစ်တယ်။ကိုယ်ကမှ မိသားစုနဲ့အတူနေနေရသေးတယ်၊ ကလေးလဲ ကျောင်းတက်ရတယ်၊ ထိုက်သင့်တဲ့ ဝင်ငွေလေးလဲ ရှိသေးတယ်၊ ကိုယ့်ထက် အခြေအနေဆိုးတဲ့သူတွေ အများကြီးမှာ ကိုယ်ကတော်သေးတယ် ဆိုတဲ့ စိတ်နဲ့ပြန်ကျော်ဖြတ်ရတယ်။


ကျမက တော်လှန်ရေးအောင်မြင်တဲ့အချိန်မှာ ပြန်လည်ထူထောင်ရေးကို အာရုံစိုက်ပြီး ဆက်လက်ပါဝင်ချင်ပါတယ်။ တော်လှန်ရေးကာလမှာ ပေးဆပ်ခဲ့ကြတဲ့ လူငယ်တွေအတွက် အစီအစဉ်တွေရယ်၊ မိသားစုတွေ ဆုံးရှုံးခဲ့ကြရတဲ့ ကလေးတွေအတွက်၊ အမျိုးသမီးတွေအတွက် ၊ မသန်စွမ်းမှုတစ်ခုခု ဖြစ်သွားကြရတဲ့လူငယ်တွေအတွက် ပြန်ပီးအလုပ်လုပ်ပေးချင်တယ်။တော်လှန်ရေးအောင်မြင်သွားရင် တရားမျှတမှုနဲ့တန်းတူညီမျှမှုရှိပြီး အခွင့်အရေးတွေကို လေးစားလိုက်နာမှုရှိကြတဲ့ လူ့အဖွဲ့အစည်းအဖြစ် ပုံဖော်မြင်မိတယ်၊ မြင်လဲမြင်ချင်ပါတယ်။

တော်လှန်ရေးထဲမှာ အခြားအမျိုးသမီးတွေလဲ အများကြီးပါဝင်နေကြတာ တွေ့ရတယ်။ သူတို့ရဲ့လုပ်နိုင်စွမ်းကိုလဲ ချီးကျူးတယ်။ ဒါပေမဲ့ ဘေးကင်းလုံခြုံစေချင်တယ်။အပြန်အလှန်လေးစားမှုတွေပိုပြီးရစေချင်တယ်။

တခြားပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နဲ့ တိုင်းရင်းသားခုခံကာကွယ်ရေးတပ်တွေမှာ ပါဝင်နေကြတဲ့ညီအစ်မတွေနဲ့ cdm လုပ်ထားကြတဲ့ညီအစ်မတွေအားလုံးကို လေးစားချစ်ခင်တယ်။ ဆက်ပြီးတောင့်ခံပေးထားကြဖို့နဲ့ ကိုယ့်ကိုကိုယ်လဲ ချစ်ဖို့၊ ဂရုစိုက်ဖို့ မမေ့ပါနဲ့လို့ သတိပေးပြောပြချင်ပါတယ်။လက်ရှိတော်လှန်ရေးမှာ ပါဝင်နေကြတဲ့သူတွေကို လူမှန်၊နေရာမှန် အသုံးပြုနိုင်တဲ့ဝန်ကြီးဌာနတွေ ဖြစ်စေချင်ပြီး တော်လှန်ရေးကြီးအမြန်ဆုံးခရီးပေါက်စေချင်တယ်။

သိပ်မကြာတော့တဲ့အချိန်တွေမှာ ကိုယ်ချစ်ရတဲ့ ကလေးသူငယ်တွေအတွက်၊ ကိုယ်တန်ဖိုးထားလေးစားရတဲ့ အမျိုးသမီးတွေအတွက် ကိုယ်ကျွမ်းကျင်ရာ ရပ်ဝန်းမှာ ကိုယ့်ကျွမ်းကျင်မှုတွေကိုပြန်အသုံးချခွင့် ရချင်ပါပီ။မတရားဘူးလို့ လက်ခံယုံကြည်လို့ ရွေးလျှောက်လှမ်းခဲ့တဲ့ ဒီလမ်းခရီးကိုတော့အဆုံးထိ ဆက်လျှောက်ဦးမှာပါ...။ ။




Unseen Story of Women
Seen Story of Women
Women Entrepreneurship & Empowerment
Business Award Winner
လူအများ အားပေး လက်ခံကြသော
အမျိုးသမီး တစ်ယောက်၏ စံပုံရိပ်
လူသိနည်းသော အခြေခံ လူတန်းစား
အမျိုးသမီးများ၏ ဘဝ နှင့် ဖိနှိပ်ခံရမှုများ

Claria


LGBTIQ တရား
ဥပဒေ
တန်းတူအခွင့်အရေး
လိင်အခြေပြု
ခွဲခြား ဆက်ဆံမှုများ
အနိုင်ကျင့်ခံရမှုများ
ငြင်းပယ်ခံရမှုများ

ဒိုရိအောင်

# မျိုးဆက်မတူသူများအကြား ကွာဟမှုကို ကုစားခြင်း

ဒေါ်အေးမြမြမျိုး
ပြောရေးဆိုခွင့်ရှိသူ
မြန်မာအမျိုးသမီးလွှတ်တော်ကိုယ်စားလှယ်
ကွန်ယက်



အပြန်အလှန်လေးစားမှုအလေးထားမှုက အခြေခံပါတယ်။ ဒီအဖွားကြီးဒိတ်အောက်နေပါပြီနဲ့ ဘာအတွေ့အကြုံမှ မရှိသေးဘဲ ဘာလုပ်တတ်မှာလဲ ဆိုတဲ့အပြန်အလှန်အထင်သေးမှု၊ မလေးစားမှုတွေကနေ ပြဿနာစတာပါ။
လူငယ်တွေရဲ့ ဇွဲသတ္တိ၊ ခွန်အား၊ ကြံ့ခိုင်မှု၊ ဆုံးဖြတ်ချက်ခိုင်မာမှု၊ စွန့်လွှတ်အနစ်နာခံပေးဆပ်မှု တီထွင်ကြံဆနိုင်မှုနဲ့ နည်းပညာကျွမ်းကျင်မှုတွေကို အသိမှတ်ပြုတဲ့အပြင် ဦးဆောင်တဲ့နေရာတွေမှာ ဆုံးဖြတ်ချက်ချတဲ့နေရာတွေမှာ များများပါဝင်စေရမှာဖြစ်ပါတယ်။
အဲ့ဒီလိုပါပဲ ခေတ်အဆက်ဆက်ဖြတ်သန်းခဲ့တဲ့ မြန်မာ့ဒီမိုကရေစီအရေးအတွက် ထောင်ထဲမှာ လူငယ်ဘဝတွေကုန်ဆုံးခဲ့ရပြီး ကောင်းမွန်တဲ့ ပညာရေးမရခဲ့ဘဲ ဖိနှိပ်မှု၊ သတင်းအမှောင်ချမှုထဲ ကြီးပြင်းဖြတ်ကျော်ခဲ့ရတဲ့ သူတွေကခုချိန်မှာ လူကြီးတွေဖြစ်ကုန် ပါပြီ။ လူငယ်တွေလို တောထဲတောင်ထဲမနေနိုင်ပေမယ့် စိတ်အားထက်သန်စွာ ပံ့ပိုးပေးနေတဲ့သူတွေ ပြည်တွင်း၊ ပြည်ပမှာ အများကြီးရှိနေပါတယ်။ မတူညီတဲ့ခေတ်နှစ်ခုရဲ့ ပါဝင်နိုင်မှု ဆောင်ရွက်နိုင်မှုကို ပြစ်တင်ဝေဖန် အပြန်အလှန်ပုတ်ခတ် ကြတာမဟုတ်ဘဲ အပြန်အလှန်လေးစားမှုနဲ့ ဖြည့်ဆည်းပူးပေါင်း ဆောင်ရွက်နိုင်ရင် အောင်မြင်မှာပါ။



မရှားရှား
လူငယ်နဲ့ ငြိမ်းချမ်းရေးကွန်ယက်မှ အဖွဲ့ဝင်

သက်ကြီးနဲ့ သက်ငယ်အမျိုးသမီးခေါင်းဆောင်တွေကြား ကွာဟချက်တွေကြောင့် ပူးပေါင်းလုပ်ဆောင်ဖို့ အဆင်မပြေတာ တွေကတော်လှန်ရေးကာလမှာဆို ပိုဆိုးတယ်။ ဝါရင့်နိုင်ငံရေးသမားတွေ၊ ထင်ရှားသူတွေက လူငယ်တွေရဲ့ လုပ်ဆောင်မှုတွေအပေါ် ယုံကြည်ပေးလေ့မရှိကြဘူး။ ဥပမာ ကျနော်တို့က မြေအောက်တော်လှန်ရေးလုပ်ဖို့ ဘယ်လိုလုပ်မယ်ဆိုတဲ့ လမ်းကြောင်းတွေ ပြောပြတိုင်ပင်ရင် မလုပ်နဲ့ မဖြစ်နိုင်ဘူးဆိုတာက အရင်ပြောခံရတယ်။ ငါတို့တုန်းက အဲ့လိုလုပ်တာ မအောင်မြင်ဘူး။ နင်တို့လုပ်လည်း ဖြစ်မှာမဟုတ်ဘူး။ အရမ်းငယ်တယ်။ အတွေ့အကြုံလည်းမရှိဘူးဆိုပြီး အမြဲငြင်းခံရတယ်။ ကြာတော့ ဘယ်လို ဖြစ်လာလဲဆိုတော့ သူတို့ကိုတိုင်ပင်ရမှာကြောက်လာတယ်။ နောက်သူတို့က အများရှေ့ပြောနေတာကတော့ လူငယ်တွေကို အားပေးတယ်။ နေရာပေးတယ်ဆိုပေမယ့် တကယ်တမ်းကျတော့ အထင်သေးတယ်။ မလုပ်နိုင်ပါဘူးဆိုတာမျိုးတွေ ပြောတာခံရတယ်။ နောက်တခုက ရာထူးပေါ်အခြေခံပြီး ဆက်ဆံပုံကွာခြားတာပေါ့။ အဖွဲ့ခေါင်းဆောင်ကပြောရင်တော့ နိုင်ငံရေးသမားကြီးတွေက လုပ်ကြည့်ပေါ့။ ကျနော်တို့လိုအဖွဲ့ဝင်တွေက အကြံပေးတာ၊ ထောက်ပြတာ၊ ဆွေးနွေးတာတွေလုပ်ရင်တော့ နင်တို့က ဘာသိလို့လဲ။ ငါတို့က ကိုယ်တိုင်ကြုံလာရတာဆိုတာမျိုး ဆက်ဆံခံရတယ်။

ဒီလိုကွာဟချက်တွေကို တတ်နိုင်သမျှလျှော့ချဖို့ဆိုရင်တော့ အပြန်အလှန်လေးစားမှုက အဓိကလိုမှာပေါ့။ မဖြစ်နိုင်ဘူးဆို ရင်တော့ ဖြစ်နိုင်အောင် ဘယ်လိုအဖြေရှာကြမလဲ။ ဘယ်လိုလုပ်ရင်ရတယ်ဆိုတာမျိုးညှိနှိုင်းတာတွေ လုပ်စေချင်တယ်။ အခုတော့ ပြောလိုက်တာနဲ့ ဖြစ်မှာမဟုတ်ဘူးဆိုတဲ့စကားက လူငယ်တွေကို ခံရခက်စေတယ်။ လူကြီးတွေအနေနဲ့ လူငယ် တွေအပေါ်မှာ တကယ်စိုးရိမ်တယ်ဆိုရင် ဖြစ်လာမယ့်အရာတွေကို သေချာနားလည်အောင်ရှင်းပြပြောပြစေချင်တယ်။ ဒါတွေက အဓိကပါပဲ။

နော်ဆဲဆဲ
စည်းရုံးရေးဒါရိုက်တာ
ကရင်အမျိုးသမီးအစည်းအရုံး



ခေတ်ကာလဖွံ့ဖြိုးတိုးတက်မှုအရ သက်ကြီးနဲ့ သက်ငယ်အမျိုးသမီးတွေကြား အသိပညာ၊ ဗဟုသုတကွာဟတယ်။ သက်ငယ်အမျိုးသမီးခေါင်းဆောင်တွေကတော့ နိုင်ငံရေးမှာဖြစ်ဖြစ် ဘယ်နေရာမဆိုတက်တက်ကြွကြွရှိတယ်။ အသက်ကြီးတဲ့သူကျတော့ လေးနက်စွာစဥ်းစားပြီး ဖြေးဖြေးခြင်းဆုံးဖြတ်တယ်။ ပြီးတော့ သူတို့တွေရဲ့ရင့်ကျက်မှုက သက်ငယ်တွေထက်ပိုရှိတယ်။နောက်တစ်ခုက အတွေးအခေါ်အယူအဆတွေမှာလည်း ကွာဟမှုရှိတယ်။ ပြောရမယ်ဆိုရင် လူငယ်တွေက ပွင့်လင်းလွတ်လပ်တယ်။ သက်ကြီးတဲ့သူတွေကျတော့ ဟိုလူ့မျက်နှာထောက်ရ၊ ဒီလူ့မျက်နှာ ကြည့်ရတဲ့အနေအထားမှာရှိတယ်။ အတွေ့အကြုံ၊ အတွေးအခေါ်နဲ့ ဗဟုသုတတွေကကွာဟမှုရှိတာကြောင့် အပြန်အလှန်နားလည်မှုတည်ဆောက်တာတွေတော့ လုပ်ရလိမ့်မယ်။ လူငယ်အမျိုးသမီးခေါင်းဆောင်တွေရဲ့ ခေတ်ကာလ အယူအဆတွေကို လက်ခံဖို့ကြိုးစားရမှာဖြစ်သလို အသက်ကြီးတဲ့သူ တွေရဲ့အတွေ့အကြုံဖြတ်သန်းမှုတွေကို အသိအမှတ်ပြုရမှာဖြစ်တယ်။ အရေးကြီးတာက တဖက်သတ် ကျမကတော့ အတွေ့အကြုံပိုရှိတယ်ဆိုပြီး သက်ငယ်တဲ့အမျိုးသမီးခေါင်းဆောင်တွေရဲ့စဉ်းစားချက်တွေ တင်ပြချက်တွေဖြစ်ဖြစ် အမြင်တွေပိတ်ပင်တာမျိုးတော့ မလုပ်သင့်ဘူး။ အဓိကကတော့ အပြန်အလှန်လေးစားမှု၊ အသိအမှတ်ပြုမှုက အရေးကြီးပါတယ်။



မေသင်းခိုင်
အလုပ်သမားသမဂ္ဂအဖွဲ့ဝင်

သက်ကြီးနဲ့သက်ငယ်ကြားမှာတော့ ပြဿနာတွေကတော့ အများကြီးရှိတယ်။ သက်ကြီးတွေကျတော့ မိန်းမဆိုတဲ့စံနှုန်းတွေနဲ့ အရာရာမြင်တတ်ကြည့်တတ်ကြတယ်။ သက်ငယ်အမျိုးသမီးတွေကတော့ တန်းတူဆိုတဲ့အမြင်ရှိပြီး ရအောင်လုပ်မယ်ဆိုတဲ့ပြတ်သားတဲ့စိတ်ရှိကြတယ်။ ဒါက နိုင်ငံရေးဖြစ်ဖြစ် စီးပွားရေးမှာဖြစ်ဖြစ် အဲ့လိုသဘောတွေရှိတယ်။ ကျမရဲ့အလုပ်မှာ သက်ကြီးအမျိုးသမီးတစ်ဦးနဲ့ အတူတွဲလုပ်ရတယ်။ သူက ထုတ်လုပ်ပစ္စည်းပျက်စီးဆုံးရှုံးမှာကြောက်တဲ့ စိတ်နဲ့ သင်ယူထားတဲ့ပုံစံအတိုင်း အလုပ်လုပ်တယ်။ ကျမကတော့ အဲ့လိုမဟုတ်ဘူး။ ပစ္စည်းကွာလတီကောင်းပြီး မြန်မြန် ပြီးမယ့်လမ်းကိုရွေးလုပ်တယ်။ ပျက်စီးသွားရင် လျော်လိုက်မယ်ဆိုတဲ့စိတ်ထားတယ်။ အရာရာကိုစိုးရိမ်စိတ်နဲ့ အပူများမနေတော့ဘူး။ အဲ့တော့ သူကလည်း ဟိုလိုမလုပ်နဲ့ ဒီလိုမလုပ်နဲ့ပြောတယ်။ ကျမကလည်း ကျမပုံစံနဲ့လုပ်တော့ ခဏခဏ စကားများရတာပေါ့။ ဒါကိုလျော့ချဖို့ဆိုရင် ကျမအမြင်ကတော့ ညှိနှိုင်းစေချင်တာပေါ့။ တစ်ယောက်လုပ်တာကို တစ်ယောက်က အပြစ်မမြင်ဘဲ ကောင်းတာယူ မကောင်းတာဖယ်ရင် အဆင်ပြေမယ်ထင်တယ်။ ငါလုပ်တာမှန်တယ်။ ငါက နင့်ထက်အသက်ကြီးတယ်။ အတွေ့အကြုံများတယ်ဆိုပြီး တဖက်သတ်လုပ်နေရင်တော့ အဆင်ပြေမှာမဟုတ်ဘူးလေ။ လူငယ်တွေရဲ့ စဉ်းစားချက် တွေးခေါ်မှုတွေကိုလည်း လေးစားဖို့လိုတယ်။

# ချစ်တာလား...| RED FLAG လား..?

ရန်ဒီ

ဒီနေ့ခေတ် လူငယ်လူကြီး အရွယ်စုံရဲ့ ချစ်သူသမီးရည်းစားဆက်ဆံရေး (romantic relationship) တွေမှာ တစ်ယောက်ပေါ်တစ်ယောက် ပြောဆိုပြုမူနေတာတွေက အချစ်ကို ဖော်ပြနေတာလား၊ red flag များဖြစ်နေမလားဆိုတာ သိဖို့အရေးကြီးပါတယ်။ Red Flag ဆိုတာကတော့ ဆက်ဆံရေးတစ်ခုမှာ အပြုအမူဖြစ်စေ၊ အပြောအဆိုဖြစ်စေဟာ ကောင်းမွန်တဲ့ ဆက်ဆံရေးကို မဦးတည်စေဘဲ တခုခုလွဲနေတယ်၊ သတိထားသင့်တယ် ဆိုတာကို ဖော်ညွှန်းတဲ့ အသုံးအနှုန်းပဲဖြစ်ပါတယ်။ အချစ်ကို ဖော်ပြပုံတွေကို မိသားစု၊ လူမှုအသိုင်းအဝိုင်း၊ ယဉ်ကျေးမှု၊ ထုံးတမ်းအစဉ်အလာတွေက လွှမ်းမိုးမှုရှိပါတယ်။ ဥပမာ "အရိုးကွဲအောင်ရိုက်မှ အသဲစွဲအောင်ချစ်တယ်" ဆိုတဲ့ စကားပုံဆိုရင် အနိုင်ကျင့်ခြင်း၊ အကြမ်းဖက်ခြင်းဟာ ချစ်ခြင်းမေတ္တာကို ဖော်ပြခြင်းဖြစ်တယ်လို့ တလွဲစံသတ်မှတ်ချက်ဖြစ်စေပါတယ်။

အလားတူပဲ ယနေ့ခေတ်မှာဆိုလဲ တစ်ယောက်နဲ့တစ်ယောက် တကိုယ်ရည်လွတ်လပ်ခွင့် (privacy)၊ စည်းဘောင် (boundary)တွေကို မလေးစားတာ (ဥပမာအားဖြင့် ချစ်ရင် password တွေပေးရမယ်ဆိုပြီးတောင်းဆိုတာမျိုး)တွေဟာ ရုတ်တရက်ကြည့်ရင်တော့ ချစ်လွန်းလို့ အရာရာဝေမျှတယ်ထင်ရပေမယ့် အခြေခံကတော့ တစ်ယောက်နဲ့တစ်ယောက် လေးစားမှု၊ ယုံကြည်မှုနည်းလို့ဖြစ်ပါတယ်။ ပြီးမှသာ အဲ့လို အပြုအမူမျိုးကို "ချစ်တယ်"ဆိုတဲ့စကားနဲ့ အုပ်လိုက်တာပါပဲ။ တကယ်တော့ အပြန်အလှန်ယုံကြည်ခြင်းဆိုတာ ကောင်းမွန်တဲ့ဆက်ဆံရေး၊ ရေရှည်တည်မြဲတဲ့ ဆက်ဆံရေး တစ်ခုတည်ဆောက်နိုင်ဖို့ လိုအပ်တဲ့ အခြေခံတွေထဲက တစ်ခုဖြစ်ပါတယ်။ အဲ့လိုပဲ ကိုယ့်အတွက် တကိုယ်ရည်လွတ်လပ်မှုမပေးတော့လောက်အောင် အတူရှိနေချင်တာ၊ ဘယ်နေရာရောက်နေလဲ၊ ဘယ်သူနဲ့တွေ့နေတာလဲ ဆိုတာကို အချိန်တိုင်းသိချင်နေတာ၊ မယုံလို့ video call အမြဲခေါ်ခိုင်းပြီးစစ်တာ အစရှိတဲ့ အပြုအမူတွေက ရုတ်တရက်ဆိုရင်တော့ ချစ်လွန်းလို့ပါလို့ ထင်ရပေမယ့် တကယ်တမ်းကျတော့ ဆက်ဆံရေးမှာ ယုံကြည်မှုမရှိတဲ့ လက္ခဏာတွေပဲဖြစ်ပါတယ်။ အဲ့ကမှတဆင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုတွေ ပါလာပြီဆိုရင်တော့ တကယ့်ကို သတိထားတုံ့ပြန်ရမယ့်၊ လိုအပ်ရင်အရေးယူဆောင်ရွက်ရမယ့် red flag အကြီးကြီးပဲ ဖြစ်ပါတယ်။

ဒါကြောင့် ကိုယ့်relationship မှာ red flag တွေရှိနေလား ဆိုတာကို စာဖတ်သူတွေ ချိန်ဆတွေးတောနိုင်စေဖို့ violence-o-meter ကို မျှဝေလိုက်ပါတယ်။

The table is referenced from https://agrilinks.org/post/addressing-gender-based-violence-communities-affected-migration

ဇယားကိုအောက်ပါစာမျက်နှာများတွင် ဆက်လက်ကြည့်ရှုရန်

| | **အပြုအမူ** | **တုန့်ပြန်မှု** |
|---|---|---|
| 1 | သင့်ကို အရှက်ရစေမယ့်၊ လှောင်ပြောင်တဲ့ဟာသတွေပြောတယ်။ | **သတိထားပါ** |
| 2 | အပြစ်တင်တယ် ။ | |
| 3 | သင့်ကို လှောင်ပြောင်တယ် ။ | |
| 4 | သင့်ရဲ့အတွေးအမြင်ကို အရေးတယူမလုပ်ဘူး ။ | |
| 5 | လိမ်တယ် ။ | |
| 6 | မနာလိုဝန်တိုတယ် ။ | |
| 7 | သင့်ဆုံးဖြတ်ချက်ထက် သူ့ဆုံးဖြတ်ချက်ကိုပဲ လုပ်တယ် ။ | |
| 8 | သင်ဘယ်လို ဝတ်စားဆင်ယင်ရမလဲဆိုတာကို ချုပ်ကိုင်တယ် ။ | |
| 9 | ပစ္စည်းတွေကို ရိုက်ခွဲတယ် ။ | |
| 10 | သင့်ကိုချုပ်ကိုင်/တားမြစ်တယ် (ဖုန်းသုံးတာ၊ ပိုက်ဆံသုံးတာ၊ social media သုံးတာ၊ အပြင်သွားတာ၊ မိသားစု၊ သူငယ်ချင်းတွေနဲ့ဆက်ဆံတာ) ။ | |
| 11 | ခြိမ်းခြောက်တယ် ။ | |
| 12 | သန္တေတားဆေးမသုံးဖို့ တားမြစ်တယ် ။ | **တုန့်ပြန်ပါ** |
| 13 | သင့်ရဲ့ ပိုင်ဆိုင်မှုတွေ၊ စာရွက်စာတမ်းတွေကို သူကပဲ ချုပ်ကိုင်တယ် ။ | |
| 14 | သင့်ခွင့်ပြုချက်မရဘဲ သင့်ကို ဖက်တယ်၊ ကိုင်တွယ်တယ် ။ | |
| 15 | နှုတ်နဲ့သင့်ကို စော်ကားပြောဆိုတယ်၊ စွပ်စွဲတယ် ။ | |
| 16 | သင့်ကိုအထင်သေးစွာဆက်ဆံတယ် ။ | |
| 17 | သင့်ကိုကြမ်းတမ်းစွာ ပွတ်သပ်တယ် ။ | |
| 18 | သင့်ကို တွန်းတယ်၊ ကုတ်ခြစ်တယ် ။ | |
| 19 | သင့်ဆွေမျိုးအပေါင်းအသင်းများနဲ့ တွေ့ခွင့် ဆက်သွယ်ခွင့်မပေးဘဲ ချုပ်နှောင်ထားတယ် ။ | **ချက်ချင်းအရေးယူပါ** |
| 20 | ပစ္စည်းတွေ၊ လက်နက်တွေနဲ့ သင့်ကို နာကျင်အောင်ပြုလုပ်မယ်လို့ ခြိမ်းခြောက်တယ် ။ | |
| 21 | သင့်ကို ကိုယ်ထိလက်ရောက် ရိုက်တယ်၊ နာကျင်စေတယ် ။ | |
| 22 | သင့်ဆန္ဒမပါဘဲ လိင်ဆက်ဆံတယ် (မုဒိမ်းကျင့်တယ်) ။ | |
| 23 | သင့်ကို သတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ် ။ | |

# "မိုးကုတ်စက်ဝိုင်းကြီးပေါ်က" (Over The Horizon)



၂၀၂၁ခုနှစ်၊ စစ်တပ်၏ မတရားအာဏာသိမ်းမှု ဖြစ်စဥ်နောက်ပိုင်း ကျွန်မသည် ကြားကာလ အစိုးရကျောင်းများ၌ စာသင်ကြားပေးနေသော ဆရာမတစ်ဦးဖြစ်ခဲ့ပါသည်။ စင်စစ် ကျွန်မ သည် အမျိုးသမီးကဲ့သို့ ပြောင်းလဲခံယူနေထိုင်သူ အမျိုးသမီးတစ်ဦး၊ အရပ်အခေါ် (အခြောက်မ၊ မိန်းမလျာမ)တစ်ဦးလဲဖြစ်ပါသည်။ မြန်မာပြည်တွင် Covid ကာလမှ စ၍ အာဏာသိမ်းမှုဖြစ်စဥ်နောက်ပိုင်းထိ အခြေခံပညာရေးလုပ်ဆောင်မှုကဏ္ဍများမှာ ကျွန်မ ထဲထဲဝင်ဝင် အကူညီပေးဖြစ်ခဲ့သည်။

တစ်နေ့... အွန်လိုင်းမှသင်ကြားသော ဖက်ဒရယ်ကျောင်းတစ်ကျောင်း၏ အလယ်တန်းကို စာသင်ပေးဖြစ်ခဲ့သည်။ အွန်လိုင်းမှသင်ကြားပို့ချရသည့်နည်းစနစ်ဖြစ်သောကြောင့် Zoom ခေါ် ကွန်ပျူတာဖန်သားပြင်ပေါ်မှတဆင့် မျက်နှာချင်းဆိုင်သင်ကြားရသော စာသင်ခန်းသို့ဝင်လိုက်ပြီး....

"မင်္ဂလာပါသားတို့သမီးတို့..." ဟုဆိုကာ နှုတ်ဆက်လိုက်ချိန်တွင် Mute(စကားပြောအသံပိတ်ခြင်း) မလုပ်ထားသော ကျောင်းသားကလေးငယ်တစ်ယောက်၏ ဘေးမှ လူကြီးတစ်ယောက်၏အသံကို မထင်မှတ်ပဲ ကျွန်မနားနှင့်ဆက်ဆက်ကြားလိုက်ရသည်။

"ဟယ်...နင်တို့ဆရာမက အခြောက်မ ကြီး" တဲ့ ဆိုပြီးအော်ရီသွားသံ....

ရုတ်တရက် ကျွန်မ စိတ်ထဲအနည်းငယ်ကသိကအောက်ဖြစ်မိပြီး တလက်စထဲမှာပင် ကလေးက ဆက်ပြီး ကျွန်မကို မေးသည်။

"တီချယ်က အခြောက်မကြီး လားဟင်?"တဲ့...

ကျွန်မ ကလေးလေးကို အရင်ပြန်မဖြေသေးပဲ ပြုံးပြလိုက်ပါသည်။ ကျွန်မပြုံးနေရင် ဝိုင်းချစ်ကြသည့် ကလေးတွေအားလုံးအတွက်ပေါ့။ ကျွန်မစိတ်မဆိုးခဲ့ပါ....ဒါတွေကိုပြောင်းလဲဖို့ တော်လှန်နေသူပဲလေ...။

ထို့နောက် ကျွန်မကိုမေးခွန်းထုတ်လာသော ကျောင်းသားကလေးငယ်လေးအပါအဝင် ကျောင်းသူကျောင်းသား အားလုံးရှေ့မှာပင် ခေါင်းငြိမ့် ပြီး "တီချယ် ပြောပြမယ်နော်" ဟု အစချီကာ...

အဲ့နေ့က ကျွန်မ စာမသင်ဖြစ်ခဲ့ပါ။ လူသား ဖြစ်တည်မှုများအကြောင်း၊ခွဲ ခြားဆက်ဆံမှုများအကြောင်း၊ အပြန်အလှန်လေးစားတတ်မှုများအကြောင်း၊ လူကို လူလို မြင်ဖို့...စသဖြင့်စကားတွေပြောရင်းနှင့်ပင် စာသင်ချိန် တစ်နာရီကို

ကုန်ဆုံးစေခဲ့ပါသည်။ သို့ဖြင့် ကလေးတွေ နားလည်လောက်ပြီဟု ထင်ရသည့် အချိန်တွင် စကားကို အဆုံးသတ်လိုက်ချိန်...
Mic လေးတွေဖွင့်ပြီး “တီချယ့်ကိုချစ်တယ်” ဆိုသည့်အသံလေး တွေ၊ တစ်ယောက် တစ်ပေါက် ထွက်လာတော့သည်....။ Zoom Camera ကို ဖွင့်နားထောင်နေရင်း အို...ကျွန်မ၏ မျက်ဝန်းထဲမှာ မြင်လိုက်ရသော မျက်စိတဆုံး ပန်းခင်းကြီးတွေ....။ မိုးကုတ်စက်ဝိုင်းကြီး တဆုံးထိ...အရောင်သွေးစုံလို့ပေါ့။ မျက်မှန်အောက်က ဝေ့ဝဲလာသည့် မျက်ရည်ဥများကို ထွက်မကျလာအောင် မျက်တောင်များကို ပုတ်ခပ်ပုတ်ခပ်လုပ်ရင်း...ကျွန်မ....အားရပါးရ ပြုံးပြနှုတ်ဆက်ခဲ့ပါတော့သည်။
ကျေးဇူးပါနော်...သားတို့သမီးတို့ရေ...။
လူကြီးတွေရဲ့...မပြည့်ဝမှုတွေ...ရပ်တန့်ပါစေ။
ကလေးငယ်တွေ..အသိပညာဉာဏ် တိုးတတ်ပါစေ။

စောဟန်နွေဦး




ရာယာ

# ❝ စစ်တပ်အတွင်းအမျိုးသမီးများကို ဖိနှိပ်ထားသော အသုံးအနှုန်းများ ❞

ပင်ပန်းလားဆိုတော့ ပင်ပန်းတာပေါ့ ...ဘာလို့လဲဆိုတော့ ကျမဟာ တော်လှန်ရေးကို မျက်နှာစာ သုံးဖက်ဖွင့် တိုက်ပွဲဝင်နေရတာလေ...။ မတရားမှုကိုဘဲ ပြန်တိုက်ဖြစ်မယ်ထင်ထားခဲ့တာ...မတရားမှုကို တိုက်ထုတ်ဖို့ ကိုယ်ပိုင်စံနှုန်းတွေနဲ့ စစ်တပ်တွေရဲ့ ပုံစံတကျယိုယွင်းနေမှုတွေကို အသားကျဖို့ ကိုယ်တွင်းတိုက်ပွဲတွေကို ပင်ပန်းခက်ခဲစွာ ရင်ဆိုင်ရမယ်လို့ ဘယ်တုန်းကမှ မထင်ထားခဲ့တာ...။ မတရားအာဏာသိမ်းမှုကို တိုက်ဖို့ ခွန်အား ဉာဏ်အားနဲ့ အားထုတ်ရတာက အလုပ်တစ်လုပ်၊ ကိုယ့် စံနှုန်းတွေနဲ့ လက်ခံပေးလို့ မရတဲ့ ကျားမဖြစ်တည်မှု၊ လိင်စိတ်တိမ်းညွတ်မှုတွေအပေါ် ခွဲခြားဆက်ဆံတာတွေ ဖိနှိပ်တာတွေကို ဆတ်ခနဲ ဆတ်ခနဲ ပြန်ပြောဖို့ အားသေးသေးလေးတွေနဲ့ တွန်းကန်ရတာက အလုပ်တစ်လုပ်...။ ကိုယ်တွင်းတိုက်ပွဲနဲ့ စစ်မျက်နှာပြင် (၃)ခုကို တစ်ပြိုင်နက် တိုက်နေရတဲ့ ကျမခမျာ အားတင်းပြီးလာခဲ့သမျှ မှန်းချက်နဲ့ နှမ်းထွက်မကိုက်ပဲရှိနေတော့တာပေါ့...

ဖမ်မိနစ်လို့ ကြွေးကြော်ပြီး နေလာခဲ့တဲ့ မျက်လုံးဝိုင်းလေး ကျမရဲ့ တော်လှန်ရေးခရီးအစကို ပြန်မြင်ယောင်မိသေးတယ်။ ကျောပိုးအိတ်ကြီးသယ်...၊ တောင်ခုနစ်လုံးလောက်ကို တစ်နေကုန် ပင်ပန်းဆင်းရဲစွာ လမ်းလျှောက်ခဲ့ပြီး ကိုယ့်မိခင်တပ်ရင်းလေး ရောက်တော့အပျော်လုံးစို့ပြီး အထုတ်လေးချ...၊ တပ်ရဲ့ဖွဲ့စည်းပုံတွေ လေ့လာမယ်... ငါ လုပ်နိုင်တာတွေ အစွမ်းကုန် ကုန်လုပ်ပစ်မယ်ဟဲ့ဆိုပြီး နှုတ်ခမ်းလေးကိုက်၊ လူမကြားအောင် ကြွေးကြော်တုန်းရှိသေး... ကျမအကျွမ်းမဝင်သေးတဲ့ ရာထူးကြီးငယ်တွေရဲ့ တစ်ယောက်ပြီးတစ်ယောက် နားမုဒိန်းကျင့်တဲ့ ဒဏ်ကို စခံရတော့တာဘဲ...။ နားမဒိန်းကျင့်တယ်ဆိုလို့ ကြားရတာ နည်းနည်း ကြမ်းတမ်းသွားကြမယ်ထင်တယ်။ တကယ်တော့ ကျမကို တစ်ယောက်ပြီး တစ်ယောက် လာလာပြီး နားချတာကိုဆိုလိုချင်တာပါ...။ ကျမရဲ့ မိန်းမဆိုတဲ့ ဖြစ်တည်မှုကြောင့် လုံးဝဝါသနာမပါတဲ့ စက်ချုပ်သင်တန်းကျောင်းတက်ဖို့ လာတိုက်တွန်းနေခဲ့ကြတာမို့ စကားလုံး ခပ်ကြမ်းကြမ်းလေးသုံးလိုက်တာပါ။ ကျမကို ရွေးချယ်ခွင့်မပေးတာတွေ ကျမ ဘာဖြစ်ချင်လဲဆိုတာတွေကို လုံးဝ လစ်လျူရှုပစ်ကြလို့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ စိတ်ဆိုးကြည့်တာပေါ့...။ အဖေဆီက အမွေရခဲ့တဲ့ ကျမရဲ့ ခေါင်းမာမှုနဲ့ တောင့်ခံပြီး ငြင်းတဲ့အခါမှာတော့ စိတ်ဆင်းရဲစွာ လုပ်ရမယ့် အလုပ်တစ်ခုကို ချောက်ထဲကျဖို့ လက်တစ်လုံး အလိုကနေ လူးလိမ့်ပြီးပြန်တက်လာနိုင်ခဲ့တယ်...။




ဒီလိုနဲ့ဘဲ ဖမ်မိနစ် မျက်လုံးဝိုင်းလေး ကျမမှာ စစ်သင်တန်းတက်ဖို့ အချိန်ကျလာလို့ သင်တန်းကွင်းကို ရောက်သွားပြန်ရောပေါ့....
“စစ်မေတွေက စစ်မတိုက်နိုင်ပါဘူး”
“သေနတ်တွေ လက်နက်ကြီးတွေက ဒီလောက်လေးတာ မင်းတို့
မပစ်နိုင်လောက်ပါဘူး”
“မိန်းကလေးတွေပါလာရင်အလုပ်ရှုပ်တယ်”
“ရဲမေတွေဆိုတာ စစ်တိုက်ဖို့ မသင့်တော်ဘူး နောက်တန်းမှာဘဲ
ထမင်းချက်တာဝန်ယူလိုက်”
“မင်း, ယောကျ်ားမဟုတ်ဘူးလား ဒီလောက်လေးတောင် အပင်ပန်းမခံနိုင်တာ”
“မင်းအခြောက်လား ပျော့တိပျော့ဖတ်နဲ့”
ဟော....ကျမနားထဲ သံရည်ပူနဲ့ လောင်းခံနေရသလိုပါပဲ။ မှတ်မိနေပါသေးတယ်... လေ့ကျင့်မှုပင်ပန်းလို့တောင် မျက်ရည်မကျဖူးတဲ့ ကျမ မထင်မှတ်ထားတဲ့ စကားလုံးတွေကြောင့် မျက်ရည်ပေါက်ပေါက်ကျခဲ့သေးတယ်။

ဒီလိုနဲ့ဘဲ စိတ်အလိုမကျမှုများစွာနဲ့ ကျမတစ်ယောက် တော်လှန်ရေးတပ်ရဲ့ ရဲဘော်ကြီးဖြစ်ခဲ့ပြီး တာဝန်ကျရာမှာ စတင်ထမ်းဆောင်ရပြီ...။
”ရဲမေတွေဆိုတာ ရဲဘော်တွေ မျက်စိအဆာကျေဖို့ ရှိကိုရှိရမယ်”
“ရဲမေချောချောလေးတွေရှိမှ ရဲဘော်တွေ တပ်တွင်းနေပျော်ကြမှာပေါ့”
“အိမ်ထောင်ပြုရင် တပ်က ထွက်ခွင့်ရပြီ မင်းတို့က အေးဆေးဘဲနော်”
“အမေပေးတဲ့ လယ်တစ်ကွက် အကြောင်းပြပြီး အချောင်ခိုမယ် မကြံနဲ့”
“မိန်းကလေးအတွင်းခံတွေ လူမြင်အောင်မလှန်းနဲ့ တပ်မှာက
ယောကျ်ားလေးတွေအများကြီးပဲ... သွား....ဘားတိုက်အနောက်မှာဘဲ
သွားလှမ်း”
“ရဲမေတွေ အဝတ်ကို လူမြင်အောင်မလှန်းနဲ့နော်၊ မမြင်ရတဲ့ နေရာပဲလှန်း”
“အောက်မှာ အထက်အရာရှိ အိမ်ရှိတယ် ဘုန်းနိမ့်လိမ့်မယ်”
“စစ်မေ အဝတ်တွေ အတွင်းခံတွေ လူကြီးအိမ်ဖက် လှည့်မလှန်းနဲ့နော်”
“စစ်တိုက်သွားရင် ဘုန်းနိမ့်လို့ မဖြစ်ဘူး လူတွေ ဖြတ်သွားရတဲ့ နေရာမှာ
မိန်းကလေး အဝတ်တွေမလှန်းနဲ့”
“ဒါက ယူနီဖောင်း လျော်တဲ့ ဇလုံနော် မိန်းကလေး အဝတ်တွေ ထည့်မလျော်နဲ့”
“နင်တို့ ရာသီ လာတာကလဲ မပြီးနိုင်ဘူး ဘာတာဝန်မှ
ကောင်းကောင်းမလုပ်နိုင်ဘူး”..............ဆိုတာတွေဟာ ထပ်ခါလဲလဲ....

ရာသီသွေးဟာ ရှက်စရာ ရွံစရာမဟုတ်ကြောင်း.. အမျိုးသမီးတွေရဲ့ ထဘီဟာ တခြားသော အဝတ်စတွေနဲ့ အတူတူဖြစ်ကြောင်း အာဘောင်အာရင်းသန်သန်နဲ့ အခြားသူတွေကို မျှဝေလေ့ရှိတဲ့ ကျမက အမျိုးသားတွေချည်း ထိပ်ပိုင်းခေါင်းဆောင်အဖြစ် ကြီးစိုးနေတဲ့ ဒီ အဝန်းအဝိုင်းကြီးထဲမှာ ဘယ်ကနေဘယ်လို စပြီး ပြောင်းလဲရမယ်မှန်းမသိတော့ပဲ ကိုယ်တွင်းတိုက်ပွဲတွေကြောင့် အဖျားသာ ခဏခဏ တက်ပြီး ပူလိုက်အေးလိုက်နဲ့ စိတ်ပျက်စွာ၊ အလုပ်မဖြစ်စွာဖြတ်သန်းခဲ့ရတော့တာပါပဲ။ ဒီစာကလဲ ကျမရဲ့ အားမရခြင်း၊ လိပ်ပြာမလုံခြင်းကို ဖော်ပြချက်တစ်ခုပေါ့...။
စစ်တပ်ထဲမှာ ခွဲခြားဆက်ဆံခံခဲ့ရတာဟာ ကိုယ့်အတွက် ပြင်းထန်တဲ့ အကျိုးဆက်တွေကိုလဲဖြစ်စေခဲ့တယ်။ ကိုယ့်ရဲ့ မျှော်လင့်ချက်တွေ အလုပ်လုပ်စွမ်းအားတွေကို ထိခိုက်စေတဲ့ အပြင် စိတ်ပိုင်းဆိုင်ရာနဲ့ ကိုယ်ခန္ဓာပိုင်းဆိုင်ရာ ပြဿနာတွေကိုလဲ ရင်ဆိုင်ခဲ့ရသေးတယ်။ အမျိုးသမီးတွေကို တန်းတူအခွင့်အရေးပေးတယ်ဆိုတာ အားလုံးအတွက်ဘဲ ဖြစ်တယ်ဆိုတာ တွေ ရှင်းပြခဲ့ချင်ပေမယ့် ကိုယ်တိုင်လဲ စစ်သားသက်တမ်း နုနုနယ်နယ်မို့ စစ်အသုံးအနှုန်းနဲ့မရှင်းပြတတ်သေးတော့ တောင်တန်းတွေကိုသာငေးကြည့်ရင်း “ဟင်း” ဆိုတဲ့ သက်ပြင်းရှည်တွေပဲ ထွက်ဆိုနိုင်ခဲ့တာခုထိ

ခံပြင်းနေတုန်း…။
တကယ်တော့အမျိုးသမီးတွေရဲ့ ပါဝင်မှုနဲ့ အခွင့်အရေးပေးတာက တော်လှန်ရေးတပ်ရဲ့ အောင်မြင်မှုနဲ့ သမာသမတ်ကျမှုတွေကို တိုးတက်စေပြီး လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲမှုတွေကိုဖြစ်စေတာပါ။ ဘယ်သူတွေကိုများ ဘာတွေများနစ်နာသွားစေလို့ မပြောင်းလဲနိုင်ကြတာလဲဆိုတာကိုတွေးမိတယ်။တန်းတူအခွင့်အရေးပေးတာတွေ သမာသမတ်ကျမှုနဲ့ လူ့အခွင့်အရေးကို ကာကွယ်ပေးတာတွေဟာ တော်လှန်ရေးတပ်တွေရဲ့  အရေးကြီးတဲ့ အခြေခံစံတန်ဖိုးတွေဖြစ်တာမို့ အမျိုးသမီးတွေရဲ့ အခွင့်အရေးများကိုလဲ အထူးလေးစားခဲ့ရင် လိုချင်တဲ့ ငြိမ်းချမ်းပြီး တရားမျှတတဲ့ ခရီးလမ်းတွေဟာ နီးနီးလေးပါ…။

မိုင်




အမျိုးသမီးတစ်ယောက် ၏ စွမ်းအား (သို့) မိခင်တစ်ယောက်၏ နေ့စဉ်ဘဝ ဒိုင်ယာရီ

နန့်ပွင့်လဲ့ဖူး

# “အီကိုဖီးမနစ်ဇင်ရှုထောင့်မှ အမျိုးသမီးများ၏ ကမ္ဘာကြီးအပေါ် လွှမ်းမိုးမှုစွမ်းအား”

အမျိုးသမီးနှင့် သဘာဝ ပတ်ဝန်းကျင်တွင် အခြေခံတူညီသော စိတ်ထားစွမ်းအားတွေ ရှိနေပါသည်။ ကြင်နာတတ်ခြင်း၊ ပေးဆပ်တတ်ခြင်း၊ မှီခိုလာသူတို့အတွက် စိမ်းလန်းသော ရပ်ဝန်းဖြစ်ခြင်း၊ ထောက်ပံ့မှု ပေးခြင်း အစရှိသည် အားလုံးက အမျိုးသမီးထု၏စွမ်းအား ဖြစ်သလို သဘာဝပတ်ဝန်းကျင်ရဲ့ စွမ်းအားလည်း ဖြစ်နေပါသည်။ သဘာဝပတ်ဝန်းကျင်ရှိယင်း စွမ်းအားများသည် သူ့အလိုအလျောက်ဖြစ်တည်နေသော်လည်း အမျိုးသမီးများ၏ အထက်ဖော်ပြပါစွမ်းရည်အချို့သည် လူ့အဖွဲ့အစည်းက တည်ဆောက်ပုံသွင်းပေးခံရခြင်းကြောင့် ဖြစ်ပါသည်။

ကမ္ဘာလောကကြီးက တကယ်မတရားသည်မှာ အမှန်ပင်...။လူတွေ က မတရားပါဟု ပြောလျှင် ပိုမှန်ပါလိမ့်မည်။ ခေတ်အဆက်ဆက်က လက်ခံကျင့်သုံးလာသည့် ဖိုဝါဒီကြီးစိုးမှု(Patriachy)နှင့်အတူ အရင်းရှင်စနစ် ပြန့်ပွားလာပုံသည် သဘာဝတရားကို ဖျက်စီးပြီး ကမ္ဘာပျက်ကိန်း ဆိုက်စေမယ့်အရေး ဖြစ်နေပါပြီ။

ယခုအချိန်တွင် သဘာဝပတ်ဝန်းကျင်၏ အရည်အသွေးများ ကျဆင်းလွန်ပြီး ဟန်ချက်ပျက်မှတ်အနီး ရောက်နေခြင်းကြောင့် ကမ္ဘာပျက်ကိန်းဆိုက်တော့မယ့်အရေးသည်လည်း သိပ်မထူး ဆန်းလှတော့ပါ။ လူသားတွေက သတိမထားခဲ့ကြ...။ သဘာဝတရားနှင့် ဂေဟစနစ်၏ အရေးပါပုံကို သုတေသနစာပေ အရေသော်လည်းကောင်း၊ လက်တွေ့ဖြစ်ပျက်ခံစားရ သော်လည်းကောင်း သိရှိသူခဲ့သူများသည် သဘာဝပတ်ဝန်းကျင်ရေးလှုပ်ရှားမှုများကို လွန်ခဲ့သော ဆယ်စုနှစ်ပေါင်းများစွာကတည်းက စတင်ခဲ့သည်ဟု ဆိုနိုင်သည်။ အီကိုဖီးမနစ်ဇင်ဆို၍ စတင်ပေါ်ပေါက်ခဲ့ပုံကလည်း ၂၀ ရာစု နှောင်းပိုင်းတွင် ဖြစ်သည်။ ထိုအချိန် စက်မှုစနစ်၏ ဘေးထွက်ဆိုးကျိုးများကို အမျိုးသမီးများနှင့်သဘာဝ ပတ်ဝန်းကျင်တို့အပေါ် တိုက်ရိုက်သတ်ရောက်ခံစားရချိန် ဖြစ်သည်။ ။၁၉၆၀ နှင့် ၁၉၇၀ ခုနှစ်ကြားတွင် အမျိုးသမီး သည် သဘာဝပတ်ဝန်းကျင် ပျက်စီးလာပုံများကို သိမြင်ခဲ့သလို စစ်လက်နက်များ၊ စက်ရုံများ၏ သက်ရောက်မှုများကိုပါ သိရှိခဲ့ပြီး တက်ကြွတော်လှန်မှုများ လုပ်ဆောင်ခဲ့ကြသည်။ ဂျန်ဒါတန်းတူညီမျှရေး လှုပ်ရှားမှုများ၏ အခြေပြုစတင်ရာလည်း ဖြစ်သလို ဖီးမနစ်ဇင်အရေးတွေးခေါ်သူ Françoise d’Eaubonne ကလည်း ပတ်ဝန်းကျင်ညစ်ညမ်းလာမှု၊ ကမ္ဘာ့သဘာဝပတ်ဝန်းကျင် အရည်အသွေး ကျဆင်းလာမှုများသည် နျူးကလီယ စွမ်းအင် အသုံးချမှု၊ပေါက်ကွဲမှုများနှင့် သက်ဆိုင်နေသည်ဟု ညွှန်ပြခဲ့ကြသည်။

အာဏာပိုင်များက Alakanda မြစ်ဝန်းကျင်ရှိ သစ်ပင်များကို ခုတ်လှဲဖို့ ရန်စီစဉ်သောအခါ Gaura Devi ဟူသော ဟိန္ဒူ အမျိုးသမီး တစ်ယောက်မှ ဦးဆောင်ဦးရွက်ပြုပြီး ရွာရှိ အမျိုးသမီးများ၏ စုပေါင်းပါဝင်မှုများကြောင့် အပင်ပေါင်း နှစ်ထောင့်ငါးရာခန့်အားကာကွယ်ပေးနိုင်ခဲ့သည့် ဖြစ်စဉ်သည် ၁၉၇၄ ခုနှစ်တွင် ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ ဤအဖြစ်အပျက်သည် အမျိုးသမီးထု၏ ကောင်းမွန်သော လွှမ်းမိုးမှု စွမ်းအားကို သက်သေပြလျက်ရှိပါတယ်။

အီကိုဖီးမနစ်ပညာသင်ဆုရသူနှင့် တက်ကြွလှုပ်ရှားသူများထဲမှ တစ်ဦးဖြစ်သည့် Vandana Shiva သည် ကမ္ဘာ့ရွာကြီးဖြစ်လာခြင်းအပေါ် ဇီဝနည်းပညာ အထောက်အကူပြုမှု

များကြောင်း ရှာဖွေတွေ့ရှိခဲ့သလို Maria Mies သည်လည်း ပက်ထရီအာခီစနစ်၊ အရင်းရှင်စနစ်၊ အမျိုးသမီးများနှင့် ဂေဟဗေဒ အရည်အသွေးကျဆင်းမှုများ၏ ဆက်စပ်မှုတို့ကို ထုတ်ဖော်ပြသနိုင်ခဲ့သည်။

အီကိုဖီးမနစ်ဇင်သည် တဖြည်းဖြည်း ကြီးထွားကျယ်ပြန့်လာခဲ့သလို ချဉ်းကပ်နည်းများလည်း အများကြီးရှိနေဆဲ ဖြစ်ပါသည်။ သားသတ်လွတ်စားကြသည့် အီကိုဖီးမနစ်တွေ ရှိကြသလို Spiritual, Materialist အီကိုဖီးမနစ်တွေလည်း ရှိကြပါတယ်။

**ယဉ်ကျေးမှုဓလေ့အခြေပြုအီကိုဖီးမနစ်များ (Cultural Eco-Feminists)၏ ယူဆချက်အရ အမျိုးသမီးတို့၏ မိသားစုအပေါ် တာဝန်ယူရမှုများနှင့် ဇီဝကမ္မ ဖြစ်စဉ်များသည် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ဖို့ မွေးဖွားလာခြင်းဖြစ်ပြီး စောင့်ရှောက် သင့်သည်ဟု ယူဆကြသလို ရာဒီကယ်အီကိုဖီးမနစ်များ (Radical Eco-Feminists)က ဆန့်ကျင်ဘက်အတွေးအခေါ်နှင့် လူမှုပတ်ဝန်းကျင်အမြင်များကို တရားသေမယူဆသင့်ကြောင်း ထောက်ပြမှုများ ရှိခဲ့သည်။**

အဘယ်ကြောင့်ဆိုသော် အမျိုးသမီးနှင့်သဘာဝ တရားကြား ဇီဝဗေဒ သက်ဆိုင်မှုများသာမက အခြားသော ဘဝနေထိုင်မှုများ၊ လူသားများ၏လုပ်ဆောင်ချက်များနှင့် ချိတ်ဆက်နေခြင်းဖြစ်ကြောင်း ဆိုရှယ်လစ်အီကိုဖီးမနစ်များ(Social Eco-Feminists)က ထောက်ပြခဲ့သည်။

မည်သို့သော ချဉ်းကပ်နည်း၊ ရှုထောင့်အမြင်များမှပင် ကြည့်ပါမူ... ရာသီဥတု ပျက်စီး မှုများနှင့်အတူ အမျိုးသမီးတို့၏ နေ့စဉ်ဘဝတွင် အခက်အခဲများ ပိုမို ဖြစ်ပေါ်လာခြင်းကိုတော့ ငြင်းချက်ထုတ်မရနိုင်ပါ။

ရာသီဥတု ပူအိုက်လျှင်ပင် အမျိုးသမီးနှင့် အမျိုးသားကြား အဝတ်အစား ဝတ်ဆင်မှု အတားအဆီးများရှိနေသလို ကမ္ဘာ့ကုလသမဂ္ဂ စာတမ်း ထုတ်ပြန်မှု တစ်စောင်တွင် ရာသီဥတု ပူပြင်းမှုကြောင့် ရေရရှိရန်အတွက် ခရီးရှည် ထွက် လမ်းလျှောက်ရခြင်းများ ရှိသည်ဟု ကြေငြာထားသည်။ မြန်မာ့အညာဒေသတွင်ဆိုလျှင်လည်း ရေရှားပါးဒေသများမှာ ရေ အရင်းအမြစ်ဆီ ဦးတည်ကာ ရေခံ၊ရေခပ် ထွက်


Ko Bphone

ရ သည့် တာဝန်ကို အမျိုးသမီးများက အများစု ယူထားသည် မဟုတ်ပါလား။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးတွင် အမျိုးသမီးများ၏ အမြင်များသည် အရေးပါအရာရောက်သည့်ကဏ္ဍမှ ပါဝင်နေသည်။ နိုဘယ်ဆုရ ဇီဝဗေဒပညာရှင်တစ်ဦး ဖြစ်သူ ရေချယ်ကာဆင်သည် သူမ၏ "တိတ်ဆိတ်သော နွေဦး(Silent Spring)" ဆိုသည့်စာအုပ်၌ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး အသုံးပြုမှုများအကြောင်း ထောက်ပြခဲ့သလို သူမ၏ထူးချွန် ပြောင်မြောက်မှုများက ကမ္ဘာ့ သဘာဝပတ်ဝန်းကျင် သမိုင်းတွင် မှတ်တမ်းများအဖြစ် တင်ကျန် ရစ်စေခဲ့သည်။

Wangari Maathai အမည်ရ ကင်ညာနိုင်ငံမှ အာဖရိကန် အမျိုးသမီးတစ်ဦးသည် အပင်စိုက်ပျိုးရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် အမျိုးသမီးအခွင့်အရေးတက်ကြွလှုပ်ရှားမှုအတွက် နိုဘယ်ငြိမ်းချမ်းရေးဆုကို ၂၀၀၄ ခုနှစ်၌ ဆွတ်ခူးရရှိခဲ့ပါသေးသည်။သူမလှုပ်ရှားမှုများသည် Green Belt Movement ဟု လူသိများခဲ့သည်။ ဂမ်ဘီယာတက်ကြွလှုပ်ရှားသူများဖြစ်သော Isatou Ceesay မှာမူ ပြန်လည်အသုံးချတီထွင်မှုပြုလုပ်သူဘုရင်မ အဖြစ် နာမည်ကျော်ကြားခဲ့သည်။ သူမသည် Njau Recycling ကို တည်ထောင်သူလည်း ဖြစ်ပြီး ပလတ်စတစ် အမှိုက်များအား ပြန်လည်အသုံးပြုနိုင်မည့်ပစ္စည်းများအဖြစ် တီထွင် နိုင်သူအဖြစ်အောင်မြင်နေဆဲ...။

သိပ္ပံနှင့်သဘာဝပတ်ဝန်းကျင်စင်တာ (CSE)၏ အိန္ဒိယ နိုင်ငံဆိုင်ရာဒါရိုက်တာ တစ်ဦး ဖြစ်သူ အိန္ဒိယသဘာဝပတ်ဝန်းကျင် လှုပ်ရှားသူ၊ နိုင်ငံရေး တက်ကြွလှုပ်ရှားသူ Sunita Narian ကိုလည်း လျစ်လျူရှုလို့ မရ။ ရေစီမံခန့်ခွဲမှု၊ရာသီဥတုပြောင်းလဲမှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုများအတွက် သူမက ကျယ်ပြန့်စွာ ဆောင်ရွက်အကောင်ထည်ဖော်နေခြင်း ဖြစ်သည်။

အမေရိကန် ပင်လယ်သမုဒ္ဒရာ ဓာတ်ပုံဆရာနှင့် စွန့်စားသူ ဖြစ်သည့် Sylvia Earle သည် သမုဒ္ဒရာထိန်းသိမ်းမှုအတွက် လှုံ့ဆော်သူတစ်ဦး ဖြစ်ပြီး အမေရိကန် နိုင်ငံ၏ နိုင်ငံလုံးဆိုင်ရာ သမုဒ္ဒရာနှင့်လေထုထိန်းသိမ်းရေးအဖွဲ့အစည်း(NOAA)တွင် သိပ္ပံပညာရှင်တစ်ဦး အနေဖြင့် ကမ္ဘာမြေကို စောင့်ရှောက်နေသူ တစ်ဦးလည်း ဖြစ်သည်။

အမျိုးသမီးများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သုတေသနပိုင်းဆိုင်ရာ၊ တက်ကြွလှုပ်ရှားမှုပိုင်းဆိုင်ရာနှင့် ဦးဆောင်မှုမြောက်မြားစွာ ပြုလုပ်ခဲ့ပြီး ၊ ယနေ့တိုင်ပြုလုပ်နေလျက် ရှိသည်။ အမျိုးသမီးတို့၏ ကမ္ဘာကြီးအပေါ် လွှမ်းမိုးမှုစွမ်းအား ကြီးမားလှသလို ကမ္ဘာကြီးနှင့် အမျိုးသမီး တို့၏ ချိတ်ဆက်ဖြစ်တည်မှုများမှ သဘာဝပတ်ဝန်းကျင်အရေး၊ အမျိုးသမီးအရေးများအတွက် တန်းတူညီမျှခြင်း အပြောင်းအလဲများအတွက် ဆက်စပ်ပြီး တစ်ပါတည်း ဆန့်ကျင်တိုက်ပွဲဝင်ကြရမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက် ရပါတော့သည်။

**ရိုဝန်**

ကိုးကား- *Rainfall Magazine , Mindbodygreen Magazine*

# “ပျံသာပျံပါ ငှက်ကလေး”




ဟာမိုင်နီ

မျှော်လင့်ချက်ပျောက်ဆုံးခြင်းကို သိနားလည်ခြင်းမရှိတဲ့ လူတွေဟာ ဘဝကို အတုအယောင်အိပ်မက်တွေနဲ့ ရှင်သန်နေကြတာလို့ ပြောရမယ် ။ ဒါပေမယ့် အသက်နဲ့ရင်းရမယ်ဆိုရင်တောင် စတေးခံတတ်တဲ့လူတွေကျတော့ရော…?

မိုက်မဲတုံးအလွန်းတာထက် လှပတဲ့ကြင်နာမှုတစ်ခုပဲလို့ ကျွန်မကတော့ ယူဆချင်တယ် ။ ကျွန်မမှာလည်း အဲ့လို မိုက်မဲတုံးအလွန်းတဲ့ ငှက်ကလေးတစ်ကောင်နဲ့ ခင်ခဲ့ဖူးတယ်။ ဒီငှက်ကလေးက ကျွန်မအနားမှာ ရှိနေခဲ့တာ နှစ်အတော်ကြာပါပြီ။ သူမက ခင်မင်နှစ်လိုစရာ အပြုအမူတွေနဲ့ အတူ မနီးမဝေးမှာ ရှိနေခဲ့ပေမယ့် ကျွန်မက သေချာ သတိမပြုမိခဲ့ဘူး။ လွန်ခဲ့တဲ့ တစ်နှစ်ကျော်ကတော့ အမှတ်မထင် သူမနေတဲ့ တောအုပ်လေးအကြောင်း သိလိုက်ရချိန်မှာ ကျွန်မဟာ ငှက်ကလေးနဲ့ စကားစပြောဖြစ်ပြီး မိတ်ဆွေတွေ ဖြစ်ခဲ့ကြတယ်။

ငှက်ကလေးက နာမည်ရင်းမဟုတ်ပါဘူးတဲ့။ သူတို့စခန်းမှာ အားလုံးဟာ နာမည်ရင်းအသုံးမပြုပဲ အခုလိုပဲ သူတို့နဲ့ လိုက်ဖက်တဲ့ ချစ်စရာနာမည်ဝှက်လေးတွေကိုယ်စီရှိကြတယ် ။ ငှက်ကလေးနဲ့ စသိချိန်မှာ ကျွန်မက နယ်မြို့အိမ်မှာ အလုပ်နားပြီး ခဏပြန်နေနေတဲ့အချိန်။ အိမ်ကမိသားစုတွေနဲ့ အဆင်မပြေသလို အလုပ်လည်းနားထားလို့ ဝင်ငွေမရှိ၊ နိုင်ငံရေးအနေအထားကလည်း ရွှေပြည်တော်မျှော်တိုင်းဝေးဖြစ်နေချိန်…၊ ဒီတိုင်းပြည်မှာ လက်ရှိဖြစ်ပျက်နေတာတွေကို အပြစ်တင်စိတ်ပျက်ရုံကလွဲလို့ ဘာမှလည်း ထူးထူးခြားခြား ကူညီထောက်ပံ့တာတွေ မလုပ်နိုင်တဲ့လူပါပဲ ။ အသိတွေထဲ project (ဒါမှမဟုတ်) campaign ရှိလို့ စာမူလိုရင်ရေးပေးတာ တခြားလုပ်တတ်တာလေးတွေပဲ ကူနေရင်း ပိုက်ဆံလည်းမရှိ အိပ်မက်တွေလည်း သေဆုံးနေတဲ့ လူလတ်ပိုင်း တောင်ပံခြေကျပါပဲ။ ကျွန်မအသိမိတ်ဆွေထဲက တောထဲမှာ သွားနေတဲ့လူအများစုမှာလည်း ရလာတဲ့ အခွင့်အရေးကို အလွဲသုံးစားလုပ်ပြီး နိုင်ငံခြားပြောင်းပြေးကြ၊ ပျော်ပါးနေကြတာတွေ မြင်နေရတဲ့အခါ ဒီလိုသွားနေတဲ့လူတိုင်းဟာ တိုင်းပြည်အတွက် အနစ်နာခံတဲ့

သူရဲ့ကောင်းတွေမဟုတ်ပါလားလို့ သံသယတွေနဲ့ အမြဲကြည့်မိတာ အမှန်ပါ။ ငှက်ကလေးနဲ့ စသိတော့ စကားပြောဖြစ်ချိန်ဟာ သူတို့စခန်းမှာ အလူခံရလာတဲ့ ပေါင်မုန့်တွေ ရက်လွန်နေတာကို နှမြောပြီး စားမိကြရင်း အားလုံး ဝမ်းလျောနေကြချိန်ပါ။ ဆေးမှူးတစ်ယောက်တော့ ရှိပေမယ့် စခန်းကအားလုံးအတွက် ဆေးအလုံအလောက်မရှိပါဘူး ။ အင်တာနက်လိုင်းက သူတို့ဘက် အမြဲမကောင်းတာရယ် ငှက်ကလေးတို့ဟာလည်း ကိုယ်စီ နေ့ည ကင်းစောင့်တာနဲ့ တခြားတာဝန်တွေ လုပ်ကြရတာမို့ သူစာပို့ရင် ချက်ချင်းသိရအောင် ကျွန်မက အမြဲ ဖုန်းကို သတိထား စောင့်ကြည့်ပြီး အိမ်အလုပ်တွေလုပ်နေရင်းတောင် သူနဲ့ စကားပြောဖြစ်ခဲ့ပါတယ်။ ဘာလို့ဆို ငှက်ကလေးရဲ့ မိတ်ဆွေအတော်များများဟာ သူ တောထဲရောက်သွားချိန်မှာ ဆက်စပ်မှုဖြစ်မှာစိုးလို့ စကားပြန်မပြောကြတော့ပါဘူး။ ကျွန်မနဲ့ စကားပြောရတာ၊ အဖော်ရတာ ဝမ်းသာတယ်ဆိုတဲ့ စကားကြောင့် အမြဲအချိန်တစ်ခုပေးပြီး စောင့်ခဲ့တယ် ။ တခါတလေ သူမလာစကားပြောချိန်မှာ သူတို့စခန်းတစ်ခုကနေ တစ်ခုကို ပြောင်းလာခါစပါ ။ ကျွန်မနဲ့ စကားပြောတဲ့ လအနည်းငယ်အတွင်းမှာ သူတို့ဟာ နေရာတစ်ခုပြီးတစ်ခုကို အမြဲပြောင်းနေကြရချိန်ပါပဲ။ ခဏခဏ ပြောင်းရလွန်းလို့ သူတို့ထိန်းသိမ်းရမယ့် ရဲဘော်တစ်ယောက်ရဲ့ လက်နက်ပစ္စည်းတွေရဲ့ အလေးချိန်ကတင် မနည်းတာမို့ သူတို့ဟာ အဝတ်အစား အကုန်နီးပါး စွန့်ပစ်ခဲ့ကြပါတယ်တဲ့…။ ငှက်ကလေးမှာ သူ့ရဲ့ ယူနီဖောင်းအပြင် ဝတ်စုံအပို ၂ စုံပဲ ရှိပါတယ်။ ပြောင်းလွန်းမက ပြောင်းရတာကြောင့် စောင်ကိုပါ တစ်ဝက်ဖြဲပြီး ယူခဲ့တယ်လို့သိရချိန်ဟာ မနှစ်က မိုးရာသီအချိန်ပါ။ ကင်းစောင့်ရင်း မိုးမိတဲ့ညတွေမှာ အချိန်ပြည့်လို့ ပြန်အိပ်ရင် မိုးမိထားတဲ့အဝတ်ကို အပိုလဲဖို့ တခါတလေ ခြောက်တဲ့အဝတ်မရှိဘူးအစ်မရယ်လို့ ဖြေတဲ့ ငှက်ကလေးရဲ့ စကားမှာ ကျွန်မဟာ အမြဲစိတ်ပူဝမ်းနည်းခဲ့ရတယ်။ တစ်ဝက်ဖြဲပြီးယူလာတဲ့ စောင်ဟာလည်း အမြဲခြောက်သွေ့နေဖို့ မျှော်လင့်လို့ မရပြန်ပါဘူး။ စခန်းချချိန် ရွာသားတွေ စွန့်ခွာသွားတဲ့ အမိုးအကာလုံခြုံတဲ့အိမ်တစ်ခုခုမှာ နေရတဲ့အခါရှိသလို မိုးကာမိုးပြီး ဖြစ်သလို မြေကြီးပေါ် အိပ်ကြရချိန်တွေလည်း ရှိပါတယ်။ ရာသီဥတုက မိုးသည်းပြီးအေးနေတော့ အဝတ်တွေကလည်းစိုနေတဲ့အချိန်မှာ ခြင်၊ယင်ကစလို့ တခြားအကောင်ပလောင်မျိုးစုံလည်း ရှိတဲ့ဒေသတွေမို့ ငှက်ကလေးဟာ အမြဲပေတေပြီး ဖြစ်သလိုနေရပေမယ့် မညည်းညူတတ်တဲ့ အင်မတန်ချစ်စရာကောင်းတဲ့ကလေးပါ။ ကျွန်မက မြို့ပေါ်က အနေအထားတွေကြောင့် စိတ်ကျစိတ်ညစ်နေတတ်ရင်တောင် ပြန်အားပေးတတ်တဲ့ ဖြူစင်ကြင်နာတဲ့ သူပါ။

**“ငှက်ကလေးလို အသက် ၂၀ ကျော် ကလေးတွေဟာ မကောင်းတဲ့စနစ်ဆိုးနဲ့ အာဏာရူးလူတစ်စုကို တိုက်ထုတ်နိုင်ဖို့ သူတို့ အသက်၊ သွေး၊ ချွေး၊ လူငယ်ဘဝလွတ်လပ်မှု၊ နွေးထွေးတဲ့အိပ်ရာ၊ မိသားစုထမင်းဝိုင်း၊ ချစ်ခင်ကြင်နာသူတွေနဲ့ဝေးကွာရခြင်းကို ကြံ့ကြံ့ခံပြီး ရာသီဥတုကြမ်းတဲ့ တောတောင်တွေထဲ၊ ရွာတွေထဲ ဖြစ်သလို စခန်းသွား နေထိုင်နေချိန်မှာ ကျွန်မတို့က အနည်းဆုံးတော့ ခြုံစရာစောင်၊ ခေါင်းအုံးနဲ့ အမိုးအကာအောက်မှာ အိပ်ကြရသေးတယ် မဟုတ်လား…?”**

အစားကောင်းအသောက်ကောင်းမဟုတ်တောင် နပ်မှန်အောင် ကျွန်မတို့ စားကြရသေးတယ်။ အသက်ဘေးနဲ့နီးတဲ့ ဒေသတွေမှာ ဘယ်အချိန် လက်နက်တစ်ခုခုနဲ့ ထိပြီး ဒီလောကထဲက ဖျတ်ခနဲ ပျောက်ကွယ်သွားမလဲမသိ နေ့ရောညရော မပူပင်နေရဘူးမလား...?

ကျွန်မတို့က ကျွန်မတို့ရဲ့ စိတ်ကူးအိပ်မက်တွေ အကောင်အထည်ဖော်ဖို့ ပိုခက်ခဲသွားလို့ မကျေမနပ်ညည်းညူနေချိန်မှာ ငှက်ကလေးနဲ့ သူ့အပေါင်းအပါတွေဟာ သူတို့ရဲ့ အသက်၊ ဘဝ၊ အိပ်မက် ၊ အချိန်...အရာအားလုံး ပေးဆပ်ပြီး နေနေခဲ့ကြတာပဲမလား...?

နောက်ဆုံး စကားပြောဖြစ်တဲ့နေ့က အမြဲကျွန်မကို မှာနေကျအတိုင်း အစ်မ နေကောင်းအောင်နေနော် စိတ်မညစ်နဲ့ မှာသွားတယ်။ မနက်ဖြန် တိုက်ပွဲကြီးမှာမို့ ခါတိုင်းထက် လက်နက်တွေ၊ ကျည်ဆံတွေ ပိုထုတ်ပေးထားတယ်ပြောလာပေမယ့် ဒီစကားပြောခဲ့တဲ့ တစ်နှစ်ကျော်လုံး တစ်ခါမှ အထိအခိုက်မရှိဘူးတဲ့သူ... စိတ်ထားကောင်းသူမို့ ခါတိုင်းလိုပဲ လိုင်းရရင် အစ်မရေ နေကောင်းရဲ့လား လာမေးဦးမယ် ထင်ခဲ့တာပါပဲ။ ကျဆုံးသွားပြီဆိုတဲ့ သတင်းတက်လာချိန်ဟာ တခြားကျဆုံးသူတွေလို အာဇာနည်တစ်ယောက်အနေနဲ့ ဂုဏ်ပြုပို့စ်တစ်ခု မဟုတ်ခဲ့ပါဘူး။ ငှက်ကလေးလိုပဲ ချစ်စရာကောင်းတဲ့ ညီမလေးတစ်ယောက်က ဝမ်းနည်းကြောင်းတင်တာကိုသာ ဖတ်ရပြီး သိခဲ့ရတာ။ ၃နှစ်ကျော် စနစ်ဆိုးတစ်ခုကို ရဲရဲရင့်ရင့် ရှင်သန်တိုက်ထုတ်သွားခဲ့တဲ့ လူကအမျိုးသမီးပေမယ့် စိတ်က သန်မာလိုက်ပုံများ...။ “ကျွန်တော် အစ်မကို လာတွေ့မယ် ပြန်လာလို့ အစ်မတစ်ယောက်ထဲဖြစ်နေရင် ကျွန်တော် အမြဲစောင့်ရှောက်မယ်နော်”လို့...ပြောခဲ့ဖူးတဲ့ ရိုးသားကြင်နာတဲ့ အိပ်မက်သေးသေးလေးတွေနဲ့ ကလေးလေးတစ်ယောက်က လူမသိသူမသိ အသက်ပေးဆပ်ခဲ့တယ်။ ငှက်ကလေးလိုပဲ လူမသိသူမသိ ကျဆုံးခဲ့တဲ့ အာဇာနည်ကလေးတွေ ဘယ်လောက်များပြီလဲ။ ဒီခရီး ဘယ်လောက်ရှည်ရှည် အားလုံးညီညွတ်ကြရင် ဖြစ်နိုင်တယ်ဆိုတဲ့ စိတ်နဲ့ အခုထိ တောင့်ခံနေဆဲလူငယ်တွေအများကြီး ရှိနေပါသေးတယ်။

ကမ္ဘာကြီးက သူ့ရှေ့မှာလည်နေတာ တပတ်ပြီးတပတ်...။ သူမက ပျော့ပျော့ပြောင်းပြောင်းနဲ့ ပုံသွင်းဖို့ကြိုးစားနေရတာ အနှစ် ၂၀ ကျော်ခဲ့ပြီ...။ တခြားလူတွေလိုပဲ သွားချင်၊စားချင်၊ ပျော်ပါးချင်၊ဖြစ်ချင်၊လုပ်ချင်တဲ့ အိပ်မက်တွေကို ချနင်းပြီး တိုက်ပွဲရှည်ကြီးကို ရုန်းနေခဲ့တာ ပိုကောင်းတဲ့ အနာဂတ်အတွက်ပဲ။ အဲ့ဒီ အနာဂတ်မှာ သူမ အသက်ရှင်လျက်ဆက်ရှိနေပြီး အိမ်ပြန်မယ်၊အမေချက်ထားတဲ့ထမင်းဝိုင်းကို အားရပါးရစားမယ်ဆိုတာတွေ ဖြစ်ချင်မှဖြစ်နိုင်မယ်ဆိုတာလဲ သိသိရက်နဲ့ပေါ့။ ဒါပေမယ့် တကယ့်လက်တွေ့ကျအရာအားလုံး ပြီးဆုံးသွားရင်တောင် ငှက်ကလေးတစ်ကောင်ဟာ ကိုယ်ပိုင်လွတ်လပ်မှုနဲ့ ပျော်ရွှင်ခြင်းတွေအပြင် သူ့အသက်ကိုပါ စတေးခဲ့တာ ဘယ်သူမှသတိထားမိမှာတောင်မဟုတ်ဘူး။

**“ အဲ့လို လူမသိ သူမသိ အသက်နဲ့ဘဝကို ပေးဆပ်ကြရတဲ့ ငှက်ကလေးလို လူမျိုး ဘယ်နှယောက်တောင် ရှိနေပြီလဲ? ကျွန်မတို့က ရော ... ? ”**

ဒါကြီးပြီးသွားရင်ဆိုပြီး ထိုင်စောင့်…၊ ဘဝကို မကျေမနပ်ရှေ့ဆက်နေကြတာကလွဲလို့ ဘာတွေ စွန့်လွှတ် စတေးခဲ့ပြီးပြီလဲ?

အိမ်ပြန်ချင်နေတဲ့ ငှက်ကလေး ဘယ်နှစ်ကောင်လောက် လမ်းတစ်ဝက်မှာ လမ်းဆုံးခဲ့ကြပြီလဲ…?

အိမ်ပြန်ချင်နေတဲ့ ငှက်ကလေး ဘယ်နှစ်ကောင်လောက်များ အိမ်ပြန်ရောက်ခဲ့ကြပြီးပြီလဲ…?

ငှက်ကလေးအတွက် လက်တွေ့ဟာ အိပ်မက်နဲ့ တခြားစီဆိုတာ အခုမှ သိခဲ့တာ မဟုတ်ဘူးလေ။ ဒီခရီးကို စလျှောက်ထဲက သိသိရက်နဲ့ သူတို့ ပျံသန်းခဲ့ကြတာ ……..
အခုတော့ ……..
ဒီခရီး နီးသည်ဖြစ်စေ ဝေးသည်ဖြစ်စေ ……..
အဆုံးအစမဲ့ မိုးကောင်းကင်မှာ ပျံသာပျံပါ ငှက်ကလေး …….

# သဘာဝစွမ်းအားထဲက လူသားဆန်အလှတရား

အမျိုးသမီးသဘာဝရယ်လို့ ကြားမိတာနဲ့ စာဖတ်သူတို့ ဘာကို မြင်မိကြပါသလဲ...? ကျွန်မကတော့ အမျိုးသမီး ဖြစ်တည်မှု အနုပညာနဲ့ ၎င်းတို့ရဲ့ သဘာဝ စွမ်းအားကို ပြေးမြင် မိပါတယ်။ အမျိုးသမီးသဘာဝဆိုတာ အမျိုးသမီးတွေမှာ သဘာဝအလျောက် ဖြစ်ပေါ်နေတဲ့ အခြေခံတွေကို ခေါ်ဆိုခြင်းရယ်လို့ ကျွန်မယူဆမိပါတယ်။ ပြုမူနေထိုင်ပုံ၊ ဘဝနေနည်းအယူအဆ အပြင် ခန္ဓာကိုယ်ပိုင်း၊ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာ အတွေ့အကြုံတွေပါ ပါဝင်နေပါတယ်။

သို့ပေမယ့် ကျွန်မတို့ မြန်မာနိုင်ငံ လူမှုအသိုင်းအဝိုင်းမှာသာမက နိုင်ငံတကာ အသိုင်းအဝိုင်းမှာပါ "မိန်းမလို မိန်းမရစိတ်"၊ အပြုအမူ စတဲ့စကားတွေအပြင် "မိန်းမမဆန်စမ်းပါနဲ့"ဆိုတဲ့ သတိပေး စကားတွေကို သုံးတတ်ကြပါတယ်။ ဒါဟာအမျိုးသမီးဖြစ်တည်မှု၊ ဘဝတွေကို ဖိနှိပ်ရှုံ့ချခြင်းလည်း ဖြစ်သလို ယခုထိတိုင် အကျင့်ပါပြောဆိုနေကြဆဲပဲဖြစ်ပါတယ်။

မိန်းမဆန်လိုက်တာဆိုတဲ့ထဲမှာ အမျိုးသမီးတွေရဲ့ ထိခိုက်မခံနိုင်တဲ့စိတ်၊ အားနည်းပျော့ပျောင်းမှုတွေကို ရည်ညွှန်းလိုကြတာဖြစ်ပြီး အလှအပကြိုက်တာ၊ အတင်းအဖျင်းပြောတတ်တာ အထူးသဖြင့် စိတ်သဘောထားသေးသိမ်မှုကို ဖော်ပြလိုရာမှာ အသုံးပြုကြတာတွေ့ရတယ်။ ဒီလိုနဲ့ အမျိုးသမီးတွေဟာ ထောင်စုနှစ်များစွာတိုင် အားနည်းချက်အဖြစ်၊ အထင်အမြင်သေးစရာအဖြစ် ရှုမြင်ခံနေရတာလည်းဖြစ်ပါတယ်။

လုပ်ငန်းခွင်မှာဆိုရင်လည်း အမျိုးသားတွေ ဦးဆောင်အုပ်ချုပ်မှုက ပိုအောင်မြင်တယ်ဆိုပြီး ပြောစမှတ်ပြုကြပါတယ်။ အမျိုးသားတွေကတော့ဖြင့် တွေကတော့ဖြင့် သန်မာတယ်၊ လွှမ်းမိုးနိုင်တယ်။ ဒါ့ကြောင့် ယောကျ်ားတစ်ယောက်လို လုပ်ဆောင်ရမယ်ဆိုတဲ့ စံနမူနာသတ်မှတ်မှုကလည်း ဝင်လာခဲ့ပါတော့ တယ်။

> **အမျိုးသားတစ်ယောက်လို လုပ်နိုင်ခြင်းကသာ ထက်မြက်ခြင်းဖြစ်ပြီး ထိုထက်မြက်ခြင်း ဖြစ်မှသာ အောင်မြင်မယ်ဆိုတဲ့ တဖက်သတ် အတွေးအခေါ်တွေ လွှမ်းမိုးလာပါတယ်။**


လုပ်ငန်းခွင်အတွင်းမှာ မျက်ရည်တွေထိန်းချုပ်ထားရသလို ဖိအားတွေနဲ့ ရင်ဆိုင်ရ ချိန်မှာ ယောကျ်ားဆန်တဲ့အပြုအမူတွေ ရှိရမယ်၊ ပိုသန်မာရမယ်၊ မိမိကိုယ်ကို ယုံကြည်နေရမယ် အစရှိတဲ့ အရည်အသွေးတွေရှိမှသာ လူ့အသိုင်းအဝိုင်းမှာ အရေးပါပြီး ရှေ့ရောက်စေလိမ့်မယ်လို့ စံနှုန်းတွေ လက်ကိုင်ထားကြဆဲပါပဲ။

စိတ်ခံစားထိခိုက်လွယ်ရင် ပျော့ညံ့တယ်ဆိုပြီး အမျိုးသမီးအချင်းချင်းတောင် နှိမ့်ချမှုတွေ တွေ့ရသလို ကိုယ်တိုင်ခံစားရသူအမျိုးသမီးတွေအနေနဲ့လည်း ငါ့အားနည်းချက်က ပျော့ညံ့တာပဲဆိုပြီး ကိုယ်တိုင်မကြိုက်နှစ်သက်မှုတွေ ဖြစ်ပေါ်လာပါတယ်။

အမျိုးသမီးအနုပညာဆန်ခြင်းဆိုတဲ့ စကားဟာ ကျယ်ပြန့်လှပါတယ်။ လူမှုအဖွဲ့အစည်းရဲ့ တစ်ဖက်စောင်းနင်း ခြုံငုံသတ်မှတ်ချက်အရ အမျိုးသမီးသဘာဝ အောက်မှာ စိတ်ခံစားလွယ်မှု၊ စိတ်အားငယ်ပျော့ညံ့မှု၊ အလှအပကြိုက်မှု၊ မနာလို ဝန်တိုစိတ်ကြီးမှု၊ အတင်းအဖျင်းကြိုက်မှု ၊ စိတ်သဘောထား သေးသိမ်မှု အစရှိတာတွေက ပတ်ဝန်းကျင်ရဲ့ အမြင်၊ လူအများ သတ်မှတ်ကြတဲ့ အမြင်တွေထဲမှာ အဓိက ပါဝင်နေတယ်လို့ လေ့လာမိရပါတယ်။ ဒါပေမယ့် ဒီသတ်မှတ်ချက်တွေ၊ ထင်မြင်ချက်တွေဟာ အမျိုးသမီးတိုင်းနဲ့မကိုက်ညီဘူးဆိုတာကို လူအများစုက သတိမမူမိကြပါဘူး။

လေ့လာဆန်းစစ်မှုနဲ့ သမိုင်းကြောင်းမှတ်တမ်းတင်မှု အားနည်းခြင်းတို့ကြောင့် ဖွင့်ဆိုပုံများယွင်းမှုတွေများစွာဖြစ်ပေါ်နေရခြင်းဟာ နောက်ခံအကြောင်းတရားများ ဖြစ်နေပါတယ်။

အပေါ်မှာပြောခဲ့တဲ့ စိတ်ခံစားလွယ်မှု၊ စိတ်အားပျော့ညံ့မှု၊ အလှအပ ကြိုက်မှု၊ မနာလို ဝန်တိုစိတ်ကြီးမှု၊ အတင်းအဖျင်းကြိုက်မှု၊ စိတ်သဘောထားသေးသိမ်မှု အစရှိတာ တွေဟာ ကျား/မ ဂျဲန်ဒါသတ်မှတ်ချက်နဲ့ မဆိုင်ဘဲ လူတစ်ဦးတစ်ယောက်ရဲ့ စိတ်ထားအပေါ် အခြေခံခြင်းဖြစ်တယ်လို့ ကျွန်မ ယုံကြည်မိပါတယ်။ လူတယောက်ဆီမှာ ယောကျ်ား စွမ်းအင်၊




ဒါ့အပြင် အထက်မှာဖော်ပြခဲ့တဲ့ အမျိုးသမီးသဘာဝလို့ ယူဆရတဲ့သတ်မှတ်ချက်တွေမှာ သဘာဝအတိုင်း ဖြစ်ပေါ်နေတာမဟုတ်ပဲ ပတ်ဝန်းကျင်နဲ့လူမှုအဖွဲ့အစည်းရဲ့ သင်ကြားမှု၊ ပုံသွင်းခံရမှု၊ မျိုးဆက်အဆက်ဆက် အမျိုးသမီးများရဲ့ စိတ်နေသဘောထားကို သေချာစွာ

မိန်းမစွမ်းအင် ဒွန်တွဲ ရှိနေတယ်လို့ ဆရာဝန်တွေက ဟော်မုန်းဆိုင်ရာ အရ ထောက်ပြကြပါတယ်။ လူတစ်ယောက်မှာ ရှိတဲ့ ယောကျ်ား၊ မိန်းမ စွမ်းအင် အနည်းအများကတော့ အချိန်အခါ၊ နေရာဒေသ၊ ပင်ကိုယ်စိတ်သဘာဝ၊ ပတ်ဝန်းကျင်စကားတွေအပေါ် အခြေခံ ပြောင်းလဲသွားတတ်ပါတယ်။

**စိတ်ခံစားလွယ်တဲ့ အမျိုးသမီးရှိသလို အမျိုးသားလည်းရှိတယ်။ အလုပ်အပကိုတော့ လူတိုင်းကြိုက်နှစ်သက်ကြတာပဲ မဟုတ်လား။ မနာလိုဝန်တိုစိတ်ကြီးဟာ မိန်းမတွေမှာသာမက ယောကျ်ားတွေမှာလည်း နောက်ကျောစားနဲ့ ထိုးတာတွေရှိပါတယ်။ အတင်းအဖျင်း စိတ်သဘောထားသေးသိမ် မှုကလည်း လူတစ်ယောက်ရဲ့ စိတ်သဘာဝပါပဲ။**

မိန်းမဖြစ်နေလို့ ဒီလိုဖြစ်ရတယ် ယောကျ်ားဖြစ်နေလို့ ဟိုလိုဖြစ်ရမယ်ဆိုပြီး သတ်မှတ်ထားတာမျိုးက ကျား/မ အခြေပြု ခွဲခြားဆက်ဆံမှု တစ်မျိုးဖြစ်တယ်။

ကျွန်မမှာဆိုရင် စိတ်အခြေအနေကပြောင်းလဲနေသလို စွမ်းအားအသုံးချမှုကလည်း ပြောင်းလဲနေပါတယ်။ အရင်က တစ်ယောက်ထဲ အတွေးများပြီး စိတ်အားငယ်ပျော့ညံ့တတ် ပေမယ့် မိသားစုအလုပ်မှာ ဦးဆောင်တာဝန်ယူသူဖြစ်လာတော့ ပြဿနာတွေ ဖြေရှင်းရင်း သန်မာလာတယ်။ အပြုအမူတွေ ပြောင်းလဲလာတယ်။ ဒါပေမယ့် တစ်ခါတစ်ရံမှာ ဝင်လာရောက်တဲ့ နူးညံ့စိတ်အခြေခံ ဝမ်းတွင်းသိစိတ်ကို တီထွင်ကြံဆမှုတွေမှာ အသုံးပြုလေ့ရှိပါတယ်။

ဒါ့အပြင် ကျွန်မက တီဗွီရေဒီယိုသံ အရမ်းကြိုက်တဲ့ထဲ ပါပါတယ်။ ကျွန်မ သဘာဝကိုက စကားပြောသံတွေ နားထောင် နေရတာကို နှစ်သက်သူ ဖြစ်ပါတယ်။ ကျွန်မ မိတ်ဆွေ၊ ဘိုးဘွား၊ ဆွေမျိုးတွေ အချင်းချင်း စကားပြောကြတဲ့အသံကို နားထောင်ပြီး ကျွန်မမှာ ရင်းနှီးမှု ချိတ်ဆက်မှု ကို ခံစားရလေ့ရှိပါတယ်။ဒါက ကျွန်မရဲ့ဖိအား ဖြေဖျောက်နည်းတစ်မျိုးပဲ ဖြစ်ပါတယ်။

ဒါပေမယ့် ကျွန်မက သူများအတင်းကိုတော့ ပြောလေ့မရှိဘူး။ ကျွန်မမှာ နဂိုတည်းက သူများတွေ မကောင်းကြောင်း ပြောရင် ဒီဘက်နားကနားထောင်၊ ဟိုဘက်နားက ထွက်တဲ့ အကျင့်ကို မွေးမြူထားပါတယ်။ ဒါကြောင့် ကောင်းတဲ့စိတ်၊ ဆိုးတဲ့စိတ်ဆိုတာ မွေးမြူကျင့်သုံးသူရဲ့ နဂိုမူရင်း စိတ်ထားနဲ့ပဲ သက်ဆိုင်နေပါတယ်။

ကျွန်မ နိဂုံးချုပ် ပြောချင်တာကတော့ အမျိုးသားတွေမှာပဲ ကောင်းတဲ့အရည်အချင်းတွေရှိရုံသာမက အမျိုးသမီးတွေရဲ့ စွမ်းအားကိုလည်း မတူညီတဲ့ အလုပ်တရားတွေ သဘာဝတရားကြီး က ပေးထားတာ ရှိပါတယ်။ ထို့အတွက်ကြောင့် လူချင်းတူတူ အမျိုးသမီးသဘာဝရဲ့ ရာသီသွေး တွေ အပေါ်မှာ ဖိနှိပ်မှုတွေ မပြုလုပ်ကြဖို့ လိုအပ်ပါလိမ့်မယ်။ အားသာချက်၊ ပျော့ညံ့ချက်၊ အမျိုးသမီးဆန်စိတ်၊ မိခင်စိတ်၊ အောင်မြင်လိုစိတ်၊ ထက်မြက်စိတ်သဘောထားရယ်လို့ ဂျဲန်ဒါ အခြေခံခွဲခြားမှုတွေ ပြုမနေဘဲ သစ္စာ၊ မေတ္တာ၊ အကြင်နာစိတ်၊ ကိုယ်ချင်းစာစိတ် အစရှိတဲ့ လူသားဆန်သော အလုပ်တရားကိုသာ ရဲရဲဝံ့ဝံ့ မွေးမြူကြဖို့ အကြံပြုလိုက်ချင်ပါတော့တယ်။

**ဗီဗီ**




# ဒုတိယလိုင်အဖြစ်မှ အမျိုးသမီးအဖြစ်မွေးဖွားခြင်း (သို့မဟုတ်) အကြမ်းဖက်မှုမှ လွတ်မြောက်ခြင်း

⚠ ညအမှောင်ရောက်လာကနေ့ အလင်းရောင်တို့ ပျောက်ရသည်။ ညလမ်းမီးများမရှိဘဲ ဖယောင်းတိုင်မီးတို့ တောက်လောင်ရသည်။ ထိုအချိန်သည် ကျွန်မ မရောက်ရှိချင်ဆုံးသော အချိန်လည်း ဖြစ်ပါသည်။ ညအချိန်သို့ ရောက်လာပြီဆိုသည်နှင့် ကျွန်မတို့ အိမ်တွင် မှိတ်တုတ်တုတ် ဖယောင်းတိုင်မီး များသာ ရှိတော့သည်။ အိမ်ရှေ့သို့ မည်သူမျှ ဖြတ်မသွား။

မေမေသည် မမှောင်မီအချိန်တွင် ကျွန်မကို ညစာ စားနှင့်စေသည်။ ကျောင်းစာများကို စောစောကျက်မှတ်စေသည်။ "သမီးအဖေ ပြန်မလာခင် အကုန်လုပ်ထားနော်။ သမီးအဖေ အကြောင်း သိတယ် မဟုတ်လား" လို့ ညနေတိုင်း မေမေပြောလေ့ရှိသောကြောင့် ထိုစကားကို ကျွန်မ မစွဲမြဲပဲ မနေနိုင်ပါ။

နာရီလက်တံက ရှစ်သို့ ညွှန်ပြနေသည်။ ကျွန်မရင်များ တဒိတ်ဒိတ်ခုန်လာသည်။ ထို့အတူ မောလည်း မောဟိုက်လာသည်။ ဒီနေ့တွင်ရော မေမေ ဘယ်နှစ်ချက်အရိုက်ခံရဦးမလဲ..?၊ ကျွန်မကို ဘယ်လိုထိခိုက် ဦးမလဲ? ဟူသော အတွေးနှင့်အတူ ရင်နာရခြင်းသည် ကျွန်မ အလေ့အကျင့်ဖြစ်လာသည်။

ဖြစ်နိုင်လျှင် အဖေ့စကားသံများကို ကျွန်မ မကြားလိုတော့။ မေမေကလည်း နေနိုင်လွန်းသည်။ အဖေ ရိုက်လျှင် ပေခံသည်။ "သူအမူးပြေတော့ မနက်ကျရင် ပြန်ချော့မှာပါ" ဟူသော စကားဖြင့် မေမေ နေတတ် လွန်းလှသည်။

ကျွန်မကမူ မေမေ့ကို နည်းနည်းလေးမျှ မထိခိုက်စေလိုပဲ ကျွန်မကို ရိုက်လိုပါက ရိုက်နှက် စေချင်သည်။မနက်ဖြန်တွင် ထိခိုက်ဒဏ်ရာများဖြင့် မေမေ့ကို ဈေးသို့ မလွှတ်လိုတော့ပါ။

"ကျွန်မ ယောကျာ်းကချစ်တာလေ" ဟု မေမေ ရယ်မောပြောနေပုံကို ကျွန်မ ငယ်ငယ်က အချစ်ဟု ထင်ခဲ့သော် လည်း ယခု ရှစ်တန်း ကျောင်းသူ ဖြစ်လာသောအခါ နည်းနည်းမျှ နားလည်လာရသည်။ မေးခွန်း ထုတ် တတ် လာမိသည်။

ကျွန်မကမူ သူငယ်ချင်းများ မေးသည့်အခါ ရှက်ရှက်ဖြင့် "မေမေက နမော်နမဲ့နဲ့ အဲ့ဒီလိုပဲ။ ခဏခဏ လှေကားပေါ်ကနေ ချော်လဲကျတာလေ"ဟု ဖြေတတ်သည်။သူတို့ မယုံကြည်မှန်း သိသော်လည်း အဖေက သည်လို၊ အမေက သည်ပုံ ဟု ကျွန်မ မဟစ်ကြွေးချင်တော့ပါ။ သူတို့အားကြည့်ရင်း အဖေမရောက်ခင် စောစောအိပ်ရာဝင်ရသည့် ကျွန်မသည်ပင် ပင်ပန်းလာသည်။

**အရွယ်ရောက်လာသည့်အခါ ကျွန်မ အိမ်ထောင်ပြုလျှင် ထိုကဲ့သို့ ရိုက်နှက်ချစ်ခြင်းများ ကို ဖြင့် ကျွန်မ မ လိုချင်ဟု တွေးသည်။ မေမေမရှိလျှင် ရိုက်နှက်ခံရသူသည် ကျွန်မ ဖြစ်လာလိမ့်မည်ကို ကျွန်မ တွေးကြောက် မိနေသည်။**

အိမ်တွင် သံဇလုံများသာ အသုံးပြုခြင်းကို ကျွန်မ သူငယ်ချင်းများက အံ့သြကြသည်။ ဈေး တွင် ကုန်မာဆိုင် ကောင်းကောင်း တစ်ဆိုင် မေမေ ဖွင့်ထားနိုင်သော်လည်း ကြွေပန်းကန်များကို ကျွန်မတို့အိမ်တွင် အသုံးပြုလေ့မရှိပါ။ ဗီရိုများသည်ပင် မှန်မရှိ ဖြစ်ရသည်။ အဖေ မူးလာလျှင် အိမ်ရှိ အိမ်ထောင်မှုပစ္စည်းများကိုပါ ရိုက်ခွဲတတ်သောကြောင့်ပင် ဖြစ်သည်။

မေမေသည် ကျွန်မကို စောစောအိပ်စေသော်လည်း ပစ္စည်းများကို အဖေ ရိုက်ခွဲသံ၊ အဖေ့ ဆူပူကြိမ်းမောင်းသံတို့ကြားတွင် ကျွန်မသည် အဘယ်ကဲ့သို့ အိပ်ပျော်နိုင်အံ့နည်း။ အဘယ်ကဲ့သို့ ဥပေက္ခာမသိကျေးကျွန်ပြုနိုင်အံ့နည်း။ ခလွမ်းခလွမ်း၊တချွင်ချွင် ကွဲကျသံများသည် ကျွန်မနာကျင်မှုပင် ဖြစ်လေသည်။ ကျောင်းတွင် ဆရာမမှစာသင်ရန် ကျောက်သင်ပုန်းကို ရိုက်လိုက်သော အခါ တဒိတ်ဒိတ် စိုးထိတ်နေမှုများကိုပင် ခံစားနေရသည်။ ထိတ်လန့်မိနေသည်။

ညအမှောင်ကို ကျွန်မ ကြောက်လှသည်။ကျွန်မ သူငယ်ချင်း ရတနာကတော့ ထိုကဲ့သို့ မဟုတ်။ ညရောက်ပြီဆိုလျှင် သူမပိုပျော်သည်ဟု ဆိုသည်။ဖယောင်းတိုင်များထွန်းကာ သူမ၏ ဘိုးဘိုးဘွားဘွားနှင့်လူကြီးများက စကားပြောကြသည်။ သူမတို့ကမူ အစ်ကို၊အစ်မ၊ညီမ၊ မောင်လေးများနှင့်အတူတူ ကစားကြသည်ဟု ပြောပါသည်။ ကျွန်မသည်လည်း ထိုကဲ့သို့ည မျိုးကို ပိုင်ဆိုင်ဖူးချင်မိပါသည်။

ကိုဗစ်ကာလတွင် ဈေးများ ပိတ်ရသောကြောင့် မေမေ့ ကုန်မာဆိုင်လေးမှာ ဈေးအရောင်း ပိတ်ထား ရသည်။ကျွန်မသည်လည်း အိမ်တွင်ပင် ကပ်နေရသည်။ ဖေဖေသည်လည်း ပွဲစား အလုပ်က အဆင်မပြေဟုဆိုကာ နေ့အချိန်တွင်ပါ သောက်လာသည်။

အရိပ်အကဲ အမြဲကြည့်နေရသော ကျွန်မအဖို့ ဖေဖေရော မေမေ့တွင်ပါ ငွေကြေး အခက်အခဲများနှင့် ဖိအားများရှိနေသည်ကို ရိပ်မိပါသည်။ အဖေကား ဒေါသပိုထွက်လွယ်လာသည်။ မေမေကား စိတ်သိမ်ငယ်နေတတ်သည်။

ထိုသို့ဖြင့် ၂၀၂၁ ဖေဖော်ဝါရီလ(၁) ရက်နေ့တွင် နိုင်ငံတော်ပဋိပက္ခ စတင်ဖြစ်ပွားပြီး နွေဦးတော်လှန်ရေး စတင်ခဲ့ပါတော့သည်။ထိုကဲ့သို့သောကာလတွင် မေမေသည် နိုင်ငံရေး သတင်းများ ကို မျက်ခြေမပြတ်စောင့်ကြည့် နေတတ်သည်။

ဖေဖော်ဝါရီ ခြောက်ရက်နေ့တွင် မေမေသည် အဖေ့ကို အသိမပေးဘဲ ကျွန်မကိုခေါ်ကာ မေမေ့မိဘဆွေမျိုးများ ရှိသော ရန်ကုန်မြို့သို့ တက်လာခဲ့သည်။အဖေသည် မေမေ့ကို ဖုန်း

ဆက်ကာ ပြဿနာရှာမြဲ...။မေမေကမူ သူမ၏ ဒီတစ်ခါ ဆုံးဖြတ်မှုအား မပြင်နိုင်၊ သူမကို လေးစားပါဟု ပြောလိုက်သောအခါ ကျွန်မ တစ်သက်နှင့်တစ်ကိုယ် မအံ့သြစဖူး အံ့သြခဲ့ရသည်။ ထို့နောက် အဖေက မေမေ့ကို ကွာရှင်းစာချုပ် ပို့သောအခါ အသာတကြည် အငိုအပြုံးမရှိ လက်မှတ်ရေးထိုးနေသောမေမေ့ပုံရိပ်ကို ကျွန်မ မှတ်မိနေပါသေးသည်။

အဘယ်သို့သောအရာက မေမေ့အား ထိုသို့ ဆုံးဖြတ်မှုဆီ တွန်းပို့စေသလဲ ကျွန်မမရိပ်မိခဲ့ပါ။ "ဖေဖော်ဝါရီ(၄)ရက် အမျိုးသမီးတွေ ချီတက်ဆန္ဒပြပွဲက ကျွန်မကို ခွန်အားတွေ ပေးခဲ့တာမမ။ အမျိုးသမီးထုရဲ့အသံ၊ အမျိုးသမီးထုရဲ့မာန်တွေက ပျော့ညံ့နေတဲ့ ကျွန်မပုံရိပ်ကို မြင်လာစေတယ်။ သူတို့တောင် အာဏာရှင်တွေကို တော်လှန်ကြသေးတာ။ ကျွန်မက ဒီအကြမ်းဖက်မှုကို ဘာလို့ မတော်လှန်နိုင် ရမှာလဲ ဆိုတဲ့ အတွေးနဲ့ပဲ..."ဟုအန်တီလေးအား မေမေ တော်လှန်မှုအကြောင်း ပြောနေသံ ကြားနေရသောအခါတွင်မှ လွတ်မြောက်သွားသော မေမေ့အစား ကျွန်မ ထိုမြန်မာ အမျိုးသမီးထုကို ကျေးဇူးတင်မိနေသည်။

အဖေ့ကို ကျွန်မ ချစ်ပါသည်။သို့သော် ကြောက်စိတ်နှင့် အမြဲ ကပ်တွယ်လာသည်ကိုတော့ ကျွန်မ ငြင်းပယ်၍ မရသေးပါ။ စိတ်ပညာရှင် ဆွေးနွေးပေးသူများထံတွင် မေမေနှင့်ကျွန်မ ကုထုံးများ ခံယူခဲ့ရသည်။သို့သော် ကျွန်မ၏ နေ့ရက်များသည် ယခင်ကဲ့သို့ စိုးရိမ်ထိတ်လန့်နေစရာ မလို တော့ပါ။ ကျွန်မ မရှိစေချင်သော အကြမ်းဖက်မှုများကို မေမေ နိဂုံးချုပ်နိုင်ခဲ့သည်။ ယခုမူ... မေမေသည် သူမဘဝကို သူမပိုင်ဆိုင်သူဖြစ်လာပြီး ယောကျာ်းတစ်ယောက်၏ မိန်းမ ဟူသော ဒုတိယလိင်အဖြစ်မှ စင်စစ် အမျိုးသမီးတစ်ယောက် ဖြစ်လာခဲ့သည်။ ထို့အတွက် သမိုင်းတွင် ရဲရင့်ခဲ့သော၊ ရဲရင့်နေသော အာဂသူရဲကောင်း အမျိုးသမီးများကို ကျေးဇူးအထူးတင်မိပါတော့သည်။ ။

**အန်ဒရီယာ**


VICTIM
ကာကွယ်သူလား..?
အကာကွယ်ခံရသူလား..?
မဘီး
Operation._.kino

# အကြွယ်သူလား... <<<

# >>> အကြွယ်ခံရသူလား...

အာဏာသိမ်းစစ်ကောင်စီက မတရားစစ်မှုထမ်းဥပဒေထုတ်ပြီးနောက်ပိုင်းမှာ အမျိုးသားတွေဟာ စစ်ကောင်စီရဲ့ အဓိက ပစ်မှတ်ဖြစ်လာနေပါတယ်။ ၂၀၂၄ခုနှစ်၊ ဖေဖော်ဝါရီ (၁၀)ရက်မှာ မတရားစစ်မှုထမ်းဥပဒေကို ပြန်ပြီးအသက်သွင်းချိန်ကစလို့ စစ်မှုထမ်းဥပဒေထဲအကျုံးဝင်တဲ့အမျိုးသားတွေရဲ့ နာမည်စာရင်းတွေကို ကောက်ယူပြီး စတင်အကောင်အထည်ဖော်နေတာလဲဖြစ်ပါတယ်။ ပြီးခဲ့တဲ့ဇွန်လက ရန်ကုန်မြို့လည်ခေါင်နဲ့ အစွန်အဖျားရပ်ကွက်တွေမှာ နေထိုင်တဲ့ ညီအစ်မတွေနဲ့ စကားပြောဖြစ်တဲ့အခါ ဧည့်စာရင်းစစ်တွေလာရင်...

"အိမ်မှာ စစ်မှုထမ်းဥပဒေထဲ အကျုံးဝင်သူ အစ်ကိုတွေ၊ မောင်တွေ၊ ခင်ပွန်းတွေရှိနေရင် တနေရာရာမှာ ပုန်းနေဖို့မှာထားပြီး ကျမတို့က အရင်တံခါးထွက်ဖွင့်တာ..." လို့ ညီအစ်မတွေက ပြောပြပါတယ်။

ပြီးခဲ့တဲ့ဇွန်လက ကချင်ပြည်နယ်နဲ့ ရှမ်းပြည်နယ်မှာ ရှိတဲ့ ညီအစ်မတွေနဲ့ စကားပြောဖြစ်တဲ့အခါမှာလဲ နွေဦးတော်လှန်ရေးစတင်ပြီး လက်နက်ကိုင်ခုခံတော်လှန်ရေးအသွင်ကူးပြောင်းခဲ့တဲ့နောက်မှာတော့ ဒေသခံ အမျိုးသားတွေဟာ စစ်ကောင်စီရဲ့ အဓိကပစ်မှတ်ဖြစ်လာခဲ့တယ်လို့ သိရတယ်။

"ယောကျ်ားလေးတွေတွေ့ရင် ဆိုက်ကယ်၊ ကားတွေပေါ်က အတင်းဆွဲချပြီး စစ်ဆေးတာတွေ လုပ်တယ်။ လက်ဖဝါးနဲ့ ဒူးတွေကို လှန်ပြီးစစ်တယ်။"

လက်ဖဝါးနဲ့ဒူးတွေကို စစ်ဆေးရတဲ့အကြောင်းရင်းက စစ်ရေးလေ့ကျင့်သူဟုတ်၊မဟုတ်ကို သူတို့က သိချင်တာဖြစ်ပါတယ်။ အဓိကက ဒီဒေသခံအမျိုးသားတွေသည် တိုင်းရင်းသား လက်နက်ကိုင်တပ်တွေနဲ့ ဆက်စပ်နေနိုင်တယ်ဆိုတဲ့ သံသယမျက်လုံးတွေနဲ့ ဖိနှိပ်ခံနေရတာပါ။

ဒီလိုစစ်ဆေးတဲ့နေရာမှာလဲ ရိုက်နှက်ထိုးကြိတ်အကြမ်းဖက်ပြီး စစ်ဆေးတာတွေရှိနေပါတယ်။

စစ်ဆေးပြီးတဲ့အခါ ပါလာတဲ့ ဖုန်း၊ ပိုက်ဆံအစရှိတဲ့ တန်ဖိုးကြီးပစ္စည်းတွေကို အတင်းအကြပ်ယူတာတွေလဲ ကြုံရတယ်လို့ သူမတို့က ပြောပြပါတယ်။ ဒီလိုကြုံရတာကြောင့်ပဲ အခုဆို မိသားစုတွေမှာ အပြင်သွားစရာရှိရင် အမျိုးသမီးတွေကပဲ အပြင်ထွက်ပြီး ကုန်ရောင်းဝယ်တာတွေ၊ အလုပ်ကိစ္စတွေလုပ်ကြရတယ်လို့ ရှမ်းမြောက်က ညီအစ်မတစ်ဦးက ပြောပြပါတယ်။ တချို့ရွာတွေမှာဆိုရင် အရွယ်ကောင်းအမျိုးသားတွေဟာ ထိုင်း၊ မလေးရှားအစသဖြင့် ရွာလုံးကျွတ်အလုပ်လုပ်ဖို့ ထွက်သွားကြပါပြီ။ ဒါကြောင့် ရပ်ထဲရွာထဲမှာ သာရေးနာရေး၊ လုံခြုံရေး၊ စားနပ်ရိက္ခာရှာဖွေရေးတွေမှာဆို အမျိုးသမီး၊ သက်ကြီးရွယ်အိုနဲ့ ကလေးသူငယ်တွေသာ လုပ်ဆောင်ဖို့ ကျန်ခဲ့ပါတော့တယ်။အချို့နေရာဒေသတွေမှာ အမျိုးသမီးတွေပဲအများစုကျန်ရှိတာကြော-င့် ညရေးညတာစစ်မက်ဖြစ်ပွားခဲ့ရင်နဲ့ ရေးပေါ်အခြေအနေတွေမှာ လုပ်ဆောင်ရမယ့် အစီအစဉ်တွေကို အမျိုးသမီးတွေကပဲ ချမှတ်လုပ်ဆောင်ကြရတယ်လို့လဲ သိရပါတယ်။

ယခင်ထဲက ကချင်နဲ့ ရှမ်းပြည်ရဲ့ အချို့နေရာတွေဟာ လက်နက်ကိုင်ခုခံကာကွယ်ရေးတပ်တွေ ပေါများပြီး၊ ပြည်တွင်းစစ်ဖြစ်ပွားရာ ဒေသတွေဖြစ်တာကြောင့် စစ်ကောင်စီရဲ့ စစ်မှုထမ်းဥပဒေမထုတ်ပြန်မီကတည်းက အမျိုးသားတွေဟာ တိုင်းရင်းသား လက်နက်ကိုင်တပ်တွေမှာ လုပ်အားပေးဖို့၊ စစ်မှုထမ်းဖို့ တစ်အိမ်တစ်ယောက် ခေါ်ယူခံရတာတွေရှိခဲ့ပါတယ်။

ဒီနေရာမှာ ကျမသတိပြုမိတာက အမျိုးသားတွေနဲ့ အမျိုးသမီးတွေအကြား တာဝန်ယူရတဲ့ အခန်းကဏ္ဍတွေပြောင်းလဲသွားတာကိုပါ။ ကျမတို့ လူမှုအဖွဲ့အစည်းမှာ အများစုလက်ခံထားတာက အမျိုးသားများသည် ကာကွယ်စောင့်ရှောက်သူ၊ အမျိုးသမီးများနဲ့ ကလေးသူငယ်များဟာ ထိခိုက်လွယ်သူ၊ အင်အားနည်းသူဖြစ်တာကြောင့် ကာကွယ်ပေးဖို့လိုအပ်နေသူများအဖြစ် ယေဘုယျလက်ခံထားတာပါ။ ဒီနေရာမှာ "ထိခိုက်လွယ်သူ"၊ "အင်အားနည်းသူ" ဆိုတာ ဘာကိုဆိုလိုတာလဲလို့ ပြန်မေးစရာရှိပါတယ်။ ဒီစကားလုံးကို အင်္ဂလိပ်လို "Vulnerable" လို့ သုံးပြီး "ရုပ်ပိုင်း (သို့မဟုတ်) စိတ်ပိုင်းဆိုင်ရာအရ တိုက်ခိုက်ရန်၊ အန္တရာယ်ပြုရန် လွယ်ကူသော" လို့ Oxford Language Dictionary ကဖွင့်ဆိုပါတယ်။ တစ်နည်းအားဖြင့် "အသက်အရွယ်၊ မသန်စွမ်းမှု၊ (ဒါမှမဟုတ်) မတရားဖိနှိပ်ခံရနိုင်ချေနှင့် လျစ်လျူရှုခံရနိုင်ချေရှိသောကြောင့် အထူးဂရုစိုက်မှု၊ ပံ့ပိုးကူညီမှု (ဒါမှမဟုတ်) အကာကွယ်ပေးမှု လိုအပ်နေသော…" လို့လဲ ဖွင့်ဆိုထားပါတယ်။ ဒီ "ထိခိုက်လွယ်သော…"၊ "အင်အားနည်းသော…" စတဲ့ စကားစုများနဲ့ ကပ်လျက်တွဲလျက် ဘယ်လိုအုပ်စုတွေကို မြင်သလဲလို့ မေးခွန်းထုတ်ရင် အများစုက ကလေးသူငယ်"၊ "သက်ကြီးရွယ်အို"၊ "အမျိုးသမီး"၊ "မသန်စွမ်းသူ" စသဖြင့် ဖြေကြမှာဖြစ်ပြီး "အမျိုးသား" တွေကိုတော့ ဒီစကားလုံးနဲ့ တွဲလျက်မြင်ဖို့ အလွန်နည်းပါတယ်။"ဒါကလဲ သမိုင်းအစဥ်အဆက် အမျိုးသားများဟာ ကာယခွန်အားပိုမိုကြီးမားသူအဖြစ် လက်ခံထားတာကြောင့် ဖြစ်ပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေအကြား ကာကွယ်သူနဲ့ အကာကွယ်ခံအဖြစ်တွန်းပို့တဲ့ အဓိက ယေဘုယျကွာခြားချက်ထဲတစ်ခုက ပျမ်းမျှကိုယ်ကာယအင်အားကွာခြားချက်ဖြစ်ကြောင်း David. H. Gilmoreဆိုတဲ့ မနုဿဗေဒပညာရှင်က သူ့ရဲ့ Manhood In The Making ဆိုတဲ့ စာအုပ်မှာ
ထည့်သွင်းဖော်ပြခဲ့တယ်။

ဒီဖိနှိပ်မှုဖြစ်စဥ်တွေမှာ ကျမအဓိက ထောက်ပြလိုတာက အမျိုးသားတွေလဲ အားနည်းသူ၊ ခွန်အားမဲ့သူ၊ ထိခိုက်လွယ်သူတွေဖြစ်နိုင်တယ်ဆိုတာပါပဲ။ ယခင်က အမျိုးသားတွေကို ကာကွယ်သူနေရာမှာ သတ်မှတ်ထားတယ်ဆိုတာ အပေါ်ကပြောခဲ့သလို ကိုယ်ကာယခွန်အားကွာခြားချက်ကို အခြေတည်ပြီး သတ်မှတ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် တစ်ကိုယ်ရည်ကာယအင်အားက State Power (အုပ်ချုပ်သူလူတန်းစားပါဝါ)၊ ကိုယ်ကာယအင်အားထက်သာလွန်တဲ့ လက်နက်အင်အားများနဲ့ ရင်ဆိုင်ရတဲ့အခါ အမျိုးသားတွေသည်လည်း အင်အားနည်းသူ၊ ထိခိုက်လွယ်သူပြန်ဖြစ်လာပါတယ်။ မတရားစစ်မှုထမ်းဥပဒေဟာလဲ အမျိုးသားများကို ပစ်မှတ်ထားတဲ့ ကျား၊မအခြေပြုဖိနှိပ်မှု ပုံစံတစ်မျိုးဖြစ်ပါတယ်။ ဒါကိုကြည့်ခြင်းအားဖြင့် အမျိုးသားဖြစ်စေ၊ အမျိုးသမီးဖြစ်စေ၊ လူအုပ်စုတစ်စုဖြစ်စေ၊ ၎င်းတို့ရဲ့ ထိခိုက်လွယ်သူ၊ အင်အားနည်းသူအဖြစ် ရောက်ရှိလာခြင်းဟာ ဇီဝဖြစ်စဥ်၊ သဘာဝအလျောက်ဖြစ်တည်မှုကြောင့်မဟုတ်ပဲ အခြေအနေ၊ ခေတ်စနစ်များနဲ့ စီမံခန့်ခွဲမှုယန္တရားများက တွန်းပို့ခြင်းကြောင့်ဖြစ်ကြောင်းသေချာစွာ သတိပြုစေချင်ပါတယ်။ ဒါကြောင့် ကာကွယ်သူ၊ အကာကွယ်ခံ၊ ထိခိုက်လွယ်သူ၊ အင်အားနည်းသူ၊ အင်အားကြီးသူ စတဲ့ တံဆိပ်တွေဆိုတာ ကာယအင်အားပေါ်အခြေမတည်ပဲ လူမှုအဖွဲ့အစည်းရဲ့ ကျင့်သုံးပုံ

၊လုပ်ဆောင်မှုနည်းလမ်းနဲ့ ပါဝါခွဲဝေမှုစနစ်တွေမှာ အခြေတည်နေတယ်ဆိုတာကို သက်သေပြချင်တာပါ။ ဒါဆို မတရားစစ်မှုထမ်းဥပဒေက ကာယအင်အားရှိပါတယ်ဆိုတဲ့ အမျိုးသားတွေကို ထိခိုက်လွယ်သူတွေအဖြစ်သို့ တွန်းပို့သလိုမျိုးပဲ အမျိုးသမီး၊ ကလေးသူငယ်တွေကိုရော ဘယ်အကြောင်းအရင်းတွေက ထိခိုက်လွယ်သူများ၊ ကာကွယ်မှုလိုအပ်နေသူများလို့တံဆိပ်ကပ်ခံရဖို့ တွန်းပို့ထားသလဲ? ဆိုတာပြန်စဥ်းစားစေချင်တယ်။

**ဒါဆို မတရားစစ်မှုထမ်းဥပဒေက ကာယအင်အားရှိပါတယ်ဆိုတဲ့ အမျိုးသားတွေကို ထိခိုက်လွယ်သူတွေအဖြစ်သို့ တွန်းပို့သလိုမျိုးပဲ အမျိုးသမီး၊ ကလေးသူငယ်တွေကိုရော ဘယ်အကြောင်းအရင်းတွေက ထိခိုက်လွယ်သူများ၊ ကာကွယ်မှုလိုအပ်နေသူများလို့တံဆိပ်ကပ်ခံရဖို့ တွန်းပို့ထားသလဲ? ဆိုတာပြန်စဥ်းစားစေချင်တယ်။**

လူသားသမိုင်းပေါ်ဦးစ ကျောက်ခေတ်မှာတော့ အမျိုးသားများဟာ အမျိုးသမီးများကို သားရဲတိရစ္ဆာန်၊ သဘာဝဘေးအန္တရာယ်နဲ့ ရန်သူလူသားမျိုးနွယ်စုတွေရဲ့ ရန်ကနေကာကွယ်ခဲ့ရမယ်လို့ မှန်းဆချက်တွေရှိခဲ့တယ်။ စစ်ပွဲနဲ့ လက်နက်ကိုင်ပဋိပက္ခတွေဟာလဲ အမျိုးသမီးတွေနဲ့ ကလေးသူငယ်တွေကို ကာကွယ်မှုလိုအပ်တဲ့အခြေအနေကို တွန်းပို့လျက်ရှိပါတယ်။ စစ်ပွဲတွေကြားမှာ အမျိုးသမီးများကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေ၊ အားနည်းသူလို့ယူဆပစ်မှတ်ထားကာ မြေစာပင်ပြုလုပ်မှုတွေကြောင့် ကာကွယ်ပေးရန်လိုအပ်တဲ့ ခြေအနေတစ်ရပ်ကို လူသားတွေကပဲ အထူးသဖြင့် စစ်ပွဲလိုလားသူ လူအုပ်စုတွေကပဲ ဖန်တီးပေးလိုက်တာဖြစ်ပါတယ်။ မျက်မှောက်ခေတ် စစ်ပွဲတွေမရှိပဲ နေ့စဥ်တန်းတူအပြင်ထွက်သွားလာလှုပ်ရှားနေရတဲ့ လူနေမှုဘဝတွေကို မြင်ယောင်ကြည့်ရအောင်။ အဲ့လို ငြိမ်းချမ်းပြီး သာမာန်သွားလာလှုပ်ရှားရတဲ့ အခြေအနေမှာရော အမျိုးသမီးတွေကို ဘာကြောင့်ကာကွယ်ဖို့ လိုအပ်နေရပါသလဲ? ကာကွယ်တယ်လို့ ပြောတဲ့နေရာမှာ ဘယ်သူတွေက အမျိုးသမီးတွေကို ဘယ်သူ့တွေလက်/ရန်က ကာကွယ်ဖို့လိုအပ်နေရတာလဲ? အဓိကအားဖြင့် အမျိုးသမီးများဟာ နေ့စဥ်ဘဝမှာလဲ လိင်ပိုင်းဆိုင်ရာထိပါး နှောင့်ယှက်မှု၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ကိုယ်ထိလက်ရောက်အကြမ်းဖက်မှု စတာတွေ ခံရနိုင်ချေများတာကြောင့် ကာကွယ်ဖို့ရန် လိုအပ်နေသေးတယ်လို့ အများစုက လက်ခံထားကြပုံပါပဲ။ ဥပမာ- ကျမတို့လူမှုအဖွဲ့အစည်းမှာဆို

အခုချိန်ထိ -

“မိန်းကလေးတွေလမ်းထွက်ရင် အိမ်ကအဖေ၊ မောင်တွေပါမှ ထွက်ရမယ်။”

“ညနက်ရင် အပြင်မထွက်ရဘူး”။

အကယ်၍များ ညနက်အပြင်ထွက်မိလို့ တစ်ခုခုဖြစ်ရင် “ညနက်အပြင်ထွက်တာကိုး ဖြစ်မှာပေါ့”

“တစ်ယောက်ထဲ သွားတာကို ခံရမှာပေါ့”ဆိုပြီး ကာကွယ်သယောင်နဲ့ လူသားသဘာဝလွတ်လပ်မှုမရှိတဲ့ စည်းဘောင်တွေထဲကို ပြန်လည်သွပ်သွင်းခံရပြန်တယ်။

တကယ်တော့ ဒီလိုအကြမ်းဖက်မှုတွေကို ဒီနေ့ခေတ်မှာ အမျိုးသားတွေနဲ့ ယောကျာ်းလေးတွေလဲ ကြုံရနိုင်ချေရှိနေပါတယ်။ ဒါဆိုရင် ဒီလိုနှောင့်ယှက်မှုတွေကို ဘယ်သူတွေက ပြုလုပ်နေကြတာလဲ? ကျူးလွန်သူအများစုဟာ အမျိုးသမီးတွေကို ကာကွယ်စောင့်ရှောက်ဖို့ အခန်းကဏ္ဍကို လူ့အဖွဲ့အစည်းက အော်တိုသတ်မှတ်ပေးထားတဲ့ အမျိုးသားတွေပဲဖြစ်နေပြန်ပါတယ်။ အမျိုးသားတိုင်းက အန္တရာယ်ရှိသူမဟုတ်ပေမယ့် အမျိုးသားတွေရန်ကနေ ကာကွယ်ဖို့ ဒီအမျိုးသားတွေကိုပဲ ကာကွယ်သူနေရာမှာ အလိုအလျောက်ထားရှိထားတာဟာ



တကယ်ရော မှန်ကန်တဲ့အဖြေဟုတ်ပါ့မလား လို့ မေးခွန်းထုတ်ချင်မိတယ်။ ၂၀၁၄ခုနှစ်က ယူအန်အက်ဖ်ပီအေက ထုတ်ပြန်ခဲ့တဲ့ သုတေသနစာတမ်းတစ်စောင်မှာ ဗီယက်နမ်နိုင်ငံမှာရှိတဲ့ အမျိုးသမီးလေးထောင်ကျော်ကို အင်တာဗျူးခဲ့တယ်။ သုတေသနစာတမ်းရဲ့အဓိကတွေ့ရှိချက်မှာ အမျိုးသမီးတွေဟာ သူတို့ရဲ့အရင်းနှီးဆုံးဖြစ်တဲ့ ခင်ပွန်းသည်နဲ့ အမျိုးသားလက်တွဲဖော်တွေဆီက အကြမ်းဖက်ခံရမှုကို အခြားသူစိမ်း အမျိုးသားတွေဆီကထက် ပိုခံရကြောင်း ဖော်ပြထားတယ်။ ဒီစာတမ်းထဲမှာပဲ ဒီလို အကြမ်းဖက်ခံရတဲ့ အဓိကအကြောင်းအရင်းတွေထဲက တစ်ရပ်က အမျိုးသားတွေရဲ့ ယောကျ်ားပီသမှု/ဖြစ်တည်မှုကို အန္တရာယ်ရှိတဲ့နည်းလမ်းတွေနဲ့ ထုတ်ဖော်ပြသပုံမှားယွင်းတာကလဲ တစ်ခုအပါအဝင်ဖြစ်နေတာကိုတွေ့ရတယ်။

ယူအန်အက်ဖ်ပီအေရဲ့ ဖော်ပြချက်အရ အမျိုးသမီးတွေကို ပစ်မှတ်ထားတဲ့ အကြမ်းဖက်မှုတွေဟာ ကျားမတန်းတူညီမျှမှုမရှိခြင်း (ဥပမာ -အမျိုးသားနဲ့အမျိုးသမီးတို့အကြား ပါဝါတူညီစွာမရရှိခြင်း၊ လိုအပ်ချက်အရင်းအမြစ်တွေကို မျှတစွာခွဲဝေမှု မရှိခြင်း) စတာတွေကြောင့် ဖြစ်တယ်လို့ ဆိုထားပါတယ်။ ပြောလက်စကို ပြန်ဆက်ရရင် လူမှုအဖွဲ့အစည်းက ကာကွယ်သူလို့ ယေဘုယျအားဖြင့် သတ်မှတ်ထားသူ လူအုပ်စုကပဲ ကာကွယ်ခံရသူလို့ တံဆိပ်ကပ်ထားသူလူအုပ်စုအပေါ် ကျူးလွန်မှုတွေ ပြုလုပ်နေတာကို ထောက်ပြချင်ပါတယ်။ ဒါ့အပြင် ကာကွယ်သူလို့ လုံးပေါင်းအမည်တပ်ခံရတဲ့ အထီးအုပ်စုထဲမှာပဲ အချင်းချင်း အင်အားချင်းမမျှရင် ပြန်လည်ရန်ပြုအကြမ်းဖက်ခံရနိုင်ချေတွေရှိနေတာပါ။ ဒါဆိုရင် ကျမတို့က လူအုပ်စုတစ်စုကို ကာကွယ်သူနေရာ ပေးထားတာပဲဖြစ်ဖြစ်၊ အခြားတစ်စုကို အကာအကွယ်လိုအပ်နေသူလို့ သတ်မှတ်တာပဲဖြစ်ဖြစ်က တကယ် တရားမျှတပါ့မလား…?။ ဒီလို ကာကွယ်သူလို့ ခြုံငုံသတ်မှတ်ခြင်းဟာ ကျမတို့ သတိမမူလိုက်ပဲ အမျိုးသားများကို ဆုံးဖြတ်ချက်ချသူနေရာ၊ ဦးစီးဦးဆောင်ပြုသူနေရာကို အလိုအလျောက်ထပ်တွန်းပို့ပေးလိုက်သလိုဖြစ်နေပါတယ်။ ပြီးတော့ အမျိုးသမီးတွေကို အကာကွယ်လိုအပ်နေသူ၊ ထိခိုက်လွယ်သူလို့ သတ်မှတ်ခြင်းအားဖြင့် အမျိုးသမီးများကို ဆုံးဖြတ်ချက်ချခြင်းနဲ့ ဦးဆောင်မှုအခန်းကဏ္ဍအပါအဝင် အချို့နေရာတွေမှာ နောက်

မှာချန်လှပ်ခံရနိုင်တဲ့ အခြေအနေဆီ တွန်းပို့နေတာကိုလဲ သတိပြုသင့်ပါတယ်။ အမျိုးသားတိုင်းကလဲ ဘယ်အမျိုးသမီးမျိုးကိုမဆိုကို ကာကွယ်ပေးစရာလိုနေမယ်လို့လဲ မထင်ပါဘူး။ အကယ်၍များသာ ကမ္ဘာကြီးပေါ်မှာ လူသားတွေဖန်တီးတဲ့ စစ်ပွဲတွေသာမရှိခဲ့ရင်၊ လူမှုအဖွဲ့အစည်းတွေမှာ အမျိုးသားအားလုံးက အမျိုးသမီးတွေကို လေးစားပြီး လိင်အမြတ်ထုတ်စရာ၊ အားနည်းသူလို့ မမြင်ခဲ့ရင်၊ ခွန်အားဗလကိုအခြေပြုပြီး အာဏာတည်ဆောက်တဲ့စနစ်တွေ၊ ဆက်ဆံရေးတည်ဆောက်မှုတွေ၊အုပ်ချုပ်သူလူတန်းစားသာမက အစုအဖွဲ့ငယ်တွေကနေ၊ လူတစ်ဦးချင်းစီမှာ အမြစ်ပြတ်ခဲ့ရင် အမျိုးသမီးတွေနဲ့ ကလေးသူငယ်တွေဟာ ကာကွယ်သူမရှိလဲ အချိန်မရွေး၊နေရာမရွေး လွတ်လပ်စွာသွားလာ လှုပ်ရှားနိုင်မှာပဲဖြစ်ပါတယ်။

**မဘီး**


ကိုးကား

- Sex difference in muscular strength in equally-trained men and women, 1987, Phillip Bishop & Kirk J Cureton.
- Why Do Some Women Experience More Violence by Husband than Others?, 2014, UNFPA.
- Recognizing Gender-Based Violence Against Civilian Men and Boys in Conflict Situations, 2006, R. Charli Carpenter.
- Men and masculinities in times of crisis: between care and protection, 2021, Katarzyna Wojnicka.
- Manhood in the Making: Cultural Concepts of Masculinity, 1991, David. D. Gilmore



# ဖန်သားပြင်များ

(အမျိုးသမီးများနှင့် LGBTIQA+ တို့ ကြုံတွေ့ခံစားရနေတဲ့ လုပ်ငန်းခွင် )




ကျွန်မ လျှောက်တဲ့စကော်လာတစ်ခုရဲ့ လူငါးယောက်ရွေးချယ်မှုမှာ အမျိုးသားတွေကို လေးယောက်တောင် ရွေးချယ်ပြီး အမျိုးသမီးတွေကို တစ်ယောက်ပဲ ရွေးချယ်သွားတဲ့အပေါ် ကျွန်မ စိတ်မကျေမနပ်ဖြစ်မိကြောင်း ကျွန်မ သူငယ်ချင်းတစ်ဦးကို ပြန်ဖောက်သည်ချနေမိတယ်။ နောက်ဆုံး ရွေးချယ်မယ့် အဆင့်အင်တာဗျူးကို ကျွန်မ ကောင်းကောင်းဖြေနိုင်ခဲ့ပေမယ့် သူတို့မျက်နှာမှာ အလိုမကျမှုနည်းနည်းတော့ ရှိနေတာကို ကျွန်မ ရိပ်မိတယ်။ ကျွန်မက စိတ်မြန်လက်မြန်ရှိတတ်တဲ့ အမျိုးသမီးတစ်ယောက်၊ စိတ်ဓာတ် တက်ကြွရင် တက်ကြွသလို ကျွန်မက လျင်မြန်ထက်မြက် လာတယ်။ တစ်ခွန်းဆို တစ်ခွန်း ကျွန်မ အမြင်တွေကိုလည်း ပွင့်ပွင့်လင်းလင်း ပြန်ဖွင့်ဟတတ်တယ်။

ကျမရဲ့အပြုအမူတွေက လူ့အဖွဲ့အစည်းက သတ်မှတ်ထားတဲ့ ယောကျာ်းတစ်ယောက်ရဲ့ ပြုမူပုံမျိုးဖြစ်နေခဲ့တာကြောင့် အမျိုးသမီးတစ်ယောက်ပေမယ့် အမျိုးသမီးဆိုရင် နူးညံ့ရမယ်၊ သိမ်မွေ့ရမယ်ဆိုတဲ့ စံနှုန်းသတ်မှတ်ချက်တွေကြား ဘောင်မဝင်ခဲ့ဘူးပေါ့လေ။

ကျွန်မ သူငယ်ချင်း မူယာ ကတော့ ဒါဟာ လုပ်ငန်းခွင်မှာ သူမတို့ အများကြီး ရင်ဆိုင် ဖြတ်ကျော်နေရတဲ့ အတားအဆီးကြီးလို့ ရှင်းပြပါတယ်။ အမျိုးသမီးတစ်ယောက်အနေနဲ့ လုပ်ငန်းခွင်မှာ အောင်မြင်ခြင်းကို တားဆီးနေတဲ့ စံနှုန်းဖန်သားပြင်တွေ ရှိနေပါတယ်။ ဂျန်ဒါ အခန်းကဏ္ဍ၊ လူမှုအသိုင်းအဝိုင်းရဲ့ မျှော်မှန်းချက်၊ မိခင်စိတ် အစရှိတာတွေက လူမှုအသိုင်းအဝိုင်းနဲ့ အလုပ်ယဉ် ကျေးမှုက သတ်မှတ်ထားတဲ့ ဖန်သားပြင်ကို ဖြစ်ပေါ်လာစေလျက် ရှိပါတယ်။

### မိခင်ဖြစ်တည်မှု

ကိုယ်ဝန်ဆောင်အမျိုးသမီးတွေနဲ့ ကလေးမိခင်တွေဟာ မိခင်ဖြစ်ခြင်းဆိုတဲ့ အတားအဆီး နံရံတွေကို ကြုံတွေ့နေရပါတယ်။ မိခင်ဖြစ်လို့ ကလေးကို ပြုစုစောင့်ရှောက်ရမယ်ဆိုတဲ့ လူမှုအသိုင်းအဝိုင်းရဲ့ မျှော်လင့်ချက်တွေကြားမှာ လုပ်ငန်းခွင်ပန်းတိုင်တွေ စွန့်လွှတ်ရသလို ကိုယ်ဝန်ဆောင်ခွင့် ရဖို့ကလည်း ဒီခေတ်ကြီးမှာ ခက်ခဲလှပါတယ်။ ကိုယ်ဝန်ဆောင် မီးဖွားပြီး ပြန်လာရင်လည်း  အိမ်နဲ့ အလုပ်ကြား ထိန်းညှိရင်း လုပ်ငန်းခွင်မှာ ခွဲခြားဆက်ဆံမှု ၊ အတားအဆီးတချို့နဲ့ ကြုံ တွေ့နေရဆဲ ဖြစ်ပါတယ်။

### ဝါးမျက်နှာပြင်

အမေရိကန်လို နိုင်ငံကြီးမှာတောင် အာရှနဲ့ အာရှအမေရိကန် နိုင်ငံသူ၊ နိုင်ငံသားတွေဟာ လုပ်ငန်းခွင်မှာ ထိပ်ဆုံးထိ မရောက်အောင် ခွဲခြားဆက်ဆံမှု ခံနေရတာတွေကို ကြုံတွေ့ရဆဲဖြစ်ပါတယ်။ ဒါဟာ အရှေ့အာရှ နိုင်ငံသားဖြစ်နေခြင်းကြောင့်ပဲ ဖြစ်ပါတယ်။

### ကွန်ကရစ် မျက်နှာပြင်

အမျိုးသမီးတွေရဲ့ အသားအရောင်၊ လူမျိုး၊ လိင်တိမ်းညွတ်မှု၊ ဂျန်ဒါ၊ အသက်အရွယ် စတာတွေအပေါ် မူတည်ပြီး လုပ်ငန်းခွင် ဝင်စမှာ စတင်ခွဲခြားခြင်းကို ကြုံတွေ့ရမှု အများဆုံးဖြစ်ပါ တယ်။ဒါကို ကွန်ကရစ် မျက်နှာပြင်လို့ ခေါ်စမှတ်ပြုကြပြီး လက်တွေ့မှာ  အမျိုးသား၊ အမျိုးသမီး မန်နေဂျာတွေဟာ ဝန်ထမ်းအသစ်ခေါ်ယူရေးအတွက်  အမျိုးသားဝန်ထမ်းတွေကိုပဲ ပိုခန့်အပ်လေ့ ရှိကြပါတယ်။ အမျိုးသားဝန်ထမ်းတွေက အမျိုးသမီးတွေထက် ၃၀ ရာခိုင်နှုန်း မန်နေဂျာရာထူး ရဖို့လည်း ပိုလွယ်ကူကြပါတယ်။ ကုမ္ပဏီတွေရဲ့ ထိပ်သီးရာထူးတွေမှာ ၉၀ ရာခိုင်နှုန်းဟာ စီမံ ခန့်ခွဲသူ အမျိုးသားတွေ ဖြစ်ကြပြီး အမျိုးသမီးတွေကို သရုပ်ပြ အဖြစ်သာ ခန့်အပ်လေ့ရှိကြတာ ဖြစ်ပါတယ်။ အင်တာဗျူး ဖြေတဲ့အခါ၊ အလုပ်လျှောက်တဲ့အခါ အမျိုးသားတွေထက် အမျိုးသမီး တွေဆီက လုပ်အား နှစ်ဆခန့် အကျိုးအမြတ်ရရှိဖို့ မျှော်မှန်းလေ့ရှိကြပါတယ်။

**ဘာကြောင့်မှန်ဖန်သားပြင် တည်ရှိနေတာလဲ?**

အထက်ပါ အမျိုးသမီး ဖြစ်တည်မှု၊ ဝါးမျက်နှာပြင်၊ ကွန်ကရစ် မျက်နှာပြင်တွေကို ပေါင်းစည်းလိုက်တဲ့အခါ မှန်ဖန်သားပြင် ဖြစ်လာပြီး အမျိုးသမီးတွေ ထွင်းဖောက်ရခက်ခဲတဲ့ အတားအဆီးကြီးတစ်ခု ဖြစ်လာပါတယ်။ လေးနက်ခက်ခဲလှပါတယ်။ လုပ်ငန်းခွင် ယဉ်ကျေးမှု ဆိုတာတွေ ကလည်း ဂျန်ဒါ ဘက်လိုက်မှု၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှု၊လူမျိုးရေးခွဲခြားမှုတွေနဲ့ ပြည့်နှက်နေဆဲပါ။

ဂျန်ဒါခွဲခြားမှုကလည်း တာဝန်တွေကို ခွဲခြားသတ်မှတ်ကြပါသေးတယ်။ အမျိုးသမီးဆိုရင် အိမ်မှုကိစ္စတွေမှာပဲ သင့်တော်နေတယ်ဆိုတဲ့ အတွေးကနေ ဖောက်ထွက်မြင်ဖို့ လိုအပ်နေကြပါပြီ။ ဂျန်ဒါစံနှုန်းအရလည်း ရာထူးချင်းတူရင်တောင် အမျိုးသမီးတွေက လစာပိုနည်းကြသလို လုပ်ငန်းခွင်မှာ အမျိုးသမီးတွေအပေါ် လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုတွေကို ကြုံတွေ့နေရဆဲဖြစ်ပါတယ်။မိတ်ဖက်ကုမ္ပဏီကို ညစာစားပွဲလို ဧည့်ခံပွဲတွေမှာ အမျိုးသမီးဝန်ထမ်းလှလှလေးတွေကို အသုံးပြုနေကြတာ ဖြစ်ပါတယ်။
အမျိုးသမီးထုအတွက် ဟန့်တားနေတဲ့အရာတွေကို မှန်ဖန်သားပြင် ခေါ်ကြသလိုပဲ LGBTQIA+ တွေ ကလည်း ဖိုဝါဒီ ကြီးစိုးနေတဲ့ ဒီကမ္ဘာကြီးမှာ ခွဲခြားနှိမ့်ချ ဆက်ဆံမှုတွေကို ကြုံတွေ့နေရတာပဲ ဖြစ်တယ်လို့ စကားဝိုင်းတစ်ခုမှာ ထောက်ပြလာသူ တစ်ဦးကတော့ ကျွန်မရဲ့ ဂေးသူငယ်ချင်းဇေယျာပါ။ ဇေယျာဟာ လက်ရှိ ကော်ပိုရိတ်တစ်ခုမှာ အလုပ်လုပ်နေသူ တစ်ဦးဖြစ်သလို သူ့အခက်အခဲတွေကို အခုမှ ဖွင့်ဟပြောဆိုလာခြင်းဖြစ်ပါတယ်။

နေ့စဉ်ဘဝမှာသာမက လုပ်ငန်းခွင်မှာပါ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို သက်တန့် ဖန်သားပြင်လို့ ခေါ်ဆိုပါတယ်။ ကော်ပိုရိတ်လုပ်ငန်းကြီးမှာ HR ရာထူးနဲ့ အလုပ်လုပ်နေတဲ့ ဂေးတစ်ယောက်ဖြစ်တာကြောင့် ကိုယ့် sexuality ကိုအရင်က ဖုံးကွယ်ထားခဲ့ပေမယ့် အခုတော့ ဖုံးထားဖို့ မကြိုးစားနေတော့ဘူးလို့ သူက ဝန်ခံပါတယ်။
"လုပ်ငန်းခွင် သက်တမ်းတလျှောက် အတွေ့အကြုံတွေကို ပြန်ကြည့်တဲ့အခါ sexuality ကြောင့် စိန်ခေါ်မှုတချို့ ကြုံခဲ့တယ်ဆိုတာကိုတော့ ငါဝန်ခံတယ်။ လိင်စိတ်တိမ်းညွတ်မှုအပေါ် မူတည်ပြီး ငွေကြေးလစာလျှော့ယူခြင်းတွေ မရှိပေမယ့် တချို့ကုမ္ပဏီတွေက သူတို့ ဝန်ထမ်း တွေရဲ့ အချက်အလက်ဒေတာ ကောက်ယူတဲ့အခါ ဂျန်ဒါသတ်မှတ်ချက်မှာ ကျား၊ မ နှစ်ခုပဲ ထားရှိနေပေးတာကို တွေ့ရတဲ့အခါ တကယ် စိတ်ကသိကအောင့် ဖြစ်ရတယ်"
ဒီလိုအခက်အခဲတွေ ရှိနေပြန်တော့ လုပ်ငန်းခွင်မှာ သက်တောင့်သက်သာ ဖြစ်တဲ့ အခြေအနေ မရောက်သေးဘူးလို့ သူက ပြောပါတယ်။
ကုမ္ပဏီကြီးတွေမှာ ဖိုဝါဒီ ကြီးစိုးမှုက ရှိနေဆဲဖြစ်ပြီး ငါ့အတွက် စိတ်ပိုင်းဆိုင်ရာ အတားအဆီးဖြစ်စေတယ်။ LGBTIQ + လို့သိလိုက်တာနဲ့ ဖယ်ကျဥ်ထားတဲ့ စကားဝိုင်းတွေကို ကြုံရတယ်။ "စီနီယာ အမျိုးသားတွေက ဂေါ့ဖ်ကလပ်အကြောင်း ပြောဆိုကြတာမျိုးပေါ့။ ဂေးတိုင်းက အားကစား မကြိုက်ဘူးလို့ မပြောလိုပေမယ့် ငါက ဂေါ့ဖ်အကြောင်း မသိမှ မသိဘဲ။ ဒီလိုနဲ့ ပိုပိုဝေးလာတာတွေ ရှိတယ်။" လို့ သူကပြောပြပါတယ်။
"စီနီယာ မန်နေဂျာတွေက ဂေးဖြစ်လာတာက ပျိုးထောင်မှု အားနည်းတာကြောင့် ဖြစ်လာတယ်ဆိုပြီး သူတို့စကားဝိုင်းမှာ ပြောကြတယ်လို့လည်း ငါ ပြန်သိလာရတယ်။
ကုမ္ပဏီရဲ့ရာထူးကြီးကဏ္ဍတွေဟာ ယောကျ်ားတွေဖြစ်တာကြောင့် အားလုံးပါဝင်တဲ့ စကားဝိုင်းအတွက် အတားအဆီးဖြစ်မှုက ပိုကြီးမားနေတယ်။ ကုမ္ပဏီကြီးတွေရဲ့ မူဝါဒ တချို့က ပြောင်းလဲဖို့ခက်ခဲနေတယ်။ ကွဲပြား စုံလင်မှုနဲ့ အားလုံးပါဝင်နိုင်မှုကို အလေးပေးဖို့ မူဝါဒတွေ စည်းမျဥ်းစည်းကမ်းတွေ ထပ်ဆွဲဖို့ လိုတယ်လို့ ငါမြင်မိတယ်။" လို့ သက်တန့်ဖန်သားပြင်အပေါ်မှာ သူ့ထင်မြင်ချက်ကို ပြော ခဲ့ပါသေး တယ်။
ဒီလို အမျိုးသမီးတွေနဲ့ LGBTIQA+ တို့ ကြုံတွေ့ခံစားရနေတဲ့ လုပ်ငန်းခွင် ဖန်သားပြင်တွေ က ရှိမြဲဆက်ရှိနေမှာလား...? ဘာမှ မလုပ်နိုင်ကြတော့ဘူးလား...? သက်တန့်တောက်ပမှု မရှိရတော့ ဘူးလား...? ဆိုတဲ့ မေးခွန်းတွေကလည်း ကျွန်မ ခေါင်းထဲ ပြည့်နေခဲ့ပါတယ်။

## အကယ်၍ သင်သာ ယောကျ်ားတစ်ယောက်ဖြစ်ခဲ့ရင်

အမျိုးသမီးတွေအတွက် မှန်ဖန်သားပြင် အခက်အခဲရှိနေတာ၊ LGBTIQA+ တွေအတွက် သက်တန့် ဖန်သားပြင် ရှိနေတာကို သိနားလည်ဖို့ လိုအပ်ပါတယ်။ တစ်ယောက်တည်း ပြောင်းလဲနိုင်မှာမဟုတ်ရင်ပေမယ့် ပြောင်းလဲရေး အရွေ့တစ်ခု ဖြစ်လာဖို့အတွက် တွန်းအားပေးဖို့ လိုအပ်ပါတယ်။ အမျိုးသမီးတွေနဲ့ LGBTQIA + တွေကို လုပ်ငန်းခွင်မှာ တန်းတူအခွင့်အရေးပေးပြီး အောင်မြင်မှုနဲ့ ထိုက်တန်ကြောင်း ပြောကြားပေးဖို့ လိုပါတယ်။

## အကယ်၍ အလုပ်ခန့်သူ အလုပ် ပိုင်ရှင်ဖြစ်ခဲ့ရင်

ကိုယ်ပိုင်အလုပ်မှာ ဂျန်ဒါ အခြေပြုခွဲခြားဆက်ဆံရေး၊ လိင်ထိပါးနှောင့်ယှက်မှုတွေ အတွက် အသိပညာပေးဖို့ လိုအပ်ပါလိမ့်မယ်။ဒီလိုသင်ကြားပေးမှုဟာ အစမှာ သက်တောင့်သက်သာ မဖြစ်နိုင်ပေမယ့် မတူညီကွဲပြားမှုတွေ နည်းပါးပြီး လုံခြုံတဲ့ လုပ်ငန်းခွင် ဖြစ်လာစေဖို့ အရွေ့ ကောင်းတစ်ခု ဖြစ်စေနိုင်ပါတယ်။

## အကယ်၍ လူနည်းစု အမျိုးသမီး ၊ LGBTQIA +ဖြစ်ခဲ့ရင်

လူနည်းစု အမျိုးသမီးက သင်ဖြစ်ခဲ့ရင်တော့ စိတ်ကူးစိတ်သန်းတွေကို အကောင်အထည် ဖော်ပြီး

ရဲရဲဝံ့ဝံ့ရှင်သန်ပါ။ စိန်ခေါ်မှုတွေကို ရင်ဆိုင်ဖို့ရာ ခွဲခြားဆက်ဆံမှုတွေရှိရင်မှတ်တမ်းတင်ပါ ၊ စာရင်းကောက်ယူပါ ၊ စီမံခန့်ခွဲပေးတဲ့ ပရိုဂရမ်တွေကို တတ်ပါ ၊ ကိုယ့်ပုံရိပ်၊ အောင်မြင်မှုကို တည်ဆောက်ကြဖို့ အကြံပြုချင်ပါတယ်။

## ဦးဆောင်သူအဖြစ် ရှင်သန်ပါ

ဂျန်ဒါ ၊ အသက်၊ လူမျိုး၊ အသားအရောင်၊ လိင်စိတ်တိမ်းညွတ်မှုကြောင့်ရယ် မဟုတ်ဘဲ အမျိုးသမီးနဲ့ LGBTQIA+ တွေဟာ စွမ်းဆောင်နိုင်သူတွေဖြစ်ကြပါတယ်။ လုပ်ငန်းခွင်မှာ ခွဲခြားမှုမပြုကြဘဲ မတူကွဲပြားဖြစ်တည်မှုတွေဟာ သာမန်ဖြစ်လာပြီး အားလုံးပါဝင်နိုင်ဖို့ကို အကူအညီပြုသင့်ပါတယ်။ အမျိုးသမီးတွေနဲ့ LGBTQIA+တွေကို နောက်ပြန်ဆွဲသူတွေထဲက ကိုယ်တိုင်တစ်ယောက်အပါအဝင် မဖြစ်စေဖို့ တိုက်တွန်းနှိုးဆော်ပါရစေ။

နွေးယုလှိုင်

# စစ်ကြောရေးငရဲခန်းမှ ရှင်သန်လွတ်မြောက်လာသူ

နွေ

⚠️⚠️⚠️

“စစ်ကြောရေးတလျှောက်လုံး နည်းမျိုးစုံနဲ့ နှိပ်စက်ခံရတယ်။ မိန်းမကိုယ်ကို မီးနဲ့ရှို့တယ်။ အုန်းဆံကြိုးပေါ် ခွထိုင်ခိုင်းပြီး ပေါင်နှစ်ဖက်စုပြီး ဆွဲချတယ်။ အဲ့လိုအရက်စက်ဆုံးနည်းတွေနဲ့ နှိပ်စက်ခံခဲ့ရတာ။”လို့ ပြောပြလာသူကတော့ စစ်ကြောရေး မှာ တစ်လကျော်ကြာဖြတ်သန်းခဲ့ရတဲ့ ဘေ့ဘေဖြစ်ပါတယ်။

ရင်ထဲကလှိုက်နာတာကို မအော်ခဲ့ပါဘူး…။ ဘာလို့ဆို နာတာကို မခံနိုင်လို့အော်ရင် စစ်သားတွေက နှုတ်နဲ့မုဒိမ်းကျင့်သလို နာနေသူကို လက်ညိုးထိုးဝိုင်းရယ်တာတွေက သူ့ကိုပိုနာကျင်စေလို့ပါလို့ သူက ရှင်းပြပါတယ်။

အသက် ၂၀ နှစ်ဝန်းကျင်သာရှိသေးတဲ့ဘေ့ဘေ ဟာ

စစ်အာဏာရှင်ဆန့်ကျင်ရေး ဆန္ဒပြပွဲမှာ ရှေ့ဆုံးက အလံကိုင်ပြီး ပါဝင်ခဲ့တဲ့အတွက် ၂၀၂၁ ခုနှစ်၊ မေလပထမအပတ်မှာ စစ်တပ်ရဲ့ ဖမ်းဆီးထိန်းသိမ်းတာကို ခံခဲ့ရတဲ့အမျိုးသမီးတစ်ဦးပါ။

အဲဒီနေ့က ဆန္ဒပြပွဲမှာ ဘေ့ဘေအပါအဝင် အမျိုးသမီး ၃ ဦးနဲ့ အမျိုးသား နှစ်ဦးဖမ်းဆီးခံခဲ့ရပြီး သူတို့နဲ့အတူ နောက်ဆန္ဒပြ ပွဲတစ်ခုမှ အမျိုးသမီး ၃ ဦးနဲ့ အမျိုးသား ၁၀ ဦးလည်း ဖမ်းဆီးခံခဲ့ရတာဖြစ်ပါတယ်။

စစ်အာဏာသိမ်းမှုကို ဆန့်ကျင်ဆန္ဒပြတဲ့ပြည်သူတွေကို စစ်တပ်က မတရားဖမ်းဆီးပြီး လူမဆန်တဲ့နည်းတွေနဲ့ နှိပ်စက်သတ်ဖြတ်တာတွေ လုပ်နေတာပါ။ စစ်တပ်က သူတို့ကို ဆန့်ကျင်တယ်လို့ သံသယရှိသူတွေကို အမျိုးသမီး၊ အမျိုးသား၊ သက်ကြီးရွယ်အို၊ ကလေးသူငယ်လို့ မခွဲခြားဘဲ အကြမ်းဖက်နှိပ်စက်ဖမ်းဆီးနေတာဖြစ်ပါတယ်။

ဖမ်းဆီးခံရတဲ့အမျိုးသမီးတွေဆိုရင် အိမ်ထောင်သည်ဖြစ်ဖြစ် အသက်ငယ်ငယ်ကြီးကြီး သူတို့သဘောကျသူတွေကို အတူနေဖို့ နည်းမျိုးစုံနဲ့ စည်းရုံးလေ့ရှိပါတယ်။ လက်မခံတဲ့သူကို သေလောက်အောင်နှိပ်စက်ပြီး မုဒိမ်းကျင့်လေ့ ရှိတယ်လို့ ဘေ့ဘေက ပြောပါတယ်။

ဘေ့ဘေကိုယ်တိုင်လည်း ဒီအဖြစ်အပျက်တွေကို ကိုယ်တိုင်ကြုံတွေ့ခဲ့ရလို့ စစ်ကြောရေးက လွတ်မြောက်လာချိန်မှာ စိတ်နဲ့ခန္ဓာပါ အပြင်းအထန် ထိခိုက်ခံစားခဲ့ရသူပါ။

ဒီအဖြစ်အပျက်တွေဟာ ၃ နှစ်ကျော်ကြာပြီဆိုပေမယ့် ဘေ့ဘေအနေနဲ့ ခုအချိန်ထိနာကျဉ်ခံစားနေရဆဲဖြစ်လို့ ထောင်ထဲကအဖြစ်အပျက်တွေကို ပြန်ပြောနိုင်ဖို့ အချိန်များစွာယူခဲ့ရတာဖြစ်ပါတယ်။

“ကျမတို့ကို နေ့လယ် ၂ နာရီကျော်လောက်က ဖမ်းသွားတာနဲ့ ရဲစခန်းမခေါ်သွားဘဲ တခါထဲ စစ်ကြောရေးကို ခေါ်သွားတာ။ ဖမ်းမိကတည်းက ဆံပင်ဆွဲပြီး တရွတ်တိုက်ခေါ်တာ၊ ဆံပင်တွေဆို သူ့လက်ထဲအထွေးလိုက်ပါသွားတာ။ တလမ်းလုံးဆဲပြီး ခြေနဲ့ကန်လာတာ။”လို့ ဘေ့ဘေက ပြောပါတယ်။

စစ်ကြောရေးခန်းသွားတဲ့လမ်းတစ်ဝက်လောက်မှာ သူမအပါအဝင် ဖမ်းခံရသူအားလုံးရဲ့မျက်နှာကို အဝတ်တွေနဲ့ အုပ်လိုက်ပါတယ်။ ဒီတော့ ဘယ်နေရာ၊ အခန်းဘယ်နှစ်ခုဆိုတာ ဘေ့ဘေမသိခဲ့ရပါဘူး။

သူတို့ရောက်သွားတဲ့စစ်ကြောရေးစခန်းဟာ ၁၂ ပေ ပတ်လည်ကျယ်ပြီး တစ်ခန်းလုံးမဲမှောင်တိတ်ဆိတ်နေပေမယ့် အလယ်မှာ မီးဝါဝါလေး တစ်လုံးထွန်းထားပါတယ်။ ဘေ့ဘေကတော့ အတူတူဖမ်းခံရတဲ့အသက် ၃၀ အရွယ် “မလုံး”ဆိုတဲ့အမျိုးသမီးတစ်ဦးနဲ့ အတူ တစ်ခန်းထဲရိုက်နှက်စစ်ဆေးခံခဲ့ရတာဖြစ်ပါတယ်။

အခုလိုစစ်ဆေးမေးမြန်းတဲ့နေရာမှာ အမျိုးသမီးဝန်ထမ်းတစ်ဦးမှမပါသလို ဝန်ထမ်းအမျိုးသားအများစုကလည်း အရက်တွေ သောက်ထားပြီး နှိပ်စက်လေ့ရှိတယ်လို့လည်း ဘေ့ဘေက ပြောပါတယ်။

အခန်းထဲမှာ စားပွဲရှည်တစ်ခုနဲ့ ထိုင်ခုံတစ်လုံးသာရှိပြီး စားပွဲရှည်ပေါ်မှာ တူတို့ တုတ်တို့လို ပစ္စည်းတွေတင်ထားပါတယ်။ ဘေ့ဘေတို့ ဒူးထောက်ထားရတဲ့သမံတလင်းပေါ်မှာလည်း သွေးတွေ၊ အထွေးလိုက်ကျွတ်နေတဲ့ဆံပင်တွေ… ဒါတွေကိုကြည့်ပြီး စစ်ကြောရေးခေါ်လာတယ်ဆိုတာ သိရတာဖြစ်ပါတယ်။

“ရောက်တာနဲ့ ဆန္ဒပြရာမှာရိုက်ထားတဲ့ဓါတ်ပုံကို ပြပြီး ဒါနင်မလားမေးတယ်။ ပထမ ခံငြင်းတော့ ဆံပင်ဆွဲပါးရိုက်တယ်။ မျက်နှာကို လက်သီးနဲ့ထိုးတယ်။ တုတ်နဲ့ရိုက်တယ်။ အဲ့ဒါကို နာရီပေါင်း ငါးနာရီလောက်ကြာအောင် မရပ်မနားရိုက်တာ။”လို့ သူက ပြောပါတယ်။ နာလို့ ဝန်ခံပြန်ရင်လည်း “အဲ့တုန်းက ဘယ်လိုအော်ခဲ့လဲ။ အော်ပြပါအုန်းဆိုပြီး အော်ခိုင်းတယ်။ အဲ့တုန်းကအော်တာလို မဟုတ်ရင်လည်း ရိုက်တယ်။ မာန်ပါပါအော်ပြတော့လည်း သူတို့ကိုဆန့်ကျင်တယ်ဆိုပြီး ထပ်ရိုက်တယ်။ ဘာဒီမိုကရေစီ လဲ။ ဒီမိုကရေစီအော်လို့ ဘဝပျက်ရတဲ့မိန်းမတွေကို မတွေ့ဖူးဘူးလားဆိုပြီး ထပ်ခါထပ်ခါရိုက်တယ်။”

**“ဒီမိုကရေစီအော်လို့ ဘဝပျက်ရတဲ့မိန်းမတွေကို မတွေ့ဖူးဘူးလားဆိုပြီး ထပ်ခါထပ်ခါရိုက်တယ်။”**

ပထမရက် စစ်ဆေးမှုမှာ ဘေ့ဘေတို့နှစ်ဦးလုံး ခေါင်းကွဲ၊ လက်ကျိုးတာကို ဆေးမထည့်ပေးတဲ့အပြင် ထမင်းနဲ့ ရေလည်း မပေးဘူး။ ည ၁၁ နာရီလောက်မှာ စစ်ဆေးမေးမြန်းပြီးတာနဲ့ မတ်တပ်သာရပ်လို့ရတဲ့ အိမ်သာအဟောင်းထဲမှာ သူတို့အိပ်ရပါတယ်။

"နှစ်ယောက်လုံးက ကြွက်ကြောက်သူတွေ... အဲ့မှာကြွက်သိုက်မှာအိပ်ရတယ်။ နောက်ရေဆာတော့ အိမ်သာရေကို နှုတ်ခမ်းစွတ်နေရတယ်။ တစ်ညလုံးမတ်တပ်ရပ်နေရတော့ မနက်ကျ ခြေထောက်တွေရောင်ကိုင်ပြီး နာနေတယ်။ ကွေးလို့တောင် မရတော့ဘူး။ ဒါကအစပဲရှိသေးတာ နောက်ပိုင်းပိုဆိုးတယ်။"

နောက်နေ့မနက်ပိုင်းမှာ အရာရှိတစ်ဦးက လာစစ်ဆေးလို့ဆိုပြီး ကျမတို့နှစ်ယောက်ကို အမျိုးသားနှစ်ဦးက လာခေါ်ပါတယ်။

"အဲ့ဒီအရာရှိက နင်တို့တွေဘာလို့ရောက်လာလဲသိလား။ အသားမနာချင်ရင် ကောင်းကောင်းမွန်မွန်ဖြေ မဟုတ်ရင်တော့ ဒီကထွက်တာနဲ့ အသက်ပါမယ်မထင်နဲ့တဲ့။ နင်တို့အဖွဲ့မှာ ဘယ်သူဦးဆောင်လဲ။ ဘယ်နှယောက်ပါလဲ။ သူတို့ဘယ်မှာလဲ။ ဘယ်သူတွေလဲ။ အဲ့လိုတွေမေးတယ်။ ကျမကတော့ မသိဘူးဘဲ။"

အဲ့လိုမေးတဲ့အခါတိုင်း ထောင်အာဏာပိုင်တွေဟာ အမျိုးသမီးအကျဉ်းသူတွေရဲ့ မျက်နှာနားကပ်ပြီး ခန္ဓာကိုယ်ကိုကိုင်တွယ်စစ်ဆေးမေးမြန်းတာဖြစ်ပါတယ်။ ဘေ့ဘေကိုလည်း အလံကိုင်တဲ့လက်က ဒီလက်လားလို့ မေးမေးပြီးရိုက်ပါတယ်။ ဒါ့အပြင် လေးလံလွန်းတဲ့သံတိုင်တခုကို တနေကုန် အလံကိုင်သလို ကိုင်ခိုင်းတာတွေလည်းရှိတယ်လို့ ဘေ့ဘေက ပြောပါ တယ်။

"ကောင်းကောင်းမေးရင် မရဘူးလား။ ဒီမိုကရေစီတောင်းတဲ့ကောင်မတွေ လူက လက်သီးတချက်စာလောက်ရှိတာ။ အကြောတင်းချက်ကတော့ ပြိုင်ဘက်ကင်းပဲတဲ့...။

**"ဒီမိုကရေစီတောင်းတဲ့ကောင်မတွေ လူက လက်သီးတချက်စာလောက် ရှိတာ။ အကြောတင်းချက်ကတော့ ပြိုင်ဘက်ကင်းပဲတဲ့...။"**

ဒါဆိုလည်းဖြေပေးရမှာပေါ့ဆိုပြီး နောက်ပြန်ချည်ထားတဲ့ကြိုးကို ဖြေခိုင်းတယ်။ ဒူးထောက်ရက်က နေမတ်တပ်ရပ်ခိုင်းတယ်။ အဲ့မှာ ခြေထောက်တွေ၊ ဖိုက်တွေကို တုတ်နဲ့အသေလိုမ့်ရိုက်တယ်။ တခြားနေရာတွေရိုက်တာခံနိုင်ပေမယ့် ဖိုက်ကိုရိုက်ရင် ရင်ခေါင်းအောင့်သွားတဲ့အထိ မခံမရပ်နိုင်အောင် နာတယ်။ ပထမတော့ နာလို့အော်တာပေါ့။ အဲ့ဒါကို အဲ့လိုလေးအော်တာကြိုက်တယ်။ အော်ပါအုန်း။ အမလေး ငါ့အရမ်းစိတ်ပါလာပြီဆိုပြီး ဖြေနော်။ မဖြေရင် ညကျခေါ်အိပ်မယ်လို့ ပြောတယ်။ အဲ့အချိန်မှာ ကျမအရမ်းနာချင်ယောင်ဆောင်ပြီး အောက်ကိုခွေလဲ ချလိုက်တာပေါ့။"

"အဲ့တော့ နင်တော့ ခဏနားအုန်း။ နောက်တယောက် ရှေ့မှာမြင်လား။ မဖြေရင် ဘာဖြစ်မယ်ဆိုတာသိတယ်မလားလို့ မေးပါတယ်။ ဟိုအမကလည်း မသိပါဘူး။ သူများတွေ ဆန္ဒပြသွားလို့လိုက်သွားတာပါဆိုတော့ နင်က ကိုယ်လုံးလှတယ်နော်။ ရင်ဘတ်ကတော့ ပိန်လို့...ယောကျာ်းရှိလားတဲ့။"

မလုံးဟာ အာဏာမသိမ်းမီက အိမ်ထောင်ပြုဖို့စီစဉ်ဆောင်ရွက်နေတဲ့သူပါ။ လက်မထပ်ရသေးခင် အာဏာသိမ်းလိုက်တော့ စေ့စပ်ထားတဲ့အမျိုးသားနဲ့အတူ ဆန္ဒထွက်ပြရင်း နှစ်ယောက်လုံးဖမ်းဆီးခံခဲ့ရတာ ဖြစ်ပါတယ်။ မလုံးရဲ့အမျိုးသားဟာ သပိတ်ဦးဆောင်သူတွေထဲက တစ်ယောက်ဖြစ်ပြီး စစ်တပ်အလိုရှိစာရင်းထဲမှာ ပါဝင်နေသူပါ။ ဒါ့ကြောင့် မလုံးကို အညှိုးတကြီးနဲ့ရိုက်နှက်နှိပ်စက်နေတာ ဖြစ်ပါတယ်။


စစ်မေးသူတွေကလည်း မသိဘူးငြင်းရင် ဘာဖြစ်မလဲဆိုတာ နင်တို့သိအောင် လက်တွေ့ပြမှာ...။ နင်တို့ဘယ်လောက်တောင့်ခံနိုင်မလဲဆိုတာကြည့်ရတာပေါ့လို့ ပြောပြီး အရာရှိဖြစ်သူက ပြန်သွားပါတယ်။

"သူပြန်သွားပြီး လေးနာရီလောက်ကြာတဲ့အထိ ဘယ်သူမှအခန်းထဲဝင်မလာပါဘူး။ ကျမတို့အခန်းတိတ်ဆိတ်သွားတော့မှ တခြားအခန်းတွေက နှိပ်စက်ခံရလို့ အော်တဲ့အသံတွေကြားရတာကို သတိထားမိတယ်။ မေးတဲ့အသံတော့ မကြားရဘူး။ နောက်တော့ စစ်မေးတဲ့သူတွေဝင်လာပါတယ်။ ငါတို့ ပြန်စမယ်ဆိုပြီး အရာရှိမေးသွားတာတွေကို မေးပါတယ်။ တုတ်နဲ့ရိုက်ပါတယ်။ အဲ့မှာသွား သုံး၊ လေးချောင်းလောက်ကျွတ်သွားပါတယ်။ မျက်နှာတစ်ခုလုံးလည်း ဖူးယောင်သွားတယ်။ မလုံးလည်းအတူတူပဲ။ သူကတော့ သွားမကျွတ်ဘူး။ ခြေသလုံးတွေချည်း အရိုက်ခံရတာ။ အသားတွေကွဲပြဲကုန်တယ်။ အရိုက်ခံထားရတော့ အသားတွေဆိုတာ အထိတောင်မခံနိုင်ဘူး။ မလုံးဆိုလမ်းကောင်းကောင်းမလျှောက်နိုင်လို့ ကျမကတွဲသွားရတယ်။ မဟုတ်ရင် သူတို့က ဆံပင်ကနေ၊ ဂုတ်ကနေ တရွတ်တိုက်ဆွဲခေါ်တာ။ သူတို့နှိပ်စက်ပြီးတာနဲ့ ကျမတို့ကို အိမ်သာအဟောင်းထဲ ပြန်ထည့်တယ်။ စစ်ကြောရေးတလျှောက်လုံး အိမ်သာထဲမှာ မတ်တပ်ရပ်အိပ်ရတယ်။ ဒါမဲ့ အဲ့နေ့ညတော်တော်မိုးချုပ် တော့ ဆန်ပြုတ်လိုဟာမျိုးနဲ့ချဉ်ပေါင်ကြော်လား... လာပေးလို့ နည်းနည်းတော့ စားလိုက်ရတယ်။ ရေတောင်းတော့ ဘယ်လောက် ရိုင်းသလဲဆို အိမ်သာတံခါးဖွင့်ပြီး မျက်နှာကို ရေနဲ့ပက်ပြီး တိုက်တာ။"

"၁၀ ရက်ဆက်တိုက် အဲ့လိုစစ်ဆေးရိုက်နှက်တယ်။ စစ်ဆေးနည်းကတော့ ဂျပန်လိုရော အင်္ဂလိပ်လိုရော စုံနေတာပဲ။ ရေကန်ထဲ ခေါင်းနှစ်ပြီး ဖင်ကို တုတ်နဲ့ရိုက်တယ်။ ကြိုးကြီးကြီးကို လက်နှစ်ဖက်နဲ့ကိုင်တဲ့အနေအထားအတိုင်း ပူးချည်ထားပြီး အပေါ်ကနေဆွဲတော့ လူကတွဲလောင်းအနေအထားနဲ့ သုံးနာရီလောက်နေခဲ့ရတယ်။ လက်ဖဝါးတွေ ဆိုတာ အရေပြားတောင်မရှိတော့ဘူး။ အသားနီတွေလန်လို့။ ဘာမှမကိုင်နိုင်ဘူး။ လက်မောင်းတွေလည်း ပြုတ်ထွက်ကုန်လားမှတ်ရတယ်။ တကိုယ်လုံးရစရာမရှိအောင်နာတာ။ အနာက နာတဲ့အရှိန်နဲ့ အဆင်မပြေတော့ ကျမတို့နှစ်ယောက်လုံး ဖျားတယ်။"

ဘေဘေတို့နှစ်ယောက်ဟာ တနေကုန် အစစ်ဆေးခံ၊ ရိုက်နှက်နှိပ်စက်ခံပြီးရင် အိမ်သာထဲပြန်နေလိုက်ရနဲ့ ကြာရင် ရူး သွားနိုင်လို့ သူတို့နှစ်ဦးဟာ အိမ်သာထဲရောက်တိုင်း စိတ်သက်သာရာဖြစ်မယ့် စကားလေးတွေပြောရင်း ဖြတ်သန်းခဲ့တယ်။

"နောက်ပိုင်း သူတို့နှိပ်စက်တာက ပိုဆိုးလာတယ်။ အဲ့မှာကျမတို့ မုဒိမ်းကျင့်ခံခဲ့ရတယ်။ အဲ့နေ့က ကျမတို့ကို တစ်ယောက်ချင်းခေါ်ထုတ်တာ။ အပြင်မှာဘာအဆင်မပြေဖြစ်လာလဲတော့ မသိဘူး။ အရာရှိက ရောက်တာနဲ့ ကောင်းကောင်းမေးတာ မဖြေဘူး။ ကဲ .. ရိုက်စမ်းဆိုပြီး တစ်ယောက်ကိုရိုက်ခိုင်းတယ်။ ကျမအောက်မှာလိမ့်နေအောင် အရိုက်ခံရတယ်။ ပြီးတော့ စစ်ဖိနပ်နဲ့ မျက်နှာ၊ ကျောတွေကို တက်နင်းတယ်။ အဲဒါနဲ့ အားမရသေးဘူး။ သူတို့ပစ္စည်းတွေတင်ထားတဲ့ စားပွဲပေါ်ကို ကျမကို မှောက်တင်လိုက်တယ်။ အဲ့မှာလည်း နံပါတ်တုတ်လိုဟာနဲ့ ထပ်ရိုက်တယ်။ နင်တို့ ကလေးမွေးဖို့လောက်တန်တဲ့ မိန်းမတွေက ဘာနိုင်ငံရေးလုပ်နေတာလဲ...။ နင်တို့ဘာလုပ်သင့်တယ်ဆိုတာပြမယ်ဆိုပြီး ကျမကို ဆွဲလှန်ပြီးတော့ ကျမရဲ့ အဝတ်တွေကို အကုန်ဆွဲဖြဲတယ်။ ရုန်းမရအောင် ကျမခေါင်းပါမကျန် လက်ခြေတွေကို တခြားသူတွေက ကိုင်ဆွဲ ချုပ်ထားတာပါ။ အဲ့မှာ ကျမရဲ့ရင်သားတွေနဲ့ မိန်းမကိုယ်ကို ပယ်ပယ်နယ်နယ်ကိုင်တယ်။ နောက် သူ့လက်နဲ့ မိန်းမကိုယ်ထဲထိုးသွင်းပြီး မုဒိမ်းကျင့်တယ်။ အဲ့မှာကျမအရမ်းနာတော့ ပြန်ဆဲတာပေါ့။ နောက်ပိုင်း ကျမ မဆဲနိုင်တော့ဘူး။ မျက်ရည်ကျရုံအပြင်မတတ်နိုင်ခဲ့ဘူး။ အဲ့မှာကျမသတိလစ်သွားတယ်။ သတိပြန်ရတော့ စစ်ကြောရေး အခန်းထဲမှာ မလုံးလည်း ရှိတယ်။ ကျမတို့နှစ်ယောက်လုံးအဲ့အခန်းထဲမှာခွေခွေလေး။ တယောက်လက်တယောက်ကိုင်ပြီး



နှစ်သိမ့်ခဲ့တယ်။ ကျမ အင်္ကျီတွေပြဲသွားတော့ ဝတ်စုံတစ်စုံလာပေးတယ်။ အဲ့ဒီအခန်းထဲမှာ တစ်ပတ်လောက်နေခဲ့ရတယ်။ လက်သီးဆုပ်လောက် ထမင်းနဲ့ ရေတော့ပေးတယ်။ တစ်နေ့တစ်ကြိမ်ပဲစားရတယ်။ ဒီတစ်ပတ်လုံးလည်း မရိုက်ဘူးမထင်နဲ့။ ပါးရိုက်လိုက်၊ လက်လိမ်ချိုးလိုက်နဲ့ နှိပ်စက်သေးတာ။ ကျမက သူတို့မေးတာကို မသိလို့ မသိဘူးပြောတာ။ ကျမတို့က ဘာဖြေရမှာလဲသူတို့ကို ပြန်ပြောတော့ အေး.. နင်အား ဖြည့်ထားအုန်းတဲ့။”

တပတ်လောက်ကြာပြီးတော့ နောက်နေ့မှာ အိမ်သာထဲပြန်အိပ်ရတယ်။ ဒါပေမဲ့ စစ်ဆေးတာကိုတော့ ည (၁) နာရီလောက် လာခေါ်ပြီး စစ်ဆေးတယ်။ အဲ့မှာအိပ်ရေးလည်းမဝ၊ ထမင်းလည်း ကောင်းကောင်းမစားရ၊ နေရတော့လည်း အမှိုက်ပုံလို နေရာမှာ နေခဲ့ရတာဖြစ်ပါတယ်။

“နင်တို့က ဒီကထွက်တာနဲ့ ပုန်ကန်အုန်းမယ့်သူတွေဆိုတော့ ငါတို့ကလုပ်ပြရတယ်တဲ့။ ဒီတခါတော့ လက်နှစ်ဖက်ကို ကြိုးနဲ့ချည်ထားပြီး အောက်က ခြေဖျားထိရုံလောက်လေးဆွဲတင်ထားတယ်။ ပြီးတော့မှ ဘယ်မှမရိုက်ဘူး။ ဗိုက်ကိုအသေလိမ့် ရိုက်တာ။ နှစ်ယောက်လုံးကို တပြိုင်ထဲအမျိုးသားသုံးဦးက တစ်ယောက်တလှည့်ရိုက်တယ်။ အဲ့မှာမလုံးက သွေးတွေဆင်းလာလို့ ကြိုးကိုဖြေလိုက်တာတော့ ကျမတွေ့လိုက်တယ်။ နောက်ပိုင်းကျမလည်း သတိလစ်သွားလို့ မသိတော့ဘူး။ သတိရလာတော့ ကျမတို့နှစ်ယောက်လုံး ဘယ်သူ့သွေးလဲတော့မသိတဲ့... သွေးအိုင်ထဲမှာ။ အဲ့မှာအမျိုးသားတယောက်က ပုံးနဲ့ အဝတ်တစ်ခုပေးပြီး ကိုယ့်သွေးတွေကိုယ်သုတ်ဆိုပြီး လာပေးတယ်။ ကျမတို့နှစ်ယောက်လုံးမထနိုင်လို့ သူတို့ခိုင်းတာလည်း မလုပ်ပါဘူး။ အဲ့ကနေ အိမ်သာထဲမသွားရတော့ဘဲ ပြစ်ဒဏ်တိုက်လိုအခန်းကျဉ်းထဲမှာနေရတယ်။ တစ်နေ့ကို တစ်ကြိမ်တော့ စားရတယ်။ ရေတစ်ခါသောက်ရတယ်။ အလေးသွားဘာညာလည်း အဲ့မှာပဲလုပ်ရတယ်။ အခန်းက လူမရှိပေမယ့် သေချာ ဆေးထားတာမဟုတ်တော့ ညစ်ပတ်နံစော်နေတာပဲ။ ပျို့တောင် ပျို့တယ်။ အောက်မှာလှဲဖို့တောင် မသတီစရာ။ အဲ့တိုက်ကို ပိတ်ရင်းနဲ့ ဆေးကုဖို့လိုရင် ငါတို့မေးတာဖြေမှရမယ်။ မဟုတ်ရင် နင်တို့ထိုက်နဲ့ နင်တို့ကံတဲ့...။ မလုံးကတော့ သူသေချင် သေပါစေတဲ့။ ဆေးမကုခိုင်းနဲ့တဲ့။ ပထမတော့ ကျမတို့မထနိုင်လို့ နံရံမှီပြီး ခွေခွေလေးနေတယ်။ သုံးရက်ရှိလာတော့ မနေ နိုင်တော့ဘူး။ ခြေထောက်တွေလည်းနာ လူလည်းမလုပ်နိုင်တော့ဘူး။ ပိုနာလာတယ်လို့ခံစားရတယ်။

**မလုံးကလည်း သုံးရက်တခါ ငါးရက်တခါလောက်သွေးတွေ ဆင်းတယ်။ အဲ့ဒါတွေလာသန့်ရှင်းမပေးတော့ အဲ့အတိုင်းနေရတယ်။**

နောက်တော့ မဖြစ်ဘူးဆိုပြီး လမ်းထလျှောက်ဖို့ကြိုးစားရတယ်။ လမ်းမလျှောက်ရင် ခြေထောက်တွေပုပ်လာတော့မယ်ဆိုတော့ မလုံးကို တွဲထူပြီး အခန်းဟိုဘက် ဒီဘက် လမ်းလျှောက်ကြတယ်။

အဲ့ဒါဆို ခြေလှမ်းသုံးလှမ်းလောက်ရတယ်လေ။ အဲ့ဒီ အခြေအနေမှာတောင် နေ့တိုင်းအဆဲခံရတယ်။ ဝင်လာပြီး မျက်နှာကို ခြေထောက်နဲ့ကန်တယ်။ လက်ချောင်းတွေ၊ ခြေချောင်းလေးတွေကို ပုလင်းနဲ့ကြိတ်တယ်။ အဲ့လိုတွေ နှိပ်စက်ခံခဲ့ရတာ။”

ဒီအခြေအနေနဲ့ ဘေ့ဘေတို့ဟာ (၁၀) ရက်ကျော်နေခဲ့ရပါတယ်။ အစားတစ်လုတ် တုတ်တစ်ချက်နဲ့ နေခဲ့ရတဲ့သူတို့ဘဝဟာ ငရဲခန်းအလားပါပဲ။ ဒီထက်ဆိုးတဲ့အခြေအနေကတော့ မိန်းမကိုယ်ကို မီးရှို့တာ၊ အုန်းဆံကြိုးပေါ် ခွထိုင်ခိုင်းပြီး ပေါင်နှစ်ဖက်စုပြီး ဆွဲချတာတွေက အဆိုးဝါးဆုံးနှိပ်စက်မှုတွေဖြစ်ပါတယ်။

“အဲ့ဒီနေ့ကလည်း တယောက်ချင်းခေါ်ထုတ်တာ။ အရင်ဆုံး မလုံးသွားရတယ်။ အဲ့နေ့ကထိက မလုံးအခန်းကို ပြန်ရောက် မလာတော့ဘူး။ ဘယ်လိုဖြစ်သွားတယ်ဆိုတာ ကျမလည်း မသိရဘူး။ နောက်နေ့ကျမကို လာခေါ်တယ်။ သူတို့မေးနေကြအတိုင်းမေးပါတယ်။ အဖွဲ့ကို ဘယ်သူဦးဆောင်လဲ။ ဘာလဲပေါ့။ ကျမမသိလို့ မသိဘူးဖြေတာပါ။ ကျမတကယ် မသိပါဘူး ဆိုတော့ ရတယ်ဆိုပြီး ကျမကိုရေချိုးပြီးရင် ဝတ်တဲ့ပတ်ဝတ်လို့ရတဲ့အကျီလိုဟာမျိုး ပြောင်းဝတ်ခိုင်းတယ်။ ပြီးတော့ ရင် ခေါင်းလောက်မြင့်တဲ့ကြိုးတန်းပေါ်ထိုင်ခိုင်းတယ်။ အောက်ပြုတ်မကျအောင် အပေါ်က ကြိုးတချောင်းကို ကိုင်ထားရတယ်။ ထိုင်ထားတဲ့ကြိုးက အုန်းဆံကြိုးလိုအမာ ကြမ်းကြမ်းကြီး။ အောက်က လူနှစ်ယောက်က ကျမခြေထောက်တွေ ပေါင်တွေ ကိုင်ပြီး ဒလိမ့်တုံးလို ဆွဲခေါ်သွားတာ။ ဘယ်လောက်နာမလဲစဉ်းစားကြည့်ပါ။ အဲလိုနာတာကို သတိလစ်မတတ်ခံခဲ့ရတယ် ပုံမှန်ဆို သူတို့သုံးကြိမ်လောက်ဆွဲတယ်ပြောတယ်။ အဲ့မှာကျမက သတိလစ်မလိုဖြစ်သွားလို့ ဆက်မဆွဲတော့ဘဲ တိုက်ဆီ ပြန်ပို့တယ်။ နောက်နေ့လာမခေါ်ဘူး။ နောက်ရက်ကျတော့ လာခေါ်တယ်။ အဲ့ဒီအချိန်ထိ ကျမလမ်းမလျှောက်နိုင်သေးဘူး အဲ့မှာသူတို့က ထိုင်ခုံတခုပေါ်မှာထိုင်ခိုင်းပြီး ခါးကနေ အပေါ်ပိုင်းတခုလုံး ကြိုးချည်ထားတယ်။ အဲ့မှာလူတယောက်က ထပ်မေးမယ်။ ငါတို့သတင်းရထားပြီးပြီ။

နင်ဘာတွေလုပ်တယ်ဆိုတာ။ နောက်ပြောသေးတယ်။ နင်တို့က တိုင်းပြည်ကို ဖျက်စီး တဲ့မိန်းမတွေတဲ့။ လူတွေအေးအေးမနေရအောင်လုပ်တယ်။ တိုင်းပြည်ငတ်ပြတ်ဆင်းရဲနေတာ နင်တို့လိုမိန်းမတွေကြောင့်တဲ့…။ အဲ့လိုပြောပြီး ကျမပေါင်နှစ်ဖက်ကို ဖြဲပြီး ရေနံဆီမီးခွက်လို မီးခွက်နဲ့ မိန်းမကိုယ်ကို မီးရှို့တယ်။ ရုန်းမရအောင် ကြိုးနဲ့ချည်ထားတာတောင် ရုန်းလို့ခုံက ရမ်းခါနေတာ။ အရင်နေ့က အနာကလည်းမကျက်သေးဘူး။ အခုတခါထပ်မီးရှို့ခံရတော့ နာတာက ပြောစရာစကားကိုမရှိတော့တာပါ။ နောက်နေ့တွေမှာလည်း စစ်ဖိနပ်နဲ့ ဗိုက်ကို အကန်ခံရလို့ ခုထိသားအိမ်က ပြန်မကောင်းတော့ဘူး။ အစပိုင်းမှာတော့ နာလို့ငိုလို့ မျက်ရည်ကျတယ်ပေါ့။ နောက်ပိုင်းတော့ မငိုဘဲနဲ့မျက်ရည်ကျတာ။ နာတာတွေကို ကြိတ်ခံခဲ့ရတော့လေ။”

**စစ်ဖိနပ်နဲ့ ဗိုက်ကို အကန်ခံရလို့ ခုထိသားအိမ်က ပြန်မကောင်းတော့ဘူး။**

“နောက်ပိုင်းတော့ ကျမဆီက ဘယ်လိုအဖြေမျိုးမှမရတော့ ကျမပြောတာမှန်လောက်တယ်လို့ထင်သွားပုံရတယ်။ ကျမက အဲ့နေ့က အလံကိုင်တဲ့သူငယ်ချင်းက အကူအညီတောင်းလို့ ကိုင်ပေးတာပါ။ နောက်ရက်တွေမကိုင်ရပါဘူး။ သူတို့အဖွဲ့လည်း မသိပါဘူးဆိုတဲ့အဖြေတခုထဲ ပေးခဲ့တာပါ။ တကယ်လည်း ကျမမသိပါဘူး။ ကျမက တကိုယ်တော်ဆန္ဒလိုက်ပြတဲ့ သူသပ်သပ်ပါပဲ။ ကျမသဘောက ပြည်သူတစ်ယောက်အနေနဲ့ လုပ်သင့်တဲ့ကိစ္စတစ်ခုကို မလုပ်လိုက်ရလို့ဆိုပြီး နောင်တမရချင်လို့ပါ။ အခုလိုနှိပ်စက်ခံရလည်း ကျမလုပ်ခဲ့တဲ့တော်လှန်ရေးအပေါ် နောင်တမရပါဘူး။ နှိပ်စက်ခံနေရတာကိုလည်း မကြောက်ပါဘူး။ ဘာလို့လဲဆိုတော့ တော်လှန်ရေးလုပ်ရင်းကိုယ့်မျက်စိရှေ့မှာ အပြစ်မဲ့ပစ်သတ်ခံရတာတွေ၊

မတရားနှိပ်စက်လွန်ပြီး သေသွားတာတွေ၊ ကလေးလူကြီးမခွဲဘဲ သတ်ဖြတ်နေတာကို ကြားသိမြင်ရတော့ ငါလုပ်တာမှန်တယ်လို့ပဲ ခံယူထားပါတယ်။ အဲ့နောက် သူတို့က ကျမကို ခံဝန်နဲ့ပြန်လွတ်ပေးလိုက်လို့ လွတ်လာခဲ့တာ ပေါ့။”

တော်လှန်ရေးလုပ်ကတည်းက အခုလိုတွေ ကြုံတွေ့ရရင် ဘယ်လိုရင်ဆိုင်မလဲလို့ အကြိမ်ကြိမ်အခါခါ တွေးကြည့်ထားပြီး ဘယ်လိုရင်ဆိုင်မယ်လို့လည်း ပြင်ဆင်ထားခဲ့ပေမယ့် တကယ့်လက်တွေ့ရင်ဆိုင်ရတဲ့အခါ နာကျင်မှုကို သည်းခံနိုင်ဖို့ဆို တာပြင်ဆင်ထား သလိုမဟုတ်ခဲ့ဘူးလို့လည်း ဘေ့ဘေက ပြောပါတယ်။

လက်ရှိမှာ ဘေ့ဘေဟာ စိတ်ခန္ဓာအနာတရတွေကို ကုစားနေရဆဲဖြစ်ပေမယ့် တဖက်မှာလည်း တော်လှန်ရေးအတွက် လိုအပ်တဲ့ထောက်ပို့ တပ်သားတစ်ဦးအနေနဲ့ လုပ်ဆောင်နေဆဲဖြစ်ပါတယ်။

> **အပြစ်မဲ့ပစ်သတ်ခံရတာတွေ၊ မတရားနှိပ်စက်လွန်ပြီးသေသွားတာတွေ၊ ကလေးလူကြီးမခွဲဘဲ သတ်ဖြတ်နေတာကို ကြားသိမြင်ရတော့ ငါလုပ်တာမှန်တယ်လို့ပဲ ခံယူထားပါတယ်။**

(ဤအင်တာဗျူးဆောင်းပါးတွင် ပါဝင်သူများ၏လုံခြုံရေးအရ နာမည်များပြောင်းလဲထားပြီး အကျဉ်းထောင်အမည်ကိုလည်း လျို့ဝှက်ထားပါသည်။)

# စစ်အာဏာသိမ်းမှုအောက်က နှစ်ဆဖြစ်သော အကျပ်အတည်း

မေ

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် စစ်တပ်က အာဏာသိမ်းပြီးနောက် မြန်မာပြည်တွင်းရှိ ပြည်သူလူထုသည် မတူ ညီသော အကျပ်အတည်းများကို ဆက်တိုက်ရင်ဆိုင်နေရသည်။ ထိုသို့သော အကျပ်အတည်းများတွင် သတင်း မီဒီယာလုပ်ငန်းများနှင့် ယင်းလုပ်ငန်းကို လုပ်ကိုင်နေသည့် ဂျာနယ်လစ်များလည်း အများပြည်သူထက် မလျော့ သော/ ပိုသာသော အကျပ်အတည်းများကို ရင်ဆိုင်နေရသည်။

သတင်းမီဒီယာနှင့် မီဒီယာ လုပ်ငန်း လုပ်ကိုင်သူများရင်ဆိုင်နေရသော အကျပ်အတည်းများကို ကြည့်မည် ဆိုပါက ဖမ်းဆီးသတ်ဖြတ်ခံရခြင်း၊ နှစ်ရှည် ထောင်ဒဏ်ချမှတ်ခံရခြင်း၊ ပစ်မှတ်ထားတိုက်ခိုက်ခံရခြင်းများ ကြုံတွေ့နေရ ခြင်းဖြစ်သည်။

ပြီးခဲ့သည့် မေလ ၃ ရက် ကမ္ဘာ့ သတင်းလွတ်လပ်ခွင့်နေ့၌ ထုတ်ပြန်ခဲ့သော နယ်စည်းမခြားသတင်းထောက်များ အဖွဲ့ (RSF) ၏ အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သတင်းလွတ်လပ်ခွင့် အညွှန်းကိန်းသည် နိုင်ငံပေါင်း ၁၈၀ တွင် ၁၇၁ အဆင့်တွင် ရှိနေခြင်းဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံသည် သတင်းသမားများ အသက်အန္တရာယ်ခြိမ်းခြောက်ခံရ မှုတွင် စိုးရိမ်ဖွယ်အရှိဆုံး နိုင်ငံများ စာရင်းတွင် ရှိနေခြင်းဖြစ်သည်။

စာရင်းဇယားများအရ စစ်တပ်အာဏာသိမ်းပြီးနောက် သတင်းသမား ၁၇၀ ဦးထက်မနည်း ဖမ်းဆီးခံခဲ့ရပြီး အမျိုးသမီး သတင်းသမား ၂၈ ဦးထက်မနည်း ပါရှိခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်ထိ အကျဉ်းထောင်များတွင် ဖမ်းဆီး အကျဉ်းချခံထားရသည့် သတင်းသမား ၆၀ ဦးခန့် ရှိနေဆဲဖြစ်သည်။ ထို့အပြင် စစ်အာဏာသိမ်းမှုနောက်ပိုင်း စစ်တပ်၏ ဖမ်းဆီးသတ်ဖြတ်ခြင်း အပါအဝင် ပဋိပက္ခများအတွင်း ထိခိုက်ဒဏ်ရာရသေဆုံးသွားသော သတင်းသမား ၅ ဦးထက် မနည်းရှိနေခဲ့သည်။

ယင်းအခြေအနေများသည် စစ်အာဏာသိမ်းမှုနောက်ပိုင်း သတင်းမီဒီယာအခြေအနေနှင့်သတင်းသမားများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုရေးသားခွင့် အခြေအနေ ဆိုးရွားနေသည်ကို မီးမောင်းထိုးပြနေခြင်းဖြစ်သည်။

သတင်းသမားများသည် စစ်အာဏာသိမ်းမှုကြောင့်သာ အခြေအနေဆိုးကို ရင်ဆိုင်ကြုံတွေ့နေရခြင်း မဟုတ်ပါ။ သတင်းသမားများ ကြုံတွေ့ရင်ဆိုင်နေရသည့် အခြားသော အကြောင်းအရာများလည်း ရှိနေပါသေးသည်။ ယင်း တို့မှာ အလုပ်အကိုင် မတည်မြဲခြင်း၊ ပြည်တွင်း၌ နေထိုင်ပြီး သတင်းမီဒီယာအလုပ်ကို လွတ်လပ်စွာ လုပ်ကိုင်၍ မရနိုင်ခြင်း၊ ထွက်ပြေးတိမ်းရှောင်လာသည့် နိုင်ငံများတွင်လည်း မတူညီသော အခက်အခဲများကို ရင်ဆိုင်နေရခြင်း စသည်တို့ပင်ဖြစ်သည်။




ထိုသို့သော အခက်အခဲများအား အမျိုးသား သတင်းသမားများနှင့် အမျိုးသမီး သတင်းသမားများ ထပ်တူရင်ဆိုင် နေရခြင်း ဖြစ်သော်လည်း အမျိုးသမီး သတင်းသမားများသည် အမျိုးသား သတင်းသမားများထက် အခက်အခဲကို နှစ်ဆ ပိုမိုကြုံတွေ့နေရသည်ဟု ဆိုနိုင်သည်။

ထို့သို့ ကြုံတွေ့နေရသည့် အခြေအနေများကို မြန်မာ့မီဒီယာအမျိုးသမီးများအဖွဲ့ (Myanmar Women in Media- MWiM) က ကောက်ယူထားသော စစ်တမ်း၏ တွေ့ရှိချက်များကဖော်ပြနေသည်။ စစ်တမ်းသည် မြန်မာနိုင်ငံတွင် နေထိုင်၍ မဖြစ်နိုင်သဖြင့် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်လာသည့် အမျိုးသမီးသတင်းသမားများကို ဦးတည်မေးထားခြင်းဖြစ်သလို အမျိုးသမီးသတင်းသမားများ၊ မီဒီယာသမားများ ကြုံတွေ့နေရသည့် အခက်အခဲ များကို ပြောပြနိုင်သည့် အမျိုးသား သတင်းသမားများနှင့် မီဒီယာသမားများကိုလည်း မေးမြန်း စစ်တမ်းကောက်ယူထားခြင်းဖြစ် သည်။

ထို စစ်တမ်းတွင် စစ်အာဏာသိမ်းပြီးနောက်ပိုင်း မတူညီသော အခက်အခဲများစွာကို ကြုံတွေ့နေရသည့် အမျိုးသမီးသတင်း မီဒီယာသမားများသည် လိင်ကွဲပြားမှုအပေါ် အခြေပြု၍ ခွဲခြားဆက်ဆံခံရခြင်းများ၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခံရခြင်းများကိုလည်း လုပ်ငန်းခွင်အတွင်းသာမက၊ လုပ်ငန်းခွင် ပြင်ပတွင်ပါ ကြုံတွေ့နေရသည်ဟု အမျိုးသမီးသတင်းမီဒီယာသမားများနှင့် အခြားသော LGBT အသိုက်အဝန်းကဖြေဆိုထားကြသည်။

စစ်တမ်း၏ တွေ့ရှိချက်များထဲတွင် အချို့အချက်များကို လေ့လာကြည့်လျှင် မတူညီသော လိင်ကွဲပြားမှုကြောင့် ဖိနှိပ်မှုများခံရသည်ကို ထင်ထင်ရှားရှား မြင်ရသည်။ အချက်တစ်ချက်ကို ကြည့်ပါ။

"ပဋိပက္ခဇုန်တွေက အန္တရာယ်များလို့ မသွားသင့်ဘူး။ အမျိုးသမီးတွေ အထောက်အထား မရှိတဲ့အတွက် ကွင်းဆင်းရင် မလုံခြုံဘူးလို့ ပြောတတ်ကြတယ်၊ ဒါပေမယ့် အမျိုးသားတွေ အလှည့်ကျတော့ ဒါမျိုး မပြောကြဘူး" ဟု ဖြေဆိုသူတစ်ဦး၏ ဖြေဆိုချက်ကို တွေ့ရသည်။

ယင်းသည် စစ်အာဏာသိမ်းပြီးနောက်ပိုင်း အိမ်နီးချင်းနိုင်ငံ၏ နယ်စပ်ဒေသသို့ရောက်ရှိနေသည့် အမျိုးသမီး သတင်းသမားတစ်ဦးက ၎င်း၏ အတွေ့အကြုံကို ပြောပြထားခြင်းဖြစ်သည်။ သတင်းဖြစ်ရပ်ရှိရာ ပဋိပက္ခဒေသများသို့ သွားရောက်သတင်းသွားယူရာတွင် အမျိုးသမီးသတင်းသမား၊ မီဒီယာသမားများသည် ကန့်သတ်ခံနေရသည်။ အမျိုးသမီးသတင်းသမားကိုယ်တိုင်က သွားရောက်သတင်းရယူနိုင်ပါသည်ဆိုသော်လည်း ကန့်သတ်ခံရခြင်းများ ကြုံတွေ့နေရသည်။ ဤသည်ကပင် လိင်ကွဲပြားမှုကို အခြေပြုသည့် ခွဲခြားဆက်ဆံခြင်းပင်ဖြစ်သည်။

ထို့အပြင် အမျိုးသမီးသတင်းသမား၊ အမျိုးသမီးမီဒီယာသမားများသည် လိင်ပိုင်းဆိုင်ရာအားဖြင့် မလုံခြုံသော အခြေအနေများကို ရင်ဆိုင်နေရကြောင်းလည်း ဖြေဆိုထားကြသည်။ ဥပမာအားဖြင့် ပြင်ပစားသောက်ဆိုင်များတွင် ချိန်းဆိုခြင်း၊ လိင်ပိုင်းဆိုင်ရာအတွက် တိုက်ရိုက်တောင်းဆိုခြင်း သို့မဟုတ် သွယ်ဝိုက်သော နည်းလမ်းများဖြင့် တောင်းဆိုခြင်းများကို ခံရသည်ဟု ဖြေဆိုကြသည်။ ထိုသို့ တောင်းဆိုမှုများကို လိုက်လျောခြင်း မရှိပါက အမျိုးသမီးများသည် လုပ်ငန်းခွင်၌ နေရာရရှိမှု နည်းပါးသွားပြီး ဖယ်ထုတ်ထားခံရသည်များလည်း ရှိသည်ဟု အဆိုပါ စစ်တမ်းတွင် တွေ့ရသည်။

ယင်းတို့သည် လိင်မတူညီမှုပေါ်တွင် ရရှိသော လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများနှင့် ခွဲခြားမှုများကို ဖြစ်သည်ကို အထင်အရှားတွေ့နိုင်သည်။ နောက်ထပ်အဖြစ်များသည့် ကိစ္စရပ်တစ်ခုကိုလည်း စစ်တမ်းကို ပါဝင်ဖြေဆိုသူ အ မျိုးသမီးအချို့က ယခုလို ဖြေထားသည်။

"ကျွန်မမှာ ကလေးတစ်ယောက် ရှိတယ်။ ကလေးရှိလို့ ဆိုပြီး ကျွန်မရဲ့ စီနီယာက ကျွန်မကို အလုပ်ပေးမလုပ်ဘူး။ အမေ တစ်ယောက်အနေနဲ့ ပဋိပက္ခနေရာကို မသွားသင့်ဘူးလို့သည်း သူတို့က ပြောတယ်"

"အမျိုးသမီးတွေကို မကြာခဏမေးကြတာက နင့်ကလေးနေမကောင်းရင်နင်အလုပ်လုပ်နိုင်မှာလား ဆိုတာမျိုး" ဟုလည်း စစ်တမ်းတွင် ဖြေဆိုထားချက်များကို တွေ့ရသည်။

ထို့အပြင် အမျိုးသမီးများသည် မတူညီသောပုံစံများဖြင့် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်ခံရခြင်း၊ အခြားသော ခွဲခြား ဆက်ဆံခံရခြင်းများကိုလည်း ကြုံနေရသည်။ အာဏာသိမ်းစစ်တပ်၏ ရန်ကိုလည်း ကြောက်ရသေးသည်။

"သိပ်မကြာခင်တုန်းက စစ်တပ်ရဲ့ဝါဒဖြန့် ဖေ့စ်ဘွတ်ပေ့ချ်တစ်ခုရှိတယ်။ကျွန်မရဲ့ ပုံကို အဲ့ဒီမှာတင်ပြီးတော့ ကျွန်မ တောထဲမှာ ကိုယ်ဝန်ရှိလာတယ်လို့ ရေးကြတယ်" ဟု စစ်တမ်းအား ဖြေဆိုသူ အမျိုးသမီးသတင်းသမားတစ်ဦးက ၎င်းကြုံတွေ့ရမှု အကြောင်းကို ဆိုသည်။

ယင်းသို့သော အခြေအနေများအပြင် လုပ်ငန်းခွင်တည်မြဲမှုတွင် အမျိုးသမီးများအတွက် ပို၍ခက်ခဲကြောင်း၊ အမျိုးသမီးများ၏နာမည်ကို လက်တွေ့ အမှန်တကယ်ပါဝင်စေလိုခြင်းထက် အလှူရှင်များ (မီဒီယာများကို ထောက်ပံ့ သည့် အလှူရှင်များ) အမြင်၌ အမျိုးသမီးပါသည်ဟု သိရှိစေရန် ထည့်သွင်းခြင်းများလည်း ရှိသည်ဟု ဖြေဆိုထား ချက်များတွင် တွေ့ရသည်။

ထိုစစ်တမ်းသည် နယ်စပ်နှင့် အိမ်နီးချင်းနိုင်ငံများတွင် အမျိုးသမီး သတင်းမီဒီယာသမားများ ကြုံတွေ့နေရသည့် အခြေအနေများကို မီးမောင်းထိုးပြခြင်းဖြစ်သည်။ မြန်မာပြည်တွင်း

အခြေအနေကိုလည်း စစ်တမ်းများမရှိ၍ မသိ ရသော်လည်း မတူညီသော အခက်အခဲများနှင့် ခွဲခြား ဆက်ဆံမှုများကို ကြုံတွေ့နေရမည်ဟု မှန်းဆ၍ ရနိုင်သည်။

သို့သော်လည်း ထိုသို့သော အခက်အခဲများသည် အခက်အခဲအတိုင်း၊ အကျပ်အတည်းအတိုင်း ထား ရှိသင့်သည် မဟုတ်ပေ။ အခက်အခဲ အကျပ်အတည်းများသည် ကျော်လွှားရမည်သာ ဖြစ်သည်။ ကျော်လွှားနိုင်စရာလည်း နည်းလမ်းများစွာ ရှိနေသည်။ အထူးအားဖြင့် သတိပြုသင့်သည်မှာ အမျိုးသမီးများသည် ခွဲခြားဆက်ဆံ ခံရသူများ မဖြစ်သင့်ပါ။ အမျိုးသမီးများသည် အမျိုးသားများ နည်းတူ တန်းတူ အခွင့်အရေး ရရမည် ဖြစ်သည်။ ပဋိပက္ခဇုန်များသည် အမျိုးသမီး အတွက်ရော အမျိုးသား အတွက်ပါ အန္တရာယ် များသည်။ သို့သော်လည်း အမျိုးသမီး ကိုယ်တိုင် ဆန္ဒရှိပါက လိုအပ်သော စီမံခန့်ခွဲမှုများဖြင့် သွားနိုင်ရမည် ဖြစ်သည်။ ဒါသည်ပင် တန်းတူညီမျှရေးသို့ ဦးတည် စေသည်။ သို့သော်လည်း မည်သည့် လိင်ကိုမဆို အတင်းအကြပ် ခိုင်းစေခြင်းသည် မဖြစ်သင့်ပါ။

ထို့အပြင် ကလေးမွေးဖွားပြီးနောက် ပြုစုစောင့်ရှောက်ခြင်းသည် မိဘနှစ်ပါးလုံး၏ တာဝန် ဖြစ်သည်။ ကလေးရှိသဖြင့် အမျိုးသမီးသည် လုပ်ငန်းခွင်တွင် မေးခွန်းထုတ် မခံရသင့်ပေ။ လိင်ပါး ဆိုင်ရာ ထိပါးနှောင့်ယှက်မှုသည် မည်သည့် အခြေအနေတွင်မဆို ကိုင်တွယ် ဖြေရှင်းရမည့်ကိစ္စ ဖြစ်သည်။ ခြွင်းချက်ဖြင့် ခွင့်ပြုပေးရမည့် ကိစ္စရပ် မဟုတ်။ သို့ဖြစ်၍ သတင်းခန်းများသည် လိင် ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုများအတွက် လိုအပ်သော ဆောင်ရွက်မှုများ၊ ယန္တရား/ စနစ်များကို ပြင်ဆင်ထားရန် လိုအပ်ပေသည်။ သတင်းခန်းတစ်ဦးချင်းအနေဖြင့် လုပ်ဆောင်ရန် အခက်အခဲ ရှိပါ ကလည်း မီဒီယာ အသိုက်အဝန်းအနေဖြင့် ယင်းကိစ္စများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ပြင်ဆင်ထား သင့်သည်။

စစ်တပ် အာဏာသိမ်းမှုသည် အများပြည်သူပေါ်တွင် အကျိုးသက်ရောက်မှု (အထူးသဖြင့် အနှုတ် သဘောဆောင်သည့် သက်ရောက်မှု) ရှိနေသည်ကို တွေ့ရသည်။ ထို့အတူ မီဒီယာတိုက်များနှင့် မီဒီ ယာသမားအမျိုးသမီး ၊ အမျိုးသားများ အပေါ်တွင်လည်း သက်ရောက်လျက်ရှိသည်။

ထို့ထက်ပိုသော သက်ရောက်မှုများကို အမျိုးသမီးများက ခံစားနေရသည်ကို စစ်တမ်း၏ အချက်အလက်များက ဖော်ပြနေသည်။ အမျိုးသမီးများသည် စစ်အာဏာသိမ်းမှု အကျပ်အတည်း ကြားတွင် ထပ်ဆင့် အကျပ်အတည်း ကို ရင်ဆိုင်နေရသည်။ နှစ်ဆဖြစ်သော အကျပ်အတည်း များသည် အမျိုးသမီးမီဒီယာသမားများဆီသို့ ကျရောက် နေခြင်းပင်ဖြစ်သည်။

# တော်လှန်သူအမျိုးသမီးတစ်ဦး၏ခရီးကြမ်း

**အိပိုင်**

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ

ထိုစဉ်ချိန်က သူမသည် ကိုဗစ် (Covid - 19) ကြောင့် ကျောင်းနားထားရသည့် သတ္တဗေဒ - နောက်ဆုံးနှစ် ကျောင်းသူတစ်ဦး...။
မြန်မာစစ်တပ်က မတရားအာဏာသိမ်းခံရသည့်အခါ သူမ၏ အသက်မှာ ၂၁ နှစ်... ။

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ (၁) ရက်တွင် စစ်ကောင်စီတပ်မှ အာဏာသိမ်းပြီးနောက် ထွက်ပေါ်လာသည့် လူထုလှုပ်ရှားမှုများတွင် မတရားမှုကို လက်သင့်မခံနိုင်သည့်ပြည်သူတစ်ဦးပီပီ သူမလည်း ပါဝင်ဖြစ်ခဲ့သည်။

နွေဦးတော်လှန်ရေးဟု အမည်တပ်ထားသည့် စစ်အာဏာရှင်တော်လှန်ရေးတွင်လည်း သူမကဲ့သို့သော အမျိုးသမီးများမှာ ဒီမိုကရေစီ၊ ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေးပြန်လည်ရရှိရေးတို့၌ စွမ်းစွမ်းတမံပါဝင်ဆောင်ရွက်ခြင်း၊ စစ်အာဏာသိမ်းခံရမှု သုံးနှစ်ကျော်ကြာလာပြီဖြစ်သော လက်ရှိအချိန်ကာလအထိ ပုံစံအမျိုးမျိုးနှင့် ကျရာကဏ္ဍတွင် ယခုထက်တိုင် ပါဝင်နေကြဆဲပင်ဖြစ်သည်။

အာဏာသိမ်းစစ်ကောင်စီတပ်မှ လူထုအား လက်နက်အင်အားအသုံးပြု၍ အကြမ်းဖက် ဖြိုခွင်းမှုများကို ကြုံတွေ့လာရသည့် တက္ကသိုလ် နောက်ဆုံးနှစ်ကျောင်းသူတစ်ယောက်ဖြစ်သူ မအိကစစ်အာဏာရှင်ပြုတ်ကျရေးအတွက် လက်နက်ကိုင်ခုခံ၍ တော်လှန်မှသာ ရတော့မည်ဟု တွေးတောကာ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာ (၂၇) ရက်တွင် မြန်မာနိုင်ငံတောင်ပိုင်း၊ ကရင်ပြည်နယ်၊ KNU တပ်မဟာ (၇) သို့ စစ်သင်တန်း (၇) လကြာ တက်ရောက်ခဲ့ပြီး ထောက်ပို့တပ်သားအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။



ထို့နောက် တပ်မဟာ (၇) တွင် နေစဥ်အတွင်း နေမကောင်း မကြာခဏဖြစ်၍ ဆေးမှူးနှင့်ကျန်းမာရေး အကြောင်း ဆွေးနွေးဖြစ်ခဲ့သည်။

ဆရာ "ကျမ ဇာတိကို ပြန်ပြီး ဆေးကုချင်လို့ပါ။ ဆရာ့ဆီက ခွင့်ပြုချက် တောင်းတာပါ"

ဆေးခွင့်ပြုချက်ကို သူမအနေဖြင့် လွယ်လွယ်နှင့် ရခဲ့သည်မဟုတ်ပေ...။ ခွင့်ပြုချက်ရရှိရန် ပထမ တစ်ကြိမ် သူမ၏ ဆရာအား ခွင့်တောင်းခဲ့သော်လည်း သူမ၏ ဆရာက ခွင့်မပြု။ လုံခြုံရေးနှင့် လမ်းခရီးကို စိုးရိမ်၍ တင်းတင်းကြပ်ကြပ်ပင် ငြင်းဆန်ခဲ့သည်။ ဒုတိယအကြိမ်မှသာ ဆေးခွင့်ပေး ခဲ့ခြင်း ဖြစ်လေသည်။

ဆေးခွင့်ရလျှင်ရချင်းပင် ဇွန် ၁၁ ရက် နေ့လည်၌ မြဝတီမြို့ရှိ ဟိုတယ်တစ်ခုသို့ ရောက်ရှိခဲ့ပြီး ဇာတိမြို့မှ လာရောက်ခေါ်မည့် ဖခင်ဖြစ်သူကို စောင့်ဆိုင်း၍ အဆိုပါဟိုတယ်တွင် သုံးရက်ကြာမျှ နေထိုင်ခဲ့သည်။

ဟိုတယ်တွင် နေထိုင်နေသည့်ကာလအတွင်း၌လည်း စိတ်လုံခြုံမှု မရခဲ့ပေ။ အဘယ်ကြောင့်ဆို သော် သင်တန်းဆင်းတစ်ယောက်ဖြစ်သည့် သူမအနေဖြင့် ကရင်နယ်ခြားစောင့်တပ်တို့၏ ရှောင်တခင်ဧည့်စာရင်းစစ်ဆေးမှုများကိုလည်း ရင်ဆိုင်ခဲ့ရလေသည်။

၂၀၂၂ ခုနှစ်၊ ဇွန် ၁၄ ရက်တွင် မြဝတီမြို့သို့ သူမ၏ ဖခင်ရောက်ရှိလာခဲ့ပြီးနောက် ဇာတိမြေသို့ ပြန် ရန် သားအဖနှစ်ဦး ချက်ချင်းပင် ခရီးနှင်ခဲ့ကြသည်။

လမ်းခရီးတွင် ‹ငါ့သမီးရယ်… ဖေဖေ့ကို ပစ်ပြီး ထားခဲ့ရသလား။ ဖေဖေ့မှာ သမီးတစ်ယောက်ပဲ ရှိ တာပါ› ဟု သူမ၏ အဖေက ဆိုသော်လည်း သူမနှုတ်ဆိတ်နေခဲ့ရသည်။

ထို့နောက် ဇွန် ၁၅ ရက်၊ ညနေ ၅ နာရီတွင် ဇာတိမြေသို့ ခြေချနိုင်ခဲ့သည်။

အိမ်သို့ ရောက်လျှင်ရောက်ချင်းပင် သူမ၏ ဖခင်ဖြစ်သူ ဝယ်ပေးသော လှက်ရည်ကို သောက်နေခဲ့ သည်။ ခင်ဖြစ်သူက သူမ၏ တံတောင်းကွေးမှ တက်တူးကိုမြင်ကာ "ဒီဟာက ဖျက်လို့ရလား၊ သေ ရာပါကြီးလား" ဟု မေးသော်လည်း သူမတစ်လုံးတစ်ပါဒမျှ မဖြေခဲ့။ လှက်ရည်ကိုသာ ဆက် သောက်နေခဲ့သည်။

ညဥ့်ဦးပိုင်းသို့ ရောက်သည့်အခါ မိခင်ဖြစ်သူက သူမ၏ အိပ်ရာနားသို့ရောက်လာ၍ "ဆံပင်ကို အပေါ်မှာ ဖြန့်မအိပ်နဲ့။ မကောင်းဆိုးဝါး ကပ်တတ်တယ်" ဟု ပြောသည်။

သူမလည်း မိခင်ဖြစ်သူ၏ စကားကို နားထောင်ကာ ဆံပင်သိမ်း၍ အိပ်ရာဝင်ခဲ့လေသည်။

၂၀၂၂ ခုနှစ်၊ ဇွန် ၁၆ ရက်

လာရောက်ဖမ်းဆီးစဥ်
////////////////////

"ဟဲ့ ငါ့ကို ပြောပါဦး။ တောထဲကို ဘယ်လိုများ ရောက်သွားတာလဲ"




ဖခင်နှင့် မိခင်ဖြစ်သူတို့မှာ မြို့မဈေးထဲ၌ ဆိုင်ဖွင့်ထားကြသူများဖြစ်သည်။ ခရီးပမ်းလာသဖြင့် အိမ်ရောက်သည့်နေ့မှသာ စိတ်ဒုန်းဒုန်းချ အိပ်ပျော်နိုင်သည်။ ထိုနေ့က သူမတစ်ယောက် နံနက် ၁၀ နာရီမှ အိပ်ရာထခဲ့ပြီး အိမ်ရှေ့တန်းလျားပေါ်၌ အိပ်ချင်မူးတူးနှင့်သာ ရှိနေသေးသည်။

"အိပြောပြမယ် အန်တီလေးရယ်…" ဟုပင် အစချီကာ ရှိသေး…

သူမ၏ အိမ်ဝိုင်းရှေ့သို့ ProBox အမျိုးအစားကားတစ်စီး ရပ်လာပြီး ကားပေါ်မှ အမျိုးသားသုံးဦး နှင့် အမျိုးသမီးတစ်ဦး ဆင်းလာခဲ့ကြသည်။

ကားပေါ်က ဆင်းဆင်းချင်းပင် ရှေ့ကဦးဆောင်လာသော ဒုရဲအုပ်ဟု ထင်ရသူက…

"ဒီအိမ်မှာ မအိ ရှိလား"

မရှိပါဘူး"

"ဟို တန်းလျားပေါ်မှာ ထိုင်နေတာ သူမို့လား။ မှတ်ပုံတင်ယူခဲ့ပြီး လိုက်ခဲ့ပေးပါ။"
ထို့နောက် သူမ၏ အိမ်ခြံဝန်းထဲမှာပင် သူမကို လက်ထိပ်ခတ်ခဲ့ပြီး ကားပေါ်သို့ တင်ကာ ရဲစခန်းသို့ ထွက်ခွာခဲ့ကြသည်။

ရဲစခန်းကို ရောက်ပြီ…။

ရဲစခန်းသို့ ရောက်သည်နှင့်တစ်ပြိုင်နက် လက်ထိပ်ကို ဖြုတ်ကာ အချုပ်ခန်းအတွင်းသို့ ထည့်ပြီး နောက် ရဲမေတစ်ဦးက သူမ၏ ခန္ဓာကိုယ်ကို ခေါင်းအစ ခြေအဆုံး စစ်ဆေးသည်။

အဆိုပါ ရဲမေထွက်သွားပြီးနောက် သူမ တိုးတိတ်စွာနှင့်ပင် ငိုကြွေးခဲ့သည်။ ငိုကြွေးနေစဉ် သူမ၏ အဖေ ရောက်ရှိလာသည်။

"ဖေဖေရှိနေရင် ဘာမှမဖြစ်ဘူး။ ငါ့သမီး စိတ်မပူနဲ့... ဖေဖေကြိုးစားပေးမယ်။"

"ရတယ်။ အိလွတ်ဖို့အတွက်က လမ်းမမြင်ဘူး။ ဘာပုဒ်မနဲ့ စွဲထားလဲဆိုတာလည်း မသိရသေးဘူး...။"

သူမ၏ ဖခင်မှာလည်း အချုပ်သံတိုင်ကို ကိုင်ကာ မျက်ရည်ကျလေသည်။

"ငါ့သမီးရယ်... ငါ့သမီးကို ဒီလိုမျိုး ဖေဖေမမြင်ချင်ဘူး။ အတတ်နိုင်ဆုံး ကြိုးစားပေးမယ်။ အခု အိမ်ပြန်ပြီး ငါ့သမီးလိုအပ်တာတွေကို သွားယူလိုက်ဦးမယ်။ စိတ်ဓာတ်မကျနဲ့ ငါ့သမီး...။"

ဖခင်ပြန်သွားသော်လည်း သူမ ဆက်ငိုနေခဲ့သည်။

ခဏမျှကြာသော် ဖခင်ဖြစ်သူက အဝတ်အစားတစ်စုံ၊ စောင်၊ ခေါင်းအုံးနှင့် သူမ ရွတ်ဖတ်သရဇ္ဈာယ်နေကြဖြစ်သော သရုပ်ဆောင်မင်းသား ဒေါင်း၏ လက်မှတ်ပါသည့် ဘုရားစာအုပ်တစ်အုပ် ယူလာပေးသည်။

ထိုနေ့ ညနေရောက်သောအခါ သူမကို စစ်ဆေးမေးမြန်းမှု စပါပြီ...။ သူတို့ စွဲဆိုသည့် ပုဒ်မကား ၅ဝ(ည)။ နိုင်ငံတော်က တိုက်ရိုက်တရားစွဲဆိုသည်ဟု ဆိုသည်။ သူတို့ ပြောသည့်နိုင်ငံတော်မှာ ပြည်သူများအားလုံးက တည်ဆောက်သော နိုင်ငံတော်လား၊ မတရားအုပ်ချုပ်သူလူတစ်စုက ပြဋ္ဌာန်းထားသော နိုင်ငံတော်လား ကိုမူ သူမ မေးမြန်းခွင့် မရှိပါ။

**သူတို့ ပြောသည့်နိုင်ငံတော်မှာ ပြည်သူများအားလုံးက တည်ဆောက်သော နိုင်ငံတော်လား၊ မတရားအုပ်ချုပ်သူလူတစ်စုက ပြဋ္ဌာန်းထားသော နိုင်ငံတော်လား ကိုမူ သူမ မေးမြန်းခွင့် မရှိပါ။**

၂ဝ၂၂ ခုနှစ်၊ ဇွန် ၁၇ ရက်
^^^^^^^^^^^^^^^^^^^^^^^^^^

တရားရုံးသို့ သွားရန် ဒုရဲအုပ်တစ်ယောက်က သူမကို လာခေါ်သည်။

တရားရုံးသို့ မသွားခင် ဒုရဲမှူးရုံးသို့သွား၍ သူတို့၏ စစ်ဆေးမေးမြန်းမှုကို ခံရသည်။ အဆိုပါ ရုံးတွင် သူမ၏ သူငယ်ချင်းမတစ်ဦးကို တွေ့ခဲ့ရသော်လည်း သူမနှုတ်မဆက်ခဲ့ချေ။ ထို့နောက်။ ထို့နောက် ဒုရဲအုပ်နှင့်အတူ မြို့နယ်တရားရုံးသို့ ရောက်လာခဲ့ပြီး ချုပ်ရက်ရမန်ယူခဲ့ရပြန်သည်။

ညနေသို့ ရောက်သောအခါ သူမ၏ ဖခင်က ညနေစာလာပို့ရင်း စကားပြောခဲ့ကြပြီး စွဲဆိုခံရသည့် ပုဒ်မနှင့် ရမန်ရက်ချိန်းကို ပြောပြခဲ့သည်။

အဖမ်းခံရသည့်နေ့ ဇွန် ၁၆ ရက်ညနေမှစ၍ ထွက်ပြေးခဲ့သည့် ဇူလိုင် ၉ ရက် ညနေအထိ သူမဖခင်က ထမင်းဗူးအပြင် မုန့်ပဲသရေစာများ မပြတ်ပို့ဆောင်ပေး၍ အစားအသောက်အတွက်ကား အဆင်ပြေခဲ့သည်။
ပူစရာမရှိခဲ့…။

၂၀၂၂ ခုနှစ် ဇွန် ၂၉ ရက်

ပထမ ရမန်ကြီးနေ့

သူမတစ်ယောက်တည်းကို သီးသီးခြားခွဲ၍ ရုံးထုတ်ခြင်းမဟုတ်ပေ။ မိတ္ထီလာအကျဉ်းထောင်မှ ဒေါက်ခတ်ထားသည့် နိုင်ငံရေးအကျဉ်းသားနှစ်ဦးအပါအဝင် တခြားသော ပုဒ်မများ တပ်ခံထားရသည့် အကျဉ်းသားဆယ်ယောက်ခန့်နှင့်အတူ ရုံးထုတ်ခြင်း ဖြစ်သည်။

တရားရုံးရှေ့သို့ သူမ လက်ထိပ်တန်းလန်းနှင့် ရောက်လာချိန်ဝယ် မေမေ့ကို တွေ့ရသည်။ မိခင်ဖြစ်သူ၏ ရင်တွင်း၌ဖြစ်ပျက်သမျှသော ပူဆွေးခြင်းအလုံးစုံတို့အား ငုံချင်သော်လည်း အတင်းထိန်းချုပ်ထားသော မေမေ့ မျက်ဝန်းအိမ်ရှိ မျက်ရည်ကြည်ဥတို့က သက်သေခံနေလေသည်။ မေမေ့ကိုတော့ သူမ သနားမိသည်။
"မေမေကတော့ အချုပ်ခန်းကို လာမတွေ့နဲ့။ ကောင်းတဲ့နေရာလည်း မဟုတ်ဘူး။ ခုလို တရားရုံးမှာ တွေ့တာပဲ ကောင်းပါတယ်"

တရားရုံး ပရဝုဏ်အပြင်၌ ရှိနေသော သူမ၏ မိဘနှစ်ပါးမှာကား အပူများ တောက်လောင်လျက်ရှိနေခဲ့သော်လည်း သူမမှာ အဆုံးအစွန်ထိ တွေးထားခဲ့ပြီးသား…ခဲ့ပြီဖြစ်သည်။ ရုံးထုတ်သည့်ကိစ္စများ ပြီးစီး၍ အချုပ်ခန်းသို့ ပြန်လာသည့်လမ်းတွင်လည်း သူမမျက်နှာမှာ ပူဆွေးခံစားရသည့် အခြေအနေများ မပေါ်လွင်ခဲ့ပေ။

အချုပ်ကျနေစဉ်အတွင်း အမျိုးသမီးအချုပ်ခန်း၌ သူမတစ်ယောက်သာ ရှိသည်။ အမျိုးသားအချုပ်ခန်းတွင်မူ ခြောက်ဦးခန့်ရှိနေသည်။

ရဲစခန်းတွင် အချုပ်ကျနေစဉ်အတွင်း အချုပ်ခန်းစောင့်တာဝန်ကျသည့် ရဲတပ်သားများကလည်း သူမအား နှုတ်ဖြင့် လိင်ပိုင်းဆိုင်ရာစော်ကားမှုများ ပြုလုပ်ခဲ့ကြသည်။

ရဲတပ်သားတစ်ဦး - "နင့်ကိုယ်လုံးက လှတယ်။ ဗမာဝတ်စုံဝတ်ရင် ပိုလှမှာ။ ဆံပင်ကလည်း အရှည်ကြီးပဲ။ နင်အပြင်ထွက်လာရင် ငါ နင့်ကိုယူမှာ"

သူမ - "နင့်ကို ယူစရာ အကြောင်းကို မရှိဘူး။ နင်တို့ကိုလည်း စိတ်မဝင်စားဘူး။"

ရဲတပ်သားတစ်ဦး - "မယူလည်း ဘာဖြစ်လဲ။ မုဒိမ်းကျင့်ပြီး ယူလို့ရတာပဲ။ နင် ငြင်းလို့ရမှာမှ မဟုတ်တာ။"

မ - "အောက်တန်းစားစိတ်ဓာတ်နဲ့ အောက်တန်းကျတာပဲ။ နင်တို့လက်ထဲရောက်နေလို့ ငါဘာမှမလုပ်နိုင်သေးတာ။"

ထိုသို့ နှုတ်ဖြင့်စော်ကားမှုများသာမက အချုပ်ခန်းသံတိုင်များကို ဆုတ်ကိုင်ထားလျှင်လည်း သူမ၏ လက်ဖမိုးပေါ်မှ အုပ်မိုးကာ ဆုပ်တပ်ဖမ်းခြင်းတို့ကိုလည်း ပြုမူကြသည်။

ထမင်းစား၊ ရေသောက်၊ အိပ်သည့်နေရာနှင့် အိမ်သာဟူ၍ ခွဲခြားကန့်သတ်ထားခြင်းမရှိသည့် ဆယ်ပေပတ်လည်အခန်းကျဉ်း၌ ရေချိုးလျှင်ပင် လုံခြုံမှု မရှိခဲ့။ အချုပ်ခန်းတံခါးမကြီးနှင့် ပြတင်းအသေးနှစ်ခုတို့ကို သူမတွင် ရှိထားသည့် မျက်နှာသုတ်ပုဝါ၊ လုံချည်တစ်ထည်နှင့် အင်းကျီအကျႌတို့ကို အသုံးပြု၍ မလုံ့တလုံကာကွယ်ထားသော်လည်း ကင်းကျသည့်ရဲတပ်သားအချို့၏ ချောင်းမြောင်းစောင့်ကြည့်မှုဒဏ်ကို ခံစားခဲ့ရသည်။

ထိုရဲတပ်သားများထဲတွင် သူမနှင့်အတူ ထွက်ပြေးမည့် (CDM လုပ်မည့် ရဲတပ်သား) စိုးပိုင်ကိုမှ အချုပ်ကျနေသည့် ဆယ်ရက်ကျော်ကြာ ဇွန် ၂၇ ရက်မှသာ ရင်းနှီးမှု ရခဲ့ကြသည်။ ရင်းနှီးမှု ရရှိကြပြီးနောက် ရဲတပ်သားစိုးပိုင်နှင့် သူမတို့ကို ချစ်သူ သမီးရည်းစားများကဲ့သို့ပင် တခြားသောရဲတပ်သားများက ဘေးတီးပေးခဲ့ကြသည်။

တစ်ရက်တွင်...

စိုးပိုင် - "ငါ အာဏာသိမ်းတာကို မကြိုက်ဘူး။ CDM လုပ်ဖို့ ကြိုးစားခဲ့တယ်။ ပထမတခေါက်က ကော့မြို့အထိရောက်တယ်။ အဆက်အသွယ်မရှိလို့ ပြန်လာပြီး အချုပ်ကျတယ်။ နင့်မှာ ရှိရင် ကူညီပါဦး"

သူမ - "ငါ နင့်ကို ကူညီမယ်။ မြောင်နဲ့ မြိုင်မှာ ငါ့အသိတွေရှိတယ်။ KNU တပ်မဟာ ၆ မှာလည်း ရှိတယ်။ ငါ ချိတ်ပေးမယ်။ ဖုန်းဆက်ဖို့တော့ လိုမယ်...။"

ထို့နောက် သူမ၏ အခက်အခဲတစ်ခုနှင့် ကြုံတွေ့ရပြန်သည်။ ထိုအခက်အခဲကား ဖုန်းနံပါတ်များကို များစွာ မမှတ်မိခဲ့ခြင်းပင်။ ကံကောင်းစွာဖြင့် စိတ်ထဲပေါ်လာသည့်နံပါတ်များမှာ သူမကို အထောက်အကူပြုခဲ့သည်။

တစ်ပတ်ခန့်အချိန်ယူကာ သူမ၏ အသိမိတ်ဆွေများကို ချိတ်ဆက်မိခဲ့သော်လည်း ရဲစခန်းအတွင်း၌ အချုပ်ကျနေသော သူမကို မည်သူကမျှမယုံကြည်ခဲ့ပေ။ ယုံကြည်ပေးသူအချို့ရှိခဲ့သော်လည်း ထိုဒေသ၌ တိုက်ပွဲများဖြစ်ပွားနေ၍ ဖုန်းလိုင်းခက်ခဲခဲ့ရသည်။ သူမ ချိတ်ဆက်ပေးနေသည့်အချိန်၌ အညာဒေသရှိ မြောင်နှင့် မြိုင်မြို့နယ်တို့တွင် စစ်ကောင်စီတပ်မှ စစ်ကြောင်းများစွာကို အသုံးပြု၍ ကျေးရွာများကို ဖျက်စီးကာ၊ ဒေသခံတော်လှန်ရေးတပ်ဖွဲ့များနှင့်လည်း တိုက်ပွဲများစွာ ဖြစ်ပွားနေသည့် အချိန် ဖြစ်နေလေသည်။

ထိုသို့ဖြင့် KNU တပ်မဟာ ၆ မှ အသိမိတ်ဆွေဆီသို့ အဆက်အသွယ်ပြုလုပ်ရာ ရဲတပ်သားစိုးပိုင်အား ခေါ်ဆောင်ရန် အသင့်ဖြစ်နေကြောင်း သူမ၏ မိတ်ဆွေမှ ပြောဆိုသည်။

ဇူလိုင် ၉ ရက်တွင် နေ့လည် ကင်းချိန်၌ စိုးပိုင်က သူမကို သတင်းတစ်ခု ပါးလေသည်။ ထိုသတင်းကား...

စိုးပိုင် - "နင့်ကို ဇူလိုင် ၁၀ ရက်နေ့ အကျဉ်းထောင်ပို့မယ်လို့ ငါကြားတယ်။ နင် ဒီကထွက်ပြေးမယ်ဆိုလည်း သော့ယူရတာ လွယ်တယ်။ ငါကတော့ ပြေးရင် အတူပြေးတာ ကောင်းမယ်ထင်တယ်"

သူမ - "ကျမ အဲ့လောက်သတ္တိမရှိပါဘူး။ ကိုယ့်ဘာသာပဲ အဆင်ပြေအောင်သာ CDM လုပ်ပါ။ ဟိုဘက်ရောက်ရင်လည်း မျက်နှာ မငယ်ဖို့ အာမခံပါတယ်။ ကျမ ထောင်ကျလည်း ဘာမှမဖြစ်ဘူး"

ဤကဲ့သို့ စကားများပြောဆိုပြီးနောက် ညနေ ၄ နာရီခန့်တွင် သူမဖခင်မှ ညနေစာ ထမင်းဗူးလာပို့ရာတွင်လည်း နောက်နေ့မနက်အတွက် တို့ဟူးသုပ်နှင့် လ္ဘက်ရည်ပါဆယ်ဆွဲခဲ့ရန် မှာကြားခဲ့သေးသည်။ သို့သော် သူမ မှာယူခဲ့သည့် တို့ဟူးသုပ်နှင့် လ္ဘက်ရည်တို့ကို စားသောက်ဖို့ရန် ကံပါမလာခဲ့သည်ကိုမူ သူမ မသိခဲ့ပေ။

ထို့နောက်တွင်ကား အချိန်တို့သည့် စက္ကန့်မှသည် မိနစ်၊ မိနစ်မှသည် နာရီသို့ ကူးပြောင်းကာ ည ၁၀ နာရီခန့်သို့ ရောက်ရှိခဲ့သည်။ သူ မရှိရာ အချုပ်ခန်းပြတင်းသို့ ထပ်မံ၍ စိုးပိုင်ထပ်မံရောက်ရှိလာပြီး အချုပ်မှ ထွက်ပြေးရန် မြူဆွစွယ်လေသည်။

"ကျမတို့ ပြေးမှာဆိုရင် KNU တပ်မဟာ ၆ က အကိုကို ဖုန်းဆက်ဖို့ လိုတယ်" ဟု ဆိုကာ ဖုန်းဆက်ကာ အဆက်အသွယ်လုပ်ခဲ့ကြသည်။

သူမ - "ကျမကို ထွက်ပြေးဖို့ စိုးပိုင်က ပြောနေတယ်။ ကျမ ကြောက်တယ်"

မိတ်ဆွေ - "သော့ယူရတာ လွယ်နိုင်မယ်ဆိုရင် ထွက်ခဲ့။ စွန့်စားရတာ ပျော်ဖို့ကောင်းတယ်။ ည ၂ နာရီအထိ ညီမဘက်က ဆက်သွယ်မှာကို စောင့်နေမယ်။ မဆက်သွယ်လာရင် ညီမပြေးမလာဘူးလို့ သက်မှတ်လိုက်မယ်"ဟု ပြောဆိုပြီးနောက် ဖုန်းချခဲ့ကြသည်။

ည ၁၁ နာရီခန့်တွင် သူမ စိတ်ဆုံးဖြတ်ခဲ့ပြီးနောက် တစ်ထည်တည်းရှိသော အင်းကျီ လည်ကတုံး အဖြူလေးကို လဲဝတ်လိုက်သည်။ အပေါ်မှ ဖလန်ထည်အကွက်အင်းကျီလက်ရှည်လေးကို ထပ်ဝတ်ကာ ထွက်ပြေးရန် အဆင်သင့်ဖြစ်နေခဲ့သည်။ သရုပ်ဆောင်မင်းသား ဒေါင်း၏ ဘုရားစာအုပ်၊ ကိုသျှား၏ မျှော်ငေး၊ တည်တံ့၏ စာအုပ်တို့ကို မထားခဲ့ချင်သော်လည်း ထားခဲ့ရပေတော့မည်။

နောက် ည ၁၁ နာရီခွဲတွင် စိုးပိုင်မှာ အချုပ်ခန်းတံခါးသော့ကိုယူခဲ့ပြီး နှစ်ထပ်ကာထား၍ တစ်ထပ်လျှင် သော့နှစ်လုံးဖြင့် ခတ်ထားသော နှစ်ထပ်ကာထားသည့် အချုပ်ခန်းတံခါးသော့ကို ဖွင့်လေသည်။ ကံတရား၏ မျက်နှာသာပေးမှု၊ ဘုရားသခင်၏ ကြည့်ရှုစောင့်မမှုတို့ကြောင့် ပုံမှန်အချိန်များ၌ တကျွီကျွီမြည်သည့်သံတံခါးများမှာ ယခုအခါတွင်မူ သော့လေးလုံးလုံး အသံမထွက်သည်မှာ ထူးခြားမှုပင်...။



သူမက အချုပ်ခန်းအတွင်းမှနေ၍ ရင်တထိတ်ထိတ်ဖြင့် စောင့်စားနေပြီး အပြင်မှနေ၍လည်း စိုးပိုင်က တံခါးသော့တို့ကို ဖွင့်လှစ်ပြီးနောက် အမျိုးသားအချုပ်ခန်းကို ဦးစွာကျော်ဖြတ်ကြသည်။

**ခြေသံလုံစေရန် ခြေဖျားလေးကို ထောက်ကာ၊ ကိုယ်ကို ဖော့ကာဖြင့် အသက်ပင် မရှူရဲ...။ တစ်ယောက်ယောက်များ မိသွားခဲ့လျှင်...ဟူသည့် စိတ်ဖြင့် ရင်တုန်ပန်းတုန် ရှိလှသည်။ ကျော်ဖြတ်ရာတွင်လည်း သူမမှာ ကြောက်ရွံနေ၍ အမျိုးသားအချုပ်ခန်းရှေ့တွင် ခေတ္တမျှ ထိုင်ကာ စိတ်ဆိုးဖြတ်ရသေး၏။**

ထို့နောက် နယ်ထိန်းခန်းသို့ ရောက်ရှိကြပြီး စိုးပိုင်က အရင်ဦးဆုံး ထွက်သွားသော်လည်း သူမမှာမူ နယ်ထိန်းခန်းအတွင်းရှိ ကိုယ်လုံးပေါ်မှန်ကို တချက်ကြည့်လိုက်ကာ သက်ပြင်းရှည်ကြီးချပြီးနောက် ပြေးထွက်ခဲ့လေသည်။ နယ်ထိန်းခန်း၌မူ အိပ်နေကြသည့်သူ လေးဦးခန့် ရှိသည်။

ထို့နောက် နယ်ထိန်းခန်းမှတဆင့် ရဲစခန်းဝန်း၏ အပြင်သို့ရောက်ရန် စိုးပိုင်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် သူမ လိုက်ပါခဲ့သည်။ စိုးပိုင်တွင် ကျောပိုးအိတ်တစ်လုံးပါရှိသော်လည်း သူမတွင်မူ လက်ဗလာချည်းသာ...။ ထိုကျောပိုးအိတ်အတွင်း၌ အားမရှိသည့် ဖုန်းတစ်လုံး၊ ကျည်နှစ်တောင့်နှင့် တိုလီမုတ်စများ ပါသည်။

ပထမဦးစွာ ကျော်ဖြတ်ရသည်ကား ခြောက်ပေအမြင့်ရှိသော ရဲစခန်းခြံစည်းရိုးပင်ဖြစ်သည်။ ယောကျ်ားသားဖြစ်သူ စိုးပိုင်မှာ လွယ်လင့်တကူပင် ခုန်ပျံကျော်လွှား၍ ခြံစည်းရိုးအပြင်သို့ ရောက်ရှိသွားသော်လည်း သူမအတွက်မူကား မလွယ်ကူခဲ့ချေ။

မအိစိတ်တွင် ထိုညသည် အခြားညများထက် ပိုနက်သယောင် ခံစားနေရလေသည်။

ခြံစည်းရိုးအတွင်းရှိ မန်ကျည်းပင်ကြီး၏ ပင်စည်ပိုင်းကို ခြေဖြင့်ကန်၍ တက်သည့်အချိန်တွင် သူမ၏ သားရေဖိနပ်မှာ ကျွတ်ကျ၍ ပြန်ရှာခဲ့ရသည်ကား ပထမဦးဆုံး ဒုက္ခပင်ဖြစ်ချေမည်။

ထိုပုံစံအတိုင်းပင် မန်ကျည်းပင်ကို ခြေဖြင့်ကန်၍ ဒုတိယအကြိမ်ကြိုးစားသည့်အခါတွင်မူ ခြံစည်းရိုးပေါ်သို့ သူမ တက်လှမ်းနိုင်သွားသည်။ သို့သော် ခြောက်ပေကွာသော ကတ္တရာလမ်းပေါ်သို့ သူမ မဆင်းရဲပေ။

"မြန်မြန် အချိန်မရှိဘူး။ ခွေးတွေဟောင်နေတယ်။ ငါတို့ မိသွားလိမ့်မယ်"

"အိုခေ ကိုစိုးပိုင်"

ခြံစည်းရိုးပေါ်မှ သူမခုန်ချပြီး ကတ္တရာလမ်းပေါ်သို့ ကျသွသည့်အခါ သူမ၏ လက်ဖဝါးနုနုတို့ တွင် ခဲလုံးသေးသေးလေးများနှင့် ဆူးညှောင့်အချို့တို့ စိုက်ဝင်ကြ၍ နာသော်လည်း မအော်ရဲ...။ နာကျင်မှုတို့ကို ကြိတ်မှိတ်ဖြေကာမေ့ကာ စိုးပိုင်နှင့်အတူ ထွက်ပြေးခဲ့သည်။

ငါတို့ လမ်းမပေါ်ရောက်လာပြီ။ ရန်ကုန်သွားမလား၊ မန္တလေးပြေးမလား ရွေးရမယ်"

"ရန်ကုန်လမ်းကို ကျမ မကျွမ်းကျင်ဘူး။ ခိုအောင်းစရာနေရာလည်း မရှိနိုင်ဘူး။ မန္တလေးဘက်ကိုတော့ ကျမ နယ်မြေကျွမ်းတယ်"

"ဒါဆိုလည်း မန္တလေးပေါ့"

ရဲစခန်းမှတဆင့် မြို့အပြင်သို့ရောက်ရှိနိုင်မည့် လမ်းများအတိုင်း ဆက်လက်ထွက်ခွာလာခဲ့ပြီး ယာခင်း၊ ပဲခင်းနှင့် နှမ်းခင်းများရှိရာ တောအစပ်သို့ ရောက်ရှိလာခဲ့ကြသည်။

သူတို့နှစ်ဦး ထွက်ပြေးလာကြသည့် အချိန်ကာလမှာ ဝါဆိုလပြည့်ခါနီးဖြစ်သည့်အတွက် လရောင်ဝိုးတဝါးမျှဖြင့် ပတ်ဝန်းကျင်ရှိ အရာအားလုံးကို မှိန်ပျပျမြင်ရသော်လည်း အရှေ့၊ အနောက်၊ တောင်၊ မြောက်အရပ်မျက်နှာများကိုလည်း သူတို့နှစ်ဦး မသိတော့ချေ။

"ငါ့မှာ ဓားပါလာတယ်။ ငါတို့ကို ဖမ်းမိလို့ကတော့ အဖမ်းတော့ မခံနိုင်ဘူး။ ကိုယ့်ဘာသာဘဲ သတ်သေမယ်" ဟု ဆိုကာ သူမကို စိုးပိုင်က သူ့တွင်ပါလာသည့် အရိုးအသွား တစ်ပေခန့်ရှိသည့် ဓားကို ထုတ်ပြသည်။

"အတတ်က်နိုင်ဆုံး မမိအောင် ကြိုးစားရမှာပဲ။ ဒီလမ်းတွေကို ကျမမှတ်မိသလောက်ရှိတယ်။ အဓိကကတော့ မိန်းလမ်းမကြီးအတိုင်းမပြေးဘဲ ယာခင်းတွေထဲကနေ ပြေးကြတာ အန္တရာယ်ကင်းနိုင်မယ်"

ယာခင်းများ၊ ဒူးအထိမြင့်တက်နေသော နှမ်းခင်းများ၊ မြတ်ပင်ရှည်များ၊ ရေမြောင်းများ၊ သွပ်ဆူးကြိုးကာထားသော ခြံစည်းရိုးများကို အားတင်းပြီး ကျော်ဖြတ်ခဲ့သည်။ ထိုသို့ ကျော်ဖြတ်ရာတွင် ခြံစည်းရိုးတိုင်တစ်ခုနှင့် ငြိကာ သူမဘောင်းဘီမှာ ပေါင်နေရာတွင် တစ်ထွာခန့်ပြဲသွားကာ ခြေချင်းဝတ်တွင် ဒဏ်ရာရခဲ့သော်လည်း သူမ ဂရုမစိုက်နိုင်အားပေ။ ခရီးတွင်ဖို့သာ အရေးကြီးနေခဲ့သည်။

ဤတွင် ပြဿနာတစ်ခုထပ်တက်ပြန်သည်။ လမ်းမဟု ထင်၍ သူတို့နှစ်ဦးဝင်သွားသော နေရာကား လူနေ ခြံဝန်းတစ်ခု ဖြစ်နေသည်။ အိမ်ပိုင်ရှင်မွေးထားသည့် ခွေးများကလည်း သူတို့နှစ်ဦးကို ထိုးဟောင်ကြရာ အိမ်ရှင်မှနိုးလာကြပြီး ဓာတ်မီးများဖြင့် ထိုးထားကြသည်။

ထိုအချိန်တွင် ခံစားရသော ကြောက်စိတ်ကိုသူမကြောက်နေသည်မှာ စကားလုံးများဖြင့် ဖော်ပြနိုင်၍ပင် မရ။

အိမ်ပိုင်ရှင် - "မင်းတို့က ဘယ်သူတွေလဲ"

စိုးပိုင် - "ကျတော်တို့က ခိုးပြေးလာကြတာပါ။ လမ်းထင်ပြီး အိမ်ဝိုင်းထဲကို ဝင်မိတာပါ။ ဘာပစ္စည်းမှ ယူမထားပါဘူး"

အိမ်ပိုင်ရှင်မှ တစ်လုံးတစ်ပါဒမျှ မပြောသော်လည်း ခွေးများက ဟောင်နေဆဲပင်။ ထိုသို့ ခွေးများဟောင်လျှင်ပင် သူမတစ်ယောက် ချွေးစေးများပျံလာ၍ ရေချိုးထားသကဲ့သို့ ဖြစ်နေသည်။

အိမ်ပိုင်ရှင် - "ဟုတ်ပြီ။ ဒါဆို သော့ဖွင့်ပေးလိုက်မယ်"

စိုးပိုင် - "ကျေးဇူးတင်ပါတယ်ဗျာ။ အမြန်လမ်းပေါ်ရောက်အောင် ဘယ်လောက်သွားရသေးလဲဗျ"

အိမ်ပိုင်ရှင် - "သိပ်မလိုတော့ဘူး။ ဒီလမ်းအတိုင်းဆက်သွားရင် ကျောက်လမ်း(အမြန်လမ်း)ပေါ် ရောက်လိမ့်မယ်" ဟု ဆိုကာ အိမ်ပိုင်ရှင်မှ သော့ဖွင့်ပေးခဲ့သည်။

ထို့နောက် အမြန်လမ်းပေါ်သို့ ရောက်ခဲ့ကြပြီး ခရိုင်ချင်းဆက်လမ်းပိုင်းရှိ တိုးဂိတ်တစ်ခုကို ကျော် ဖြတ်ပြီးနောက် လမ်းမ၏ ညာဘက်ရှိ ခြံဝန်းတစ်ခုဘေး၌ နားနေကြစဉ် ရဲတပ်သား စိုးပိုင်က သူမ ကို ပထမအကြိမ် အဓမ္မကျင့်ရန် ကြံစည်ခဲ့သည်။

"ငါတို့ ဒီချုံပုတ်ဘေးမှာ ခဏနားကြရအောင်။ မောနေပြီ"

"ရတယ်လေ။ နားကြတာပေါ့"

"ဒီမှာ ဓား။ ငါနင့်ကို မဟုတ်တာလုပ်ရင် ဒီဓားနဲ့ ငါ့ကိုထိုးလိုက်"

"ရပါတယ်။ ကျမ ယုံပါတယ်"

"ဒီချုံပုတ်က လမ်းဘေးမှာ။ ငါတို့ အောက်က ချိုင့်ထဲဆင်းရအောင်။ ပိုလုံခြုံမယ်"

စိုးပိုင်၏ အကြံပြုချက်ဖြင့် မြေနိမ့်ပိုင်းရှိ ယာခင်းထဲသို့ ဆင်းလာကြသည်။ ဓားမှာမူ စိုးပိုင်၏ ကျောပိုးအိတ်ထဲသို့ ရောက်ရှိနေပြီ ဖြစ်သည်။

ယာခင်းထဲသို့ ရောက်လျှင် မြေကန်သင်းတစ်ခုကို ခေါင်းအုံးကာ လှဲ၍ သူမအမောဖြေနေခဲ့သည်။ ထိုအချိန်တွင် သူမခန္ဓာကိုယ်ပေါ်သို့ စိုးပိုင်ရောက်လာပြီး ပထမအကြိမ်အဓမ္မပြုကျင့်ရန် ကြိုးစား တော့သည်။

"ဖယ်ပါ။ ငါ့ကို အဲ့လိုမလုပ်ပါနဲ့" ဟု ငိုယို၍ တောင်းပန်သော်လည်း စိုးပိုင်က မလွှတ်ခဲ့။

"မရတော့ဘူး။ ငါနင့်ကို အတည်တကျ ယူမှာပါ။ နင့်ထဲကို မပြီးပါဘူး" ဆိုသည့် စကားများကို တွင်တွင်ပြောကာ သူမ၏ကာမကို ရယူရန် စိုးပိုင်က ကြိုးပမ်းနေခဲ့သည်။

ယောကျ်ားတစ်ယောက်.. ၏အင်အားနှင့် မိန်းမသားတစ်ဦး၏ အင်အားမမျှတ၍ သူမလည်း ကြံရာ မရသည့်အဆုံး စိုးပိုင်၏ ဘက်ဘယ်ပုခုံးကို မလွှတ်တမ်း ကိုက်ခဲထားမှသာ စိုးပိုင်က သူမကို လွှတ် ခဲ့သည်။

"ငါ နင့်နဲ့ မန္တလေးကို ဆက်မလိုက်နိုင်တော့ဘူး။ အဖမ်းခံလိုက်တော့မယ်"

"နင် အဲ့လိုလုပ်ရင် နင့်ကို တစစီလုပ်ပစ်ကြလိမ့်မယ်။ ငါနဲ့ပဲ မန္တလေးလိုက်ခဲ့။ နင်မကောင်းပေမယ့် ငါမထားခဲ့နိုင်ဘူး"

ယင်းနောက် စကားအချေအတင်များကြပြီး ရဲတပ်သား စိုးပိုင်မှ မန္တလေးသို့ ဆက်မလိုက်နိုင် ကြောင်း ပြောလာ၍ ရဲစခန်းသို့မပြန်ရန် သူမကမူလည်း တောင်းပန်ခဲ့ရာ စိုးပိုင်မှလည်း သဘောတူ ခဲ့ပြီး ဆက်လက်၍ ထွက်ခွာလာခဲ့ကြသည်။

ရည်ရွယ်ချက်မှာ မန္တလေးဖြစ်သော်လည်း ပေတရာလမ်းမပေါ်တွင် ပြောင်ပြောင်တင်းတင်း လမ်းမလျှောက်ရဲကြရ။ စိုက်ထူထားသော ဓာတ်တိုင်များကိုကြည့်၍ လမ်းနံဘေးရှိ တောစပ်များမှသာ လျှောက်ခဲ့ကြသည်။

"ဘယ်နှစ်နာရီဘယ်လောက်ရှိပြီလဲ မသိဘူး။ ငါမောလာပြန်ပြီ။ နားမှရဦးမယ်"

"ဒို့တတွေ ပုန်းလို့ရမယ့်နေရာမရမချင်း မနားသေးနဲ့ဦး ကိုစိုးပိုင်။ မြို့ထဲဘက်မှာ ခွေးတွေ အရမ်းဟောင်နေတယ်။ ကားသံတွေလည်း ကြားနေရတယ်။ သူတို့ ရှာနေကြလောက်ပြီ"

ထိုသို့ဖြင့် နံနက် ၃ နာရီခန့်တွင် လမ်းမ၏ ညာဘက်ဘေးရှိ ခြံစည်းရိုးများကာထားသော ခြံဝန်းဘေး၌ ထပ်မံအနားယူကြရာ စိုးပိုင်မှ ဒုတိယအကြိမ် အစ္စမပြုကျင့်ရန် ကြိုးစားခဲ့ပြန်သည်။

ပုဆစ်တုတ်လျက်အနေအထားဖြင့် ထိုင်နေသော သူမကို စိုးပိုင်က တွန်းလှဲသော်လည်း မလဲခဲ့။ သူမ၏ ပြဲနေသော ဘောင်းဘီစနေရာရှိ ပေါင်သားကို လက်တစ်ဖက်ဖြင့် နှိုက်ကာ လက်တစ်ဖက်က ရင်သားတို့ကို ရှာဖွေနေသည်။

"ငါတောင်းပန်ပါတယ် ကိုစိုးပိုင်ရယ်။ ငါ့ကို ဇွတ်မလုပ်ပါနဲ့"

တောင်းပန်၍ မရသည့်အဆုံး စိုးပိုင်ကို ခြေထောက်ဖြင့် ကန်လိုက်မှသာ စိုးပိုင်နောက်လန်ကျ၍ သူမ လွတ်မြောက်ခဲ့ရသည်။

စိုးပိုင် - "ငါ ဆက်မလိုက်နိုင်တော့ဘူးဟာ"

သူမ - "မန္တလေးကို ဆက်သွားကြမယ်။ ကားတစ်စီးစီးကို တားပြီး စီးကြမယ်။ အားမလျှော့ပါနဲ့"

မိမိကို အစ္စမကျင့်ရန် နှစ်ကြိမ်တိုင်တိုင် ကြိုးစားခဲ့သူကို ဥပေက္ခာဒွေကာမပြုနိုင်သည်ကိုမှာလည်း သူမကိုယ် သူမ မတွေးနိုင်ခဲ့။

ထို့နောက် မန္တလေးမြို့ရှိရာ မြောက်ဘက်အရပ်သို့ ဦးတည်၍ လမ်းလျှောက်လာခဲ့ကြရာတွင်လည်း သူမ၏ ရင်သားများကို ရဲတပ်သား စိုးပိုင်က ထပ်မံကိုင်တွယ်ကာ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်ခဲ့ပြန်သည်။

"နင့်နို့ကလည်း ပြားနေတာပဲ။ နို့လည်း မပါဘူး"

အားမတန်၍ မာန်လျှော့ထားရသော်လည်း သူမ၏ သည်းခံနိုင်စွမ်းများ ကုန်ခမ်းနေလေပြီ။ သို့သော် သူမ ဘာမှမတတ်နိုင်ခဲ့ပေ။ အချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး အပြင်လောကသို့ ရောက်ကာမှ အသတ်ခံရမည့် အဖြစ်ကိုလည်း သူမ မလိုချင်ပေ။

ဆက်လျှောက်ခဲ့ကြပြီးနောက် လမ်းဘေးတစ်နေရာတွင် ခေတ္တထိုင်နားစဉ် စိုးပိုင်က သူ၏ ကျောပိုးအိတ်ထဲရှိ ပစ္စည်းများကို ထုတ်ပြသော်လည်း အဓိကအရေးကြီးသည့် ပိုက်ဆံမှာ ခြူးတစ်ပြားမျှပင် ပါမလာခဲ့ပေ။

သူမ - "ယူနီဖောင်းက မလိုဘဲ ဘာလို့ယူလာတာလဲ။ လိုတဲ့ ဖုန်းအားနဲ့ ပိုက်ဆံကျပါမလာဘူး။ လကုန်ပြီး ဆယ်ရက်တောင်မရှိသေးတာ" ဟု သူမစိတ်တိုစွာနှင့် ညီးညူသည်။

ထို့နောက် လမ်းမကြီးပေါ်သို့ တက်ခဲ့သော်လည်း ကားသံ၊ ဆိုင်ကယ်သံများကို ဂရုပြုကာ ဆက်လက်လျှောက်ခဲ့ကြရသည်။ ကားသံများအရမ်းနီးကပ်လာလျှင် ရင်ခုန်မှု၊ ရင်တုန်မှုတို့မှာ အမြင့်ဆုံးသို့ရောက်ရှိပြီး ပုန်းကွယ်ရာနေရာရှာရပြန်သည်။ သူမတို့ကို ကျော်ဖြတ်သွားမှသာ သက်ပြင်းချနိုင်တော့သည်။

သူမတို့နှစ်ဦး ပေတရာလမ်းမကြီးအတိုင်း ဆက်လက်လျှောက်ခဲ့ကြရာ ကျီးမနိုးခင်အချိန်ကာလ ဖြစ်သည့် အရုဏ်တက်ချိန် နံနက် ၅ နာရီခန့်တွင် လမ်းဘေးတစ်နေရာ၌ တွေ့ရသည့် အကြော်ဆိုင်သို့ဝင်ခဲ့ကြသည်။

မီးရောင်မှိန်ပျပျသာရှိသော အကြော်ဆိုင်လေးတွင် ဆိုင်ရှင်ဟုထင်ရသူက သဘောကောင်း၍ပင် တော်သေးသည်။ စိုး စိုးပိုင်ဖုန်းမှာ အားမရှိတော့၍ ဆိုင်ရှင်ဆီမှ အကူအညီတောင်းရသည်။ ထို့နောက် သူမ၏ ကရင်ပြည်နယ်၊ KNU တပ်မဟာ ၆ မှာ ရှိသည့် သူငယ်ချင်းဖြစ်သူကို ဖုန်းဆက်၍ ငွေကြေးအကူအညီတောင်းခံခဲ့သည်။

အချိန်ကား ဇူလိုင် ၁၀ ရက်၊ နံနက် ၆ နာရီ ၃၀ မိနစ်

-------------------

KNU တပ်မဟာ ၆ မှ မိတ်ဆွေ - "ညက စောင့်နေသေးတယ်။ မဆက်သွယ်လာတော့ ပြေးမလာဘူး မှတ်နေတာ။ စွန့်စားရတာ ပျော်ဖို့ကောင်းတယ်မို့လား"

သူမ - "ဟုတ်တယ်။ အခု ကျမတို့မှာ သုံးစရာပါမလာဘူး။ ပိုက်ဆံပို့ပေးပါဦး။ မန္တလေးကိုသွားဖို့ ကားခလိုတယ်။ ဟိုလူ့ဆီမှာ Wave အကောင့်ရှိတယ်"

မိတ်ဆွေ - "Wave ကနေ ငါးသောင်းပို့လိုက်မယ်။ မိုးလင်းနေပြီ။ ၇ နာရီကျော်တာနဲ့ ဆက်ထွက်တော့။ ဟိုကောင်တွေ တောနင်းပြီး ရှာနေလောက်ပြီ"

သူမ - "ဟုတ်ကဲ့။ ငွေထုတ်ပြီးတာနဲ့ ခရီးဆက်ပါ့မယ်"

ငွေထုတ်ပြီးနောက် ပေတရာလမ်းမအတိုင်း ဆက်လျှောက်ခဲ့ကြသည်။ တစ်ညလုံးမနားတမ်း လမ်းလျှောက်ရသဖြင့် သူမခြေထောက်တို့လေးလံနေပြီ ဖြစ်သည်။ ခြေချောင်းလေးများမှာလည်း ရဲတွတ်နေသည်။ သားရေဖိနပ်မှာလည်း ချောင်နေပြီ။ သို့သော် သူမ အားတင်းပြီး ခရီးဆက်နေခဲ့သည်။ လမ်းမပေါ်တွင် တွေ့သမျှကားကိုလည်း တားမရချေ။

နံနက် ၇ နာရီခွဲအရောက်တွင် မန္တလေးသို့ ထွက်ခွာမည့် ကားတစ်စီးကို တားကာ သူမတို့နှစ်ဦး လိုက်ပါစီးနင်းခဲ့ကြသည်။ ကားပေါ်သို့ရောက်လျှင် ကားဆရာကမှာ သူမကို ကားမှန်မှတဆင့် ဆက်တိုက်ကြည့်နေခဲ့သည်။ ကားခမှာ တစ်ယောက်လျှင် တစ်သောင်းကျပ်ဆို၍ သူမအံ့သြခဲ့ရသေးသည်။

မန္တလေးသို့ရောက်ခါနီး တိုးဂိတ်တစ်ခု၌လည်း အသင့်ပြင်ထားသော ရဲများကို တွေ့ရသည့်အခါတွင်လည်း သူမ၏ ကြောက်ရွံ့စိတ်ကို မျက်နှာ၌မပေါ်လွင်အောင် ထိန်းကျောင်းထားခဲ့ရသည်။ စိုးပိုင်ကား ဘေးခုံတွင် အိပ်ပျော်လျက် လိုက်ပါခဲ့သည်။

ထိုသို့ဖြင့် မန္တလေးသို့ ၂၀၂၂ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ နံနက် ၉ နာရီ တွင် မန္တလေးတံခွန်တိုင်းအဝိုင်းသို့ ရောက်ရှိခဲ့ကြပြီး၊ ဆိုင်ကယ် ကယ်ရီငှားကာ မန္တလေးဘူတာကြီးသို့ ဆက်ခဲ့ကြပြန်သည်။

ကယ်ရီစီးရာတွင်လည်း လမ်းချိုးတစ်ခုမှထွက်လာသည့် စစ်ကားတစ်စီးကြောင့် သွေးပျက်မတက် ဖြစ်ခဲ့ရသေးသည်။ CCTV ရှိနိုင်မည်ထင်၍ ဘူတာကြီးသို့သွားရာတလျှောက်တွင် ခေါင်းကိုငုံ့ကာ လိုက်ပါခဲ့သည်။.

၁၀ နာရီခန့်၌ ဘူတာကြီးသို့ရောက်သည့်အခါ စစ်သားများကိုသာ တွေ့ရသည်။ သူမ ကြောက်ရွံနေသော်လည်း မသိကျိုးကျွံပြုနေရသည်။

ထိုအချိန်၌ မီဒီယာများတွင် ရဲတပ်သားစိုးပိုင်နှင့် အချုပ်ခန်းမှ အမျိုးသမီးတစ်ဦးထွက်ပြေးသည် ဆိုသော သတင်းများ ပျံ့နှံ့ကာ စစ်ကောင်စီလက်အောက်ခံ ရဲတပ်ဖွဲ့က မန္တလေးတိုင်းတစ်ခုလုံးကို ဖြန့်ကျက်၍ ရှာနေကြပြီကို သူမ မသိခဲ့။

စိုးပိုင် - "ရထားနဲ့ ရန်ကုန်သွားကြမလား"

သူမ - "ငါမစဥ်းစားတက်သေးဘူး။ ငါ့မှာ မှတ်ပုံတင်မပါဘူး။ ဘူတာကြီးထဲမှာလည်း စစ်သားတွေ ချည်းပဲ...။ငါ... ငါ...။ ရင်မဆိုင်နိုင်ဘူး။ ငါ့အသိဆီ ဖုန်းဆက်ဦးမယ်"

ဖုန်းဆက်မည်ဆိုကာမှ ဖုန်းဘေကမရှိ၍ Mytel ဖုန်းဘေကဒ်ကို ဝယ်ယူရသေးသည်။ ထို့နောက် KNU တပ်မဟာ ၆ မှ အသိဆီကို ဖုန်းဆက်ကာ အကြံများရယူခဲ့ပြီး နောက်ထပ်ဆက်သွယ်ရမည့် စစ်ကိုင်းတိုင်းအတွင်းမှ အသိမိတ်ဆွေ၏ ဖုန်းနံပါတ်တစ်ခုကိုလည်း ရရှိခဲ့သည်။

စစ်ကိုင်းမှ မိတ်ဆွေ - "ညီမတို့ ဘယ်လိုစီစဥ်ထားကြလဲ"

သူမ - "ကျမ အခုမစီစဥ်ရသေးဘူး။ တောင်ပိုင်းကိုသွားဖို့ကပလည်း လမ်းခရီးအဆင်မပြေဘူး"

စစ်ကိုင်းမှ မိတ်ဆွေ - "ဒါဆို မန္တလေးမှာ အောင်းနေသေးတာ အဆင်ပြေမယ်။ ကျတော်လည်း မုံရွာဘက်က အသိတွေကို ချိတ်ကြည့်မယ်"

ဖုန်းချခဲ့ပြီးနောက် ဘူတာကြီးမှ ခေတ္တထွက်ခွာလာခဲ့ကာ လမ်းမကြီးအတိုင်း ဦးတည်ရာမဲ့ လျှောက်လာခဲ့ကြသည်။

စိုးပိုင် - "ငါတို့ နန်းတွင်းထဲ သွားမလား"

သူမ - "ဟ သေမှာပေါ့။ အထဲမှာ စစ်ကြောရေးရှိတယ်။ ဒီအတိုင်းဆက်လျှောက်နေလို့လည်း မဖြစ်တော့ဘူး။ လမ်းချိုးတစ်ခုထဲ ဝင်ကြမယ်" ဟု ဆိုကာ လမ်းအတွင်းသို့ ဝင်ခဲ့ကြသည်။

ထို့နောက် KNU တပ်မဟာ ၆ မှ မိတ်ဆွေ၏ ချိတ်ဆက်ပေးမှုဖြင့်
ကြိုတင်ချိတ်ဆက်ထားသည့် မန္တလေး UG အဖွဲ့တစ်ခုနှင့် တွေ့ဆုံခဲ့ကြသည်။

သူမ အချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက်ခဲ့သည်ကို သူမ နေထိုင်ရာ မြို့လေးမှ မည်သူတစ်ဦးတစ်ယောက်မျှ မယုံကြည်နိုင်ကြပေ။

ဆက်ရန်....